www.burmeseclassic.com

လွေဒေသာစာပေ

ကြယ်စင်မျှားစေ

အိပ်မက်ဦးမို့လွမ်းဆယ်နေ



www.burmeseclassic.com

(အချစ်လှုံးချင်းဝတ္ထုတွဲ)

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၃ ခု၊ မတ်လ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး – ၁၆၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅၊ ၈၃

ကြယ်စင်မျှားဝေ
အိပ်မက်ဦးမို့ လွမ်းဆယ်နေ/ ကြယ်စင်မျှားဝေ–ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၃ ။
၂၈၈ – စာ ၊ ၁၂ ၊ ၃ × ၁၈ စင်တီ။
(၁) အိပ်မက်ဦးမို့ လွမ်းဆယ်နေ

ကြယ်စင်မျှားဝေ

အိပ်မက်ဦးမို့ လွမ်းဆယ်နေ

www.burmeseclassic.com

www.burmeseclassic.com

ငါ လွမ်းမိပေါ့ကွယ်...
နွယ်ပင်ယိမ်းဖို့ စိမ်းလေသလား...
သံသရာအဆက်ဆက် အနိုင်ယူပါ...
ဟိုးအဝေးမှာ အိပ်တန်းယောက်ဂျာကတွေ...
ကမ္ဘာကြီးထဲ ဆွေးဆွေးနှင့်နှင့်...
နှင်းကလေးတွေ ဝေတော့မယ်ချစ်သူ...

ရွှေပန်းမျိ

www.burmeseclassic.com

www.burmeseclassic.com

ဩော်...လူဆိုတာလည်း မရနိုင်ပါဘူးဆိုသည့် (not for sell) ရောင်းရန်မဟုတ်ဆိုတာကိုမှ အရူးအမူးကြွေတတ်၊ အရည်မျော်တတ်ကြတာလား မောင့်ခရေပြူလေးရယ်။

ကောစ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

ကေရာဇ်။

ဆယ်တန်းတစ်နှစ်ကျ ဂျလေဗီ၊ အပေအတော်ချပ်က တော့ ချောမှချော၊ မိုက်မှမိုက်။

သည်တော့ အပေအတေမှန်း၊ ဂျလေဗီမှန်း သိလျက်နှင့် ကောင်မလေးတွေဆိုတာ ခရေတွေလို တဖြုတ်ဖြုတ်ကြေ။

ဘီယာဆိုင် ထိုင်သည်။ ဇစ်တာ တီးသည်။ အဆင် မသင့်လျှင် လူငယ်ချင်း ချိန်းရိုက်၊ ရန်ဖြစ်။ အခံစိတ်ကတော့ ကောင်းချင်သား။ အားနည်းသူဘက်မှ ကူညီချင်သည်။

သွေးကလည်း ဆူလွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လူက သူ့ဌေးသား။

လောကကြီးကို အရွဲ့တိုက်ချင်စိတ်က သူ့စိတ်နဲ့ရုံကို ပါးပါးလှပ်လှပ်လေး ဖြစ်စေ။

ဒယ်ဒီက သူ့ထက် ၃–၄ နှစ်လောက်ကြီးသည့် ငယ်ငယ် ချောချော ကောင်မ တစ်ကောင်ကို သူ ဆယ်တန်းတက်သည့် နှစ်မှာ ကောက်ယူပစ်လိုက်သည်လေ။

ဘာပြောကောင်းမလဲ။ ဇကရာဇ်တို့ ပွဲဆူသောင်းကျန်း ပြီး အပေအတေလုပ်ပြီး ဘဝကို ရွှက်လွှင့်လိုက်တာ။

ယခုတော့ ဆယ်တန်းတစ်နှစ်ကျဆိုသည့် ဂုဏ်ထူး ဆောင်တံဆိပ်ကြီးကို ရလို့။

သူမိထွေးတော် ဂေါတမီကလည်း တစ်နှစ်အတွင်း သမီး လေးတစ်ယောက် မွေးလာလေရဲ့။

ဒယ်ဒီ့ခမျာ သည်းသည်းကိုလှုပ်လို့။ အသက်လေးဆယ် ကျော်မှ ကံပေါ်လို့ ရလာသည့်သမီးလေးမို့ ဖူးဖူးမှုတ်လေ ဇကရာဇ်တို့ကလည်း အရွဲ့တိုက်လို့ကောင်းလေ။

ဘဝဟာ တကယ့်ကို သတ်ကွင်းကြီးပါပဲ။ လက်နက်ကြီး တွေနဲ့ တအုံးအုံး ပစ်ခတ်၊ ဆော်ပလော်တီးနေရတာ။

ကေရာဇ်အလုပ်က နေထွက်နေဝင် ကားထုစ်စီးနှင့် လျှောက်ပတ်နေမည်။ ကျောင်းလည်း တက်ချင်မှတက်မည်။

ကျွဲရွှင်တွေ၊ ဝိုင်းတွေလည်း သွားတာက ခပ်ရှားရှား။

သည်ကြားထဲ ညဘက်လည်း အိမ်ကိုမှန်မှန်ပြန်အိပ်ချင်မှ အိပ်တာ။

မနက်ကလည်း ဒယ်ဒီနှင့်သူ ထိပ်တိုက်တိုးခဲ့တာ။ ဒယ်ဒီ သူ့ကို မပြောရဲ၊ မဆိုရဲနှင့် အံတကြိတ်ကြိတ်။ ကြိတ်ရလွန်းလို့ သွားတွေလည်း ကြွေလုလု။

မနက်ကတော့ လက်ဖက်ရည်ဝိုင်းမှာ။

သူတို့လင်မယား အကြည်ဆိုက်၊ တစ်ယောက် တစ် ယောက် အောက်ချင်းငှက်တွေလို အစာခွံ့ကျွေးတော့မတတ် ဖြစ်နေကြတုံး။

သူက ပြုန်းခနဲဝင်သွားပြီး ကော်ဖီကို ခွက်ထဲထည့်၊ မုန့်တစ်ခုကို ကောက်ယူ၊ မတ်တတ်သောက်၊ မတ်တတ်စား သည်။

ဒယ်ဒီက မျက်မှောင်ကြီးကြုတ်ရင်း –

''ဟေ့ကောင် ... ထိုင် ထိုင်သောက်။ မင်းပုံစံက နောက်က ကျားလိုက်လာတဲ့အတိုင်းပဲ''

မိထွေးတော် ဒေါ်မူယာနွယ်စိုးကတော့ သူ့ကို ခိုးကြည့် လို့။ ရဲရဲတောင်မကြည့်ရဲ။ ကောင်းတယ်။ ကေရာဇ်ဆိုက ဒီလို ဘုန်းကြီးတာ။

www.burmeseclassic.com

www.burmeseclassic.com

ဒယ်ဒီပြောလည်း သူက မတ်တတ်ကပင် အမြန်စား၊ အမြန်သောက်ပြီး ဒယ်ဒီ့ကို မုန့်ဖိုးတောင်းလိုက်သည်။

"ဒယ်ဒီ ... သားကို ငွေနည်းနည်းလောက်ပေးပါဦး"

"မင်း ဟိုတစ်ပတ်ကတင် (၁) သိန်းပေးထားတယ် တုန်ပြီလား"

"ဒယ်ဒီ့မိန်းမ တစ်နေ့တစ်နေ့ ရှောပင်ထွက်တာ သားထက် ပိုကုန်ပါတယ်ဗျာ"

"မင်းလည်း မင်းအတွက် အသုံးဝင်တာဆို ဝယ်လေ။ ငါပေးမှာပေါ့။ ခုတော့ အရည်မရ အဖတ်မရနဲ့။ ဂျလေဗီတွေ၊ လမ်းသရဲတွေနဲ့ပေါင်းပြီး အတတ်ကောင်းတွေလုပ်နေတာ။ ဒီနေ့ရော ကျောင်းသွားဦးမှာလား။ ငါ မင်းအတန်းပိုင်ဆရာမဆီ ဖုန်းဆက်မှာ"

"သွားမှာပါ၊ ဒယ်ဒီသာ ပိုက်ဆံပေး"

"ကဲ ... ပေးလိုက်စမ်းပါ ကိုကိုရယ်"

ဒေါ်မူယာနွယ်စိုးပြောလိုက်မှ ဒယ်ဒီ ငွေထုတ်ပေးလျှင် သူ မယူတော့။ သူမာနကို ထိခိုက်သည်။ သူ နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး ထမင်းစားပွဲမှ ချာခနဲ လှည့်ထွက်ခဲ့တော့ ဒယ်ဒီ့အသံက နောက်မှထပ်ချပ်။

"ဟေ့ကောင် ... ဒီနေ့ ကျောင်းတက်ဖြစ်အောင်တက်။

ငါ့ပိုက်ဆံအိတ်ထဲက (၅) ကောင်းယူသွားလိုက်"

"မင်းကိုပြောစရာရှိသေးတယ်၊ ပြန်လာခဲ့ဦး"

သူ ငွေ (၅) သောင်းယူပြီး ထမင်းစားခန်းတံ အပေါက်ဝမှာ မခိုးမခန့်ပုံစံနှင့် ရပ်လိုက်တံ။

ဂါရဝတရားတွေ၊ နိဝါတ တရားတွေ ကောရဇ နားလည်ပါသည်။ ငယ်ငယ်က ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွေ တက်ခဲ့ဖူးထဲ့ပဲ။

ယခု ဒယ်ဒီနှင့် မိထွေးတော်ကိုတော့ သူ အဆိပ်တွေပဲ ပေးချင်သည်။ ကိုယ်ခံစား နာကျင်ရသလို သူတို့ကိုလည်း စိတ်ဒုက္ခပေးချင်သည်။

ငရဲကြီးလျှင်လည်း အဝီစိရောက်မှ ဒယ်ဒီ့ကို တောင်းပန်လိုက်မည်။

သူကို ဒယ်ဒီက –

"အိမ်မှာ နွယ်သူငယ်ချင်း ဆရာမလေး လာနေမယ်။ ဒီကို အလုပ်ကျတယ်။ နွယ်နဲ့သူငယ်ချင်းတွေမို့ ဒီမှာနေပြီး ကျောင်းတက်မယ်"

"အဲဒီတော့"

"မင်းကိုကြိုပြီး သံတော်ဦးတင်ထားရတာလေး ငါတို့ကို ဂျစ်တိုက်တာရတယ်။ မင်း ငရဲကြီးရုံအပြင် သာမှမဖြစ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ငါတို့က ခွင့်လွှတ်တယ်။ ဧည့်သည်ကိုတော့ စိတ်ဆင်းရဲအောင် မလုပ်နဲ့။ သူ့ခမျာ ဒီမြို့မှာ ငါတို့ပဲ အသိအကျွမ်းရှိတယ်"

"ဒါပဲ မဟုတ်လား"

ပြောပြီး သူ ကားသော့ကို ဝှေ့ယမ်းခါထွက်ခဲ့သည်။ ဒီနေ့လည်း ကျောင်းတက်ဖို့ စိတ်မကူး။ ကျောင်းခေါင်းကြီးမမြည့်တော့လည်း အပြင်ဖြေပေါ့။ ဘာခက်တာလိုက်လို့။ စိတ်ကို မဝင်စားတာ။

အခန်း (၂)

ရွှေပန်းချီ။

ပညာရေးတက္ကသိုလ်ဆင်းစမို့ ရုပ်ကလေး နုနုဖတ်ဖတ်။ အသက် (၂၂) ထဲဝင်ပေမယ့် သူမရုပ်က ဖြူစင်နုသစ်လွန်းသဖြင့် ဆယ်ကျော်သက်လေးတစ်ယောက်နှယ်။

သည်မြို့မှာ အသိအကျွမ်းမရှိဘူးထင်ပေမယ့် စုံစမ်းလိုက်တော့ စတိတ်မှာအတူတက်ခဲ့ကြသည့် သူငယ်ချင်းမ ရှိနေသဖြင့် ရွှေပန်းချီ ကံကောင်းရပါသည်။

ဖုန်းနံပါတ်ရသဖြင့် ဆက်သွယ်ကြည့်တော့ သူမက ဆည်း လိုလိုလားလား။ လို့က်လဲ့ဝမ်းသာလို့။

www.burmeseclassic.com

www.burmeseclassic.com

"ဝန်ခံရမှာပေါ့ ... နင်ရောကိုလာမှာ ငါအရင်းဝမ်းသာ ဆုံးတာ။ ငါတစ်ယောက်တည်း ဒီမြို့မှာ မျက်စိသူငယ်၊ နားသူငယ် နေနေရတာ။ ကိုကိုက ဂရုစိုက်ပေမယ့်"

မူယာနွယ်စိုး စကားရပ်သွားတော့ ရွှေဝန်းချီ မရရအောင် ဆက်မေးခဲ့သည်။

"ဆက်ပြောလေဟာ၊ ငါတို့ငယ်သူငယ်ချင်းတွေပဲ။ လျှို့ဝှက်ချက်တွေ မရှိကြေးပေါ့။ နင်စိတ်ဆင်းရဲစရာရှိရင်လည်း ငါ့ကိုပြော၊ ငါလည်း ရင်ဖွင့်မှာပေါ့"

ဆိုမှ သူလင်ပါသားလေး၏အကြောင်းကို မခြွင်းမချန် ပြောတော့သည်။

"ကိုကိုသားက အရင်က လိမ္မာတယ်တဲ့။ ငါ့ကိုယူလိုက်မှ အရွဲ့တိုက်၊ မကျေနပ်လို့ ဆူပူသောင်းကျန်းနေတာ။ ဒီကြားထဲ သမီးလေးမွေးလာပြီး သူဖအေက သူ့ကိုမချစ်တော့ဘူးထင်။ ပို ပိုဆိုးလာတယ်ပေါ့ဟာ"

"ဩော် ... ဒါဆို ငါနေလို့ ရပါ့မလား"

"ရပါတယ်ဟာ၊ နင်က ဆရာမပဲ။ ဒီကျားဆိုးလေးကို လိမ္မာအောင် ကျုံးသွင်းလို့ရမှာပါ။ ငါ အားကိုးပါတယ်"

"အမယ်လေး ... ငါတော့ ဒုက္ခတုံးကြီးနဲ့ မျက်နှာချင်း ဆိုင်ရတော့မယ် ထင်တယ်။ မူယာရယ် .. ငါ့ကို သေတွင်းထဲများ

ပို့ချင်နေသလား"

"ဒီလောက်မဟုတ်ပါဘူးဆို။ သူက မိသားစုအပေါ်သာ ဆိုးတာ။ သူများနဲ့ကျ"

"မကောင်းဘူးဆိုပါတော့"

ဖုန်းထဲမှာ သည်အိမ်ရဲ့အခြေအနေကို ကြိုတင်သိရှိထား ရသည်မို့ တော်သေးသည်။

ကိုယ်ကလည်း အားကိုးမရှိထာမို့ ငယ်သူငယ်ချင်း မူယာနွယ်စိုးရဲ့အိမ်မှာ တည်းဖို့ ဆုံးဖြတ်ရပေမယ့် မျက်ခုံးတော့ ခပ်လှုပ်လှုပ်။

သူပြောတဲ့ ကျားဆိုးလေးက ကိုယ့်ကိုပါ ကိုက်သတ် ငါးစားသွားမှာလား။ သူမိထွေးတော်ရဲ့ သူငယ်ချင်းမို့ မုန်တိုင်းက ရောတိုက်သွားမလား၊ အဖျားပဲခတ်မလား။

တကယ်ကျ မူယာနွယ်စိုးဟာလည်း သဘောထား အဆိုးကြီးဟုတ်ဟန်မတူပါ။ ကမ္ဘာဦးအစကတည်းက မတည့် တတ်ကြသည့် ဘက် (၂) ဘက်မှာရှိနေကြတာကြောင့်သာ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

ကားဂိတ်ကိုလာကြိုတာကြောင့် ရွှေပန်းချီ လိုက်ခဲ့ရသည်။ မူယာနွယ်စိုးက တိုက်ရှေ့မှ ကြိုဆိုနေပါ၏။

''အားလားလား''

မူယာနွယ်စိုးရဲ့ အခြေအနေက တော်တော်ကောင်းပါလား။ နှစ်ထပ်တိုက်က တော်တော်ခမ်းနားလှပပြီး ခြံနှင့်ဝင်းနှင့် ကားဂိုဒေါင်နှင့်။

နောက် ကားကလည်း ၃-၄ စီး။

ဘုရားရေ၊ ငါ တည်းလို့မှဖြစ်ပါ့မလား။

သူလင်ပါသားလေးကလည်း အပေအတေ။

ချမ်းသာလိုက်ကြတာကလည်း မနည်း။

သူကောင်လေးက ငွေဂုဏ်၊ ဓနဂုဏ်၊ ဖအေဂုဏ်တွေ မောက်နေတာပေါ့။

ရွှေပန်းချီတို့ကတော့ သာမန်လူတန်းစားကပဲ မွေးဖွားခဲ့တာပါ့။

ရွှေပုခက်မှာတင်ပြီး ရွှေနားတော်သွင်း ချေးတွေ နားထောင်ပြီး ကြီးပြင်းခဲ့ရတာမဟုတ်။

ဖေဖေနှင့်မေမေက ဝန်ထမ်း။ သူမတို့က မောင်နှမ (၃) ယောက်။ မိဘများခမျာ ဒီလိုပဲ ချို့ချို့ငဲ့ငဲ့နှင့် သားသမီး (၃) ယောက်လုံးကို ပခုံးထမ်းတင်ခဲ့တာ။

ကိုကိုက အင်ဂျင်နီယာ။ မမက သူနာပြုဆရာမ။ သူမကတော့ ပညာရေးတက္ကသိုလ်ကျောင်းဆင်း။ ယခုအလုပ်ဝင်တော့မည်။

သာမန်လူတန်းစားထက်စောင် အောက်ရောက်ချင် ရောက်နေမည့် အခြေခံ လူတန်းစားထဲကမို့ ပင်ကိုအလှတွေ ကြွယ်ဝနေရုံမှအပ သူမမှာ ဘယ်ကတန်ဆာ၊ ဒွါရရာတွေလည်း မရှိရပါ။

နားမှာနားကပ်လေးတစ်ရန်သာ။

ဟယ် ... ပညာရဲရင့် ပွဲလယ်တင့်ပေါ့။ သူမက အထက်

www.burmeseclassic.com

www.burmeseclassic.com

မူယာနွယ်စိုး၏ ခင်ပွန်းကတော့ သမီးလေးကို ချီထား ရင်း သူကို လှိုက်လဲစွာ ကြိုဆိုပါသည်။ လေးလေးစားစား ကြိုဆိုပါသည်။

"ကြွပါ ဆရာမ၊ နွယ်သူငယ်ချင်းဆိုတော့လည်း အထူး ပြောနေစရာမလိုတော့ပါဘူးဗျာ။ ဒီမြို့မှာနေသရွေ့ ဒီအိမ်မှာ တည်းခိုနိုင်ပါတယ်။ နွယ်တို့သားအဖလည်း အဖော်ရတာပေါ့။ ကျွန်တော်က အလုပ်တွေနဲ့ အပြင်အပြီထွက်နေရတတ်လို့ သူတို့ သားအဖအတွက် အပြေနောက်ဆံတင်းနေရတာ"

ဦးအေးကျော်သူဟာ စီးပွားရေးသမားကြီးမို့ လူကဲခတ် တော်ပါသည်။ နွယ့်သူငယ်ချင်းမလေးဟာ နွယ့်လိုတောင်မဟုတ်။

တည်ငြိမ်အေးချမ်းပြီး ယဉ်ကျေးလွန်းသည့် မိန်းမပျို။ ကိုယ်က သားဆိုးရဲ့အဖေ။ တတေတေမို့ သားအတွက် ပြေးမြင် လိုက်ပြီးသား။

သူသားဆိုးလေးကို ချွေချွတ်နိုင်မည့် မိန်းမပျိုလေးလား။

သူသားကတော့ နေ့နှာပန်ခဲ့ နဂါးမင်းလို တော်တော် ကြီးကို သောင်းကျန်းနေတာ။

သူကလေးဟာ ကိုယ့်သား နဂါးမင်းကို ထိရောက်စွာ နှိမ်နင်းနေပါစေလို့ပဲ ဆုတောင်းတော့ရဲ့။

သူမကိုလဲက်ခံလိုက်တာဟာလည်း ထိုမျှော်လင့်ချက်

တန်းပြဆရာမလေးတစ်ယောက်လေ။ ပညာဂုဏ်နှင့်ပဲ တင့်တယ် လိုက်ပါမည်။ ရိုးဂုဏ်နှင့်ပဲ လောကကို ရင်ဆိုင်ရပါမည်။

သည်အိမ်မှာတည်းတာလည်း အခိုက်အတံ့ပေါ့။ နောက် အဆင်ပြေမည့်နေရာမှာနေရပါမည်။

စိတ်ကိုတင်းပြီး ရွှေပန်းချီ ဝင်သွားရတော်။ မူယာနွယ်စိုး ကတော့ လှိုက်လဲဝမ်းသာ၊ အားပါးတရ။

သူမရဲ့ကံအားဆိုက်ချိန်ဟာ ညနေ (၆) နာရီကျော်ပြီမို့ အိမ်မှာ လူစုံရှိနေပုံ။ ည့ီခန်းထဲသို့ မူယာနွယ်စိုးခေါ်သွားတော့ လူတွေမြင်ရပါတော်။

ဘုရားရေ။

ည့ီခန်းတစ်နေရာမှာ မခိုးမခန့်ထိုင်နေသည့် ကောင် ချောလေးတစ်ယောက်။

မူယာနွယ်စိုးပြောသည့် ကျားဆိုးလေးပေါ့။

စူပုပ်ထန်တင်းထားသည့်ကြားမှပင် တော်တော်လေး ကြည့်ကောင်းနေသည့်ကောင်လေး။ တစ်လောကလုံးကို မကျေ နပ်နေသည့် ကောင်လေးဟာ မြွေဆိုးတစ်ကောင်နှင့်လည်း တူရဲ့။ ထိတာနှင့် ပေါက်ချလိုက်တော့မည့်နှယ်။

ခုချက်ချင်းပင် ပြန်ပြေးချင်စိတ်ပေါက်လောက်အောင် ပင်။ သူအကြည့်ကစ အစွမ်းထက်တော်။

www.burmeseclassic.com

www.burmeseclassic.com

ရေးရေးလေးနှင့်ပါ။

ဆံပင်ရှည်တွေ တစ်ထွေးကြီးနှင့်။ ကချင်ထည်ဝမ်းဆက် ပန်းနုရောင်နှင့် မိန်းမပျိုလေး၏ မျက်လုံးတွေမှာ ဖြူစင်ရိုးသားသည့် အရောင်လေးတွေ လက်ဖြာလို့။

သူ သားတော်မောင်၏မျက်နှာကို ဖျတ်ခနဲ အကဲခတ်ရပြန်သည်။

သူသားတော်ကို လူဆိုးကတော့ မြွေဆိုးလို မြင်လေရာ ကိုက်ခဲဖို့ပဲ စိတ်ကူးနေတာမို့ ရွှေပန်းချီလှတာလည်း မမြင်။ ချောတာလည်း မခံစားရ။ သူ့စိတ်ထဲမှာ ကန့်လန့်တိုက်ဖို့ပဲ တွေးတောနေပုံ။

မကြာမီပင် ညီခန်းထဲမှာ စကားစမြည် အာလာပသလ္လာပတွေပြောကြပြီး မူယာနွယ်စိုးက သူမအတွက် လျာထားသည့်အခန်းသို့ လိုက်ပို့ပေးရင်း သူငယ်ချင်းမကို စသည်။

''ဘယ့်နယ် ကိုယ့်သားတော်မောင်ကိုမြင်ပြီး လန့်သွားပြီလား။ ကိုကိုပြောထားတဲ့အတိုင်းပဲနော်။ ဒီမြို့မှာနေသရွေ့ ကိုယ့်အိမ်မှာပဲနေရမယ်''

''အဟင်း ... ဟင်း ဟင်း''

ရွှေပန်းချီ ငှက်ဖျားတက်သလို ညည်းပြလိုက်တော့ သူငယ်ချင်း (၂) ယောက် ရယ်မောမိကြသည်။

''ကိုကိုကတော့ သူသားကို ဆုံးမ၊ ပဲ့ပြင်နိုင်မယ်လို့ မျှော်လင့်နေတာပဲ''

''အင်း ... ကိုယ်တော့ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်နေမှာ မြင်ယောင်သေးတော့တယ်''

''သူ ငယ်ငယ်က လိမ္မာတယ်တဲ့။ ခုမှ သက်သက်အရွဲ့ တိုက်ပြီး ဆိုးနေတာ''

''အေးပါ။ သဗ္ဗညုတ္တာ ကမ္မသကာပေါ့''

''စိတ်ဓာတ်မကျပါနဲ့ သူငယ်ချင်းရယ်။ ကဲ ရေချိုး၊ အဝတ်အစားလဲပြီး ပြန်ထွက်ခဲ့။ ကိုယ် ညီခန်းကပဲ စောင့်မယ်။ ပြီးရင် ထမင်းစားကြမယ်''

''အေးပါ ... အေးပါ''

မူယာနွယ်စိုးထွက်သွားတော့မှ ရွှေပန်းချီ ကိုယ့်အခန်းကို ကြည့်ရသည်။ ရှင်ဘုရင့်ပုဆိုး ပိုးချည်းဆိုသလိုပါပဲ။ လှပခမ်းနားပါသည်။ ခုတင်၊ အိပ်ရာပြင်ဆင်ထားပုံ၊ မှန်တင်ခုံ၊ ကျောက်ပျဉ်၊ သနပ်ခါးတုံးကအစ လိုလေသေးမရှိ။

အခန်းကလည်း အဆောင်ခန်းတွေလို ကျဉ်းကျဉ်းလေး မဟုတ်။ ကျယ်ကျယ်ဝန်းဝန်း။

အဝတ်အစားလဲပြီး ... ရေချိုးဖို့ဝင်လိုက်တော့လည်း ရေချိုးခန်းထဲမှာ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံအပြင်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းလျှော်ရေဘူး၊ မျက်နှာသစ်ဘူးတွေအစုံ။

''အင်''

တော်တော် အားနာဖို့ကောင်းတာပဲ။

သူဆန်စားရဲမှဆိုသလို ဦးအေးကျော်သူရဲသားလေးကို လိမ္မာရေးခြားရှိအောင် ငါလုပ်ပေးရတော့မှာပဲ။ အင်း ငါ လုပ်နိုင်ပါ့မလား။

ရွှေပန်းချို ရေချိုးပြီး အဝတ်အစားအရင်လဲသည်။ ပြီးမှ သနပ်ခါးလိမ်းဖို့ မှန်တင်ခုံရှေ့ ရပ်လိုက်သည်။

မှန်ထဲမှာ ဝင်းပနေသည့် မိန်းမပျိုရွယ် အသားအရည် ဖြူစင်ဝင်းနုစ်သလို မျက်နှာလေးကလည်း အထူးပင် ချစ်စရာကောင်းလှပါ၏။ ဇာစ်ခါမှ ကိုယ့်ရုပ်ကိုယ် တသသ လုပ်မနေအား ပေမယ့် သူမ ကိုယ်လှတာတော့ ကိုယ်သိပါသည်။

မူယာနွယ်စိုးလှတာက တစ်မျိုးပေါ့။

ဆံပင်တွေက တင်ပါးထိရှည်ပြီး ဆံနွယ်လေးတွေ တလွဲင့်လွင့်နှင့် ရွှေပန်းချို့ဘဝက ကိုယ့်အလှကိုယ် ဂရုမစိုက်အား။ သည်လိုပဲ ရင်ဆိုင်ဖြတ်ကျော်ခဲ့ရတာ။

သနပ်ခါးလိမ်းပြီး သူမ အပြင်ထွက်ခဲ့တော့ အိမ်သားအားလုံး သူမကို စောင့်နေကြပြီ။

''လာ သွားကြစို့''

ထမင်းစားခန်းထဲမှာ ဟင်းတွေကအလှုံပယ်။ အိမ်အကူ (၂) ယောက်က စားပွဲဘေးမှာရပ်ပြီး လိုရာလုပ်ပေးဖို့ အသင့်စောင့်လျက်။

''ဆရာမ ... ဒီအိမ်မှာ ဘာမှ အားနာစရာမလိုဘူးနော်။ ကျွန်တော့်သား ဆယ်တန်းကိုလည်း ဆရာမ ဂိုက်လုပ်ပေးပါ။ အပ်ပါတယ်''

ဦးအေးကျော်သူက ထမင်းဝိုင်းမှာ သားတော်မောင်ကို အပ်နေသမျှ ကေရာဇ်က မထေမဲ့မြင်နှင့်။

''မလိုပါဘူး၊ သူထက်တော်တဲ့၊ တတ်တဲ့ ဂိုက်တွေ ပြည့်လို့။ ရိုက်သတ်လို့တောင်မကုန်ဘူး''

''ဟေ့ကောင်''

ဦးအေးကျော်သူ အားနာလို့ ဟန့်လိုက်ပေမယ့် ကိုယ့်သားအကြောင်း ကိုယ်အသိဆုံး။ ဆိုလေ တိုးလေ၊ မန်းလေ ပြီလေမို့ သည့်ထက်လည်း ပိုမပြောဝံ့။

တကယ့်ကို ဆရာ မနိုင် နှစ်ဆောင်ပြိုင်။

ရွှေပန်းချို မျက်နှာပျက်သွားမိပေမယ့် အချိန်မီ ပြန်ပြင်ရပါသည်။ မျှော်လင့်ထားပြီးသားပဲလေ။ သည်လို အတိုက်ခိုက်မရလိမ့်မယ်ဆိုတာ။

အဘယ့်ကြောင့်ဆို သူမဟာ မူယာနွယ်စိုးတဲ့သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးရမှာလား''

ကောရဖ်တို့က အဲသလို။ နည်းနည်းတော့ ရစ်လိုက်ရမှ။

''ဩော် ... မင်း ကျောင်းသွားရင်း ကျောင်းပြန်ရင်းပေါ့။ ကျွဲကူးရေပါ။ တင်ခေါ်သွား၊ ပြန်ကြိုလာပေါ့''

''မအားဘူး၊ ကျွန်တော်က ကျောင်းလည်းတက်ချင်မှ တက်တာ။ ပြီးတော့ သူငယ်ချင်းတွေနဲ့ သွားရ လာရသေးတယ်''

''ဟေ့ကောင်''

ဦးအေးကျော်သူ တတ်နိုင်တာ သည်တစ်ခွန်းပါပဲ။ မိတာဆိုးလေးမို့ အချစ်ပိုခဲ့မိသမျှ ကိုယ်ကလည်း နောက်မိန်းမယူခဲ့မိတာမို့။

''နေ ... နေပါစေ အန်ကယ်။ ကျွန်မ ကိုယ့်ဘာသာ သွားပါ့မယ်။ စက်ဘီးလေးတစ်စီး ဂိုဒေါင်ထဲမှာ ကျွန်မ မြင်တယ်။ အဲဒါလေးသာ အခိုက်အတန့်ငှားပါ။ နောက် တစ်လ၊ နှစ်လ လောက်ကြာရင် ကျွန်မ ကိုယ်ပိုင်စက်ဘီးလေး ဝယ်ပါ့မယ်''

ညီးငယ်သောမျက်နှာလေးနှင့် ရွှေပန်းချီကို သနားမိပေမယ့် ဦးအေးကျော်သူ ကိုယ့်သားကိုယ်မနိုင်ပါ။ မူယာနွယ်စိုးဆိုတာ ဝေးရော။ လင်ပါသားကို မော့တောင်ကြည့်ခဲ့တာမဟုတ်။

အိမ်မှာ ကားတွေရှိပေမယ့် မည်သူမျှမအားကြ။ ဒရိုင်ဘာလည်း ထားတာမဟုတ်။ ကောရဖ်က တစ်စီး၊ ဦးအေး

ကျော်သူက တစ်စီး။ နောက်ကားကြမ်းက (၂) စီး။ အလုပ်အတွက်သုံး ထင်ပါရဲ့။

ကောရဖ်ကတော့ နှုတ်ခမ်းကိုမဲ့ကာ ထမင်းစားခန်းထဲမှ ထွက်သွားခဲ့တာပါပဲ။ ကျောင်းသွားသည့် ကျောပိုးအိတ်ကိုယူပြီး ကားစက်နှိုးကာ ထွက်လာခဲ့ပေမယ့် သူ ကျောင်းတက်ချင်စိတ်မရှိ၊ ယခုမှ ဇူလိုင်ရှိသေးကာပဲ။

စာမေးပွဲက အဝေးကြီးလိုပါသေးတယ်။ အဖော်ကောင်းလျှင်လည်း ကျောင်းတက်မည်။ မကောင်းလျှင်မတက်။

သူပေါင်းသည့်သူတွေဟာ သူလိုပဲ မိမနိုင် ဖမနိုင်တွေ။ သူတို့က ဆေးတွေ၊ ဘာတွေတောင် ကိုင်နေကြပြီ။ အရက်သောက်၊ ဆေးချနှင့်။

ကျောင်းသားတွေဆိုပေမယ့် ကျောင်းမတက်ကြစာများသည်။

ကောရဖ်က မူးယစ်ဆေးကိုတော့ အစမလုပ်သေး။ ဘယ်လောက်ပင် စိတ်ညစ် စိတ်ညစ် မူးယစ်ဆေးကိုတော့ ရှောင်သည်။

သူဟာ စာဖတ်သူမို့ မူးယစ်ဆေး၏ ဆိုးကျိုးကို သူကောင်းကောင်းသိသည်။

မူးယစ်ဆေးက လူတစ်ယောက်၏ ဦးနှောက်အသိဉာဏ်၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

ကံကောင်းတာလား၊ ကံဆိုးတာလားတော့မသိ။ ကေရာဇ်နှင့် ရွှေပန်းချီက တစ်ကျောင်းစီ။ သည်မြို့မှာ အထက်တန်းကျောင်း (၄) ကျောင်းတောင်ရှိသည်မို့ တော်သေးတာ။

မြစ်ဝကျွန်းပေါ်အရပ်မို့ အစားအသောက်တွေကတော့ အလွန်ပယ်။

မနက်က ဦးအေးကျော်သူကပင် ကေရာဇ်ကို –

"သား ... ဆရာမကို ကျောင်းသွား ကျောင်းပြန် ထမ်းပို့ပြီး ကြိုပို့လုပ်ပေးပါ"

"ကျွန်တော် ကျောင်းမတက်ဘဲ သူ့ကိုပဲ အကြိုအပို့

မူယာနွယ်စိုး၏ဘက်တော်သား မဟုတ်ပါလား။

အင်း ... မူယာနွယ်စိုးမဟုတ်တာလုပ်မယ်ဆိုရင်တော့ ရွှေပန်းချီပါမည်မဟုတ်ဘဲ သူမ၏ ဒီဇနီယာမကိုက မှန်တာလုပ်၊ ဟုတ်တာပြောသည့် ဖြောင့်မတ်၊ တည်ကြည်သူမို့ပါ။

"နေပါစေ အန်ကယ်၊ ရပါတယ်။ ကလေးဆိုတော့ ဒီလိုပဲပေါ့။ လူမှုရေးတွေ ဘာတွေ ဘယ်သိပါ့မလဲ"

သူမက ပြေရာပြေကြောင်းပြောပေမယ့် ကေရာဇ် ဝုန်းခနဲ စားပွဲမှ ထလိုက်သည်ကြောင့် အားလုံးပင် မျက်လုံးပြူးသွားကြရသည်။

သို့သော် ဘာမှထပ်မပြောဘဲ ဒေါသတကြီးထွက်သွားတာကြောင့် အဆိုးထဲမှအကောင်းအဖြစ် အားလုံးပင် သက်ပြင်းချလိုက်ကြရသည်။

www.burmeseclassic.com

ဖေဖေကလည်း လိုက်ထုတ်ပေးမှာမဟုတ်တော့ဘူး''

ကောရဖ်လည်း ဒီလို အကြောင်းမဲ့ ချိန်းရိုက်တာမျိုး တော့ အားမပေး။ အသားလွတ် ရမ်းကားတာ။ သည်တော့ သူ သူရကို မျက်ရိပ်ပြပြီး ကျောင်းသွားဖို့ စတေးရှောင်ဖို့ပဲ စိတ်ကူးလိုက်တ။

''သူရရေ ... ဒီနေ့တော့ ကျောင်းတက်မှ။ ငါ့ကိုလည်း ဒယ်ဒီ ရာဇသံပေးထားတယ်။ ငါ ကျောင်းတက်မယ်ဆိုမှ မုန့်ဖိုး ထုတ်ပေးတာကွ''

''ထ ... သွားကြစို့''

''ဟေ့ ဟေ့ ... မင်းတို့နှစ်ယောက် ဒီလိုတော့ သစ္စာ မဖောက်ကြနဲ့လေကွာ။ ငါတို့အဖွဲ့ရဲ့ တကယ့်အရေးကြီးဆုံးနေ့ကျမှ ရှောင်ထွက်မသွားကြပါနဲ့။ သူတို့က စိန်ခေါ်ထားတာ၊ တို့ အားလုံးကိုကွ''

ဒါကြောင့် တံငါနားနီးတံငါ မုဆိုးနားနီး မုဆိုးလို့ပြောကြ တာပဲ။ ယခုလည်း လူမိုက်နှင့်ပေါင်းလို့ လူမိုက်တွေက သေတွင်း ထဲ အတင်းဆွဲခေါ်နေကြပြီ။

သည်စဉ် သူတို့ဆိုင်ရှေ့မှာ စက်ဘီးလေးစီးလာသည့် အိမ်ကဘွားတော်ကို ကောရဖ် လှမ်းမြင်လိုက်ရသည်။ လူသစ်လည်းဖြစ်၊ ချောကလည်းချော၊ ဆရာမဝတ်စုံလေးနှင့်ပေမယ့်

ကလေးရုပ်မပျောက်သေးသည့် နုနုဉာဉ်။ ရွှေပန်းချီကို အစ်ကို ကာလသားတို့ မျက်စိစူးစိုက်မိကြလေပြီ။

သည်စဉ် မထင်မှတ်စရာအဖြစ်အပျက်တစ်ခုက ဖျတ် ခနဲ။

''အား''

လမ်းကွေ့မှ ချိုးထွက်လာသည့်ကားတစ်စီးက သူမ၏ စက်ဘီးလေးကို ပွတ်တော့မလိုဖြစ်သွားတာကြောင့် စက်ဘီးလဲ ချပြီ။

ရိုးများလှတဲ့ဆရာမပေါက်စ ဆွဲခြင်းလေးလည်း လွင့်ကျ။ လူလည်း လမ်းဘေးလဲကျ။ သူ ဝမ်းသာရမှာ။

''ကောင်းတယ် သေမှ'' လို့ ပြောရမှာ။ သို့သော် သူ မပျော်နိုင်ပါလား။

ဂူဂူဒေါင်ဒေါင်ကြီးနှင့် မြင်ကွင်းကိုငေးလို့။ အနီးအနားမှ လူတချို့ ပြေးသွားပြီး သူမကိုထူကြ၊ စက်ဘီးလေးကို ထူကြ၊ ဆွဲခြင်းကိုယူကြ။

ကားကတော့ လှည့်ပင်မကြည့်။ မောင်းထွက်သွားလိုက် တာ။

''ရတယ် ... ရတယ်''

ရွက်ကိုးရွက်ကန်းလေးနှင့် စက်ဘီးကိုယူပြီး ဆွဲခြင်းကို

www.burmeseclassic.com

www.burmeseclassic.com

ဘဝ၊ မိသားစု၊ ငွေကြေး၊ ဂုဏ်သိက္ခာ၊ နောက် ကိုယ်ကျင့်တရား အသက်ဇီဝိန်။

အားလုံးကို ဝါးမျိုဖျက်ဆီးသွားမှာ။

သူသိသည်။ သူက စာမျိုးစုံဖတ်ခဲ့သူ။ တမင်သက်သက် ဆိုးနေတာ။ သူစိတ်တွေကို ဘီလူးခေါင်း သက်သက်ဆောင်း ထားတာ။

မြနောင်းညှိရဲ့ ပန်းကြေပွင့်ပုံပြင်လည်း သူ ဖတ်ဖူးတာပဲ။

မူးယစ်ဆေးတွေ၏ ဆိုးကျိုးတွေ၊ အဆိုးသံသရာထဲမှာ တော့ မပါချင်။

ဒယ်ဒီကိုအရွဲ့တိုက်တယ်။

မိထွေးတော်ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်စာယ်ဆိုပေမယ့် ကိုယ့်မိုက်တွင်းကို အစီစီထိ မတူးချင်။

သူ ဘော်ဒါတွေရှိသည့် လက်ဖက်ရည်ဆိုင်ရှေ့မှာ ကား ထိုးရပ်ပြီး ဆင်းလာတော့ ဘော်ဒါတွေက ကောင်းချီးပေးကြ သည်။

"မင်းအိမ်မှာ ငွေသော်တာရောင်ခြည်လေးတစ်ယောက် ရောက်နေပြီမို့ တို့အဖွဲ့ထဲကများ ထွက်တော့မလားလို့"

"မမိုက်ပါဘူးကွာ။ ငါဖြင့် ကြည့်လို့ကို မရဘူး"

သူ ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း လက်ဝါးပြတော့

သူငယ်ချင်းတွေက လှောင်သည်။

"အပြောမကြီးနဲ့ကိုယ့်လူ။ မနေ့က ဒီကောင် ကားဂိတ် ထဲမှာ မြင်လိုက်တယ်။ ဟေ့ကောင်ဒင်ကြီး ပြောလိုက်စမ်းကွာ"

"ဟား ... တော်တော်လန်းတာ။ ငါဖြင့် ပါးစပ်တောင် ပြန့်စေ့ဖို့မေ့လို့"

"အေးပေါ့ ... မင်းက ဘူးလိုင်းကို။ ဒါမျိုးဆို မွန်ပြီး သားပဲ"

တစ်ယောက်တစ်ပေါက် အသံများကို နားထောင်ရင်း ကောရာဖ် လက်ဖက်ရည်နှင့်မုန့် မှာလိုက်၏။

သူတို့အဖွဲ့ထဲမှာ သူဇိုပဲ နှစ်ကျကျောင်းသား တစ် ယောက်ပါသည်မို့ သူ အဖော်စပ်ကြည့်လိုက်၏။

"သူရ ... ဒီနေ့ ကျောင်းတက်ဦးမှာလား"

"မင်းရော ... မင်းတက်ရင် ငါတက်မယ်"

"တက်မနေကြပါနဲ့ကွာ။ ဘာမှလည်းဖြစ်လာမှာမဟုတ် ပါဘူး။ ငါတို့ ဒီနေ့ အမှတ် (၁) ကကောင်တွေနဲ့ ချိန်းထားတယ်။ ဘောလုံးကွင်းထဲမှာ ရိုက်ကြမလို့"

သူရက ခါးခါးသီးသီးငြင်းသည်။

"ဟာ ... မင်းတို့ဟာက ဘလိုင်းကြီး။ လွှဲအေးလိုက် စမ်းတာ။ ငါတော့မပါဘူး။ ဒီတစ်ခါဆို ငုံကို မေမေ နှင်ချလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ထည့်ပြီး သူမ နှင်းထွက်သွားတော့ အားလုံးနှင့်အတူ သူလည်း ငေးလို့။

သူမ နေရာစိမ်း ဒေသစိမ်းမှာ စက်ဘီးကလည်း ကောင်းကောင်းမစီးတတ်ဘူး ထင်ပါ့။

သက်ပြင်းချရင်း ကေရာဇ် ထိုနေ့က သူရန့်အတူ ကျောင်းတက်ဖြစ်ခဲ့သည်။

အခန်း (၅)

ကေရာဇ် ညနေကျောင်းကပြန်လာတော့ (၆) နာရီ။ ကျောင်းကအပိုချိန်တွေ၊ ဘာတွေတက်နေလို့တော့မဟုတ်။ ဒီလိုပဲ လျှောက်လိမ့်နေတာ။

သူပြန်ရောက်လာတော့ တစ်အိမ်လုံး တိတ်ဆိတ်လို့။

အနေအထားအရ ဒယ်ဒီနှင့်မိထွေးတော်၊ နောက် ပေါက်စမလေးက အောက်ထပ်မှာနေကြသည်။ သူက အပေါ် ထပ်မှာ။

ဟိုဆရာမကိုလည်း အပေါ်ထပ်မှာပဲ အခန်းပေးထားတာ မို့ အပေါ်ထပ်မှာ (၂) ယောက်။ သူ ဒေါ်ထားနှင့် သက်ချိုကို

www.burmeseclassic.com

www.burmeseclassic.com

မီးဖိုဘက်သို့သွားပြီး အော်မေးလိုက်၏။

''ဒေါ်ထား ... အိမ်ကလူတွေ ဘယ်ရောက်ကုန်တာလဲ''

''ဩော် သားရေ ... ဆရာတို့မိသားစု သူမိန်းမရဲ့အမေ လေဖြတ်လို့ဆိုလား မြို့ကိုလိုက်သွားကြတယ်။ နေ့လယ်ကတည်းက''

''ဟိုဘွားတော်ရော''

''ကျောင်းက ငိုပြီးပြန်လာတယ်။ ခြေထောက်ကြီးလည်း ယောင်လို့ပါကွယ်။ ဒေါ်ထားလည်း စိတ်ညစ်ပါတယ်။ ဘာလုပ်ပေးရမှန်းလည်း မသိ''

''အခု သူ ဘယ်မှာလဲ''

''အောက်ထပ်က အခန်းလွတ်တစ်ခုထဲ ဝင်အိပ်နေသလားပဲ။ အပေါ်ထပ်မတက်နိုင်ဘူးလေ''

''တောက် ... သိပ်ရှုပ်တာပဲ''

''သား နည်းနည်းလောက်သွားကြည့်ပြီး လိုအပ်တာလေး ဘာလေး လုပ်ပေးလိုက်ပါလားကွယ်။ ဆရာဝန်ခေါ်ချင်ခေါ်၊ ဆေးခန်းသွားချင်သွား''

''သူ ကလေးလား၊ ကိုယ့်ဘာသာလုပ်ပေါ့''

''ဩော် ... သူ့ခမျာ ဒီမြို့ကို ခုမှရောက်ရှာတာပါ

သားရယ်။ ကူညီကောင်းပါတယ်''

ဒေါ်ထားဟာ မာမီရိုကတည်းက သူရဲ့အထိန်းတော်ကြီးဖို့ ဒေါ်ထားစကားတော့ သူ နည်းနည်းလေးစားပါသည်။

ဘွားတော်ဟာ မိထွေးတော်ရဲ့သူငယ်ချင်းမို့ ကြည့်မရပေမယ့် မနက်စက်ဘီးလဲကတည်းက နည်းနည်းသနားသဲလိုလို ရှိမိတာကြောင့် သူ မျက်နှာကြောတင်းတင်းကြီးနှင့် ရွှေပန်းချီရုံရာ အခန်းသို့ လျှောက်သွားလိုက်သည်။

''အိုး''

အခန်းလွတ်က ခုတင်လေးပေါ်မှာ မျက်ရည်စီးကြောင်းလေး မခြောက်တခြောက်နှင့် ပီဘိကလေးငယ်လေးတစ်ယောက်လို အိပ်ပျော်နေရှာသည့် ဒေါ်ရွှေပန်းချီ။

မိန်းကလေးမို့ နုသလား၊ သဘောဖြူသူမို့ နုသလား မသိ။

သူက အမြင်ကပ်ကပ်နှင့် 'ဘွားတော်' လို့ခေါ်နေမိပေမယ့် သူမအသွင်က (၁၆) နှစ်အရွယ်။

ဝိသာခါအကြောင်း ဖတ်ရတုန်းက မိန်းမတို့၏ ကောင်းခြင်း (၅) ဖြာထဲမှာ အရွယ်၏ကောင်းခြင်းဆိုတာ ပါသည်။ အရွယ်တင်နုပျိုစာကို ဆိုလို့ ရပေါ့။

''အဟမ်း ... အဟမ်း''

www.burmeseclassic.com

www.burmeseclassic.com

သူ အခန်းဝမှ ချောင်းဟန့်သံပေးတော့ ရွှေပန်းချီ ဆတ်ခနဲ လန့်နိုးပြီး ကြိုးထလိုက်ပုံက ပြူးပြူးပျာပျာ။

''ဘာဖြစ်နေတာလဲ၊ ကျုပ် ဆရာဝန်ခေါ်ပေးရမလား၊ ဒါမှမဟုတ် ဆေးခန်းခေါ်သွားရမလား''

''ရ ... ရပါတယ်ကွယ်။ ကောင်းသွားမှာပါ''

ညာဘက်ခြေထောက် ခြေခုံယောင်နေတာက သိသိသာသာ။ စက်ဘီးပဲ ပိသလား၊ ဒါမှမဟုတ် လဲကျတုန်းက နာသွားတာလားမသိ။

ကရောဖ် စိတ်တိုရသည်။

''ကျုပ် စိတ်ကောင်းဝင်တုန်း လိုက်ပို့မှာ။ ထ လာ၊ ကျုပ် ဆေးခန်းလိုက်ပို့မယ်''

သူက (၁၈)နှစ်ပဲရှိသေးပေမယ့် လူက ကွမ်း၊ ဆေးလိပ်၊ ဘီယာ အစုံချသူမို့ ရင့်နေသလားတော့မသိ။ သူချောပုံက ခပ်ရင့်ရင့် ခပ်မိုက်မိုက်။

''အေး ... အေးပါကွယ်၊ ကျေးဇူးတင်ပါတယ်''

လေသံကတော့ ဆရာမလေသံအပြည့်။ လူက လက်မလောက်နှင့်၊ အင်း ... သူအရပ်က (၆) ပေနီးပါး။ အားကစား သမားအရပ်မို့ (၅) ပေခွဲလောက်ရှိမည့် သူမခမျာ ပုသလိုလို။

ယခုထိ သူမမှာ အဝတ်မလဲရသေး။ အပေါ်ထပ် သူမ၏

အခန်းသို့ မသွားနိုင်သေးလို့ ဖြစ်မည်။

''အဝတ်လဲမလား''

''အေးကွယ် ... ဟိုဥစ္စာ''

''ဘယ်ဥစ္စာလဲ''

သူမခမျာ အိုးတိုးအမ်းတမ်း။ သူကတော့ ခပ်တည်တည်။

''အဝတ်လဲချင်ပါတယ်။ ကရောဖ်ကိုခိုင်းရမှာလည်း အားနာပါတယ်''

''မနာနဲ့၊ ကျုပ် အဝတ်ယူပေးမယ်''

''သေ ... သေတ္တာထဲမှာ တစ်စုံစုံ ယူလာခဲ့ပါကွယ်''

''ရေရော ရေချိုးဦးမှာလား''

''ချိုးတော့ ချိုးချင်''

''လာ ... ဒါဆို ကျုပ်ကိုတွဲ''

သူက ဒီးခနဲ ဇတ်ခနဲ အခန်းထဲဝင်ပြီး သူမကို ဆွဲထူလိုက်လျှင် ရွှေပန်းချီ နာလွန်းလို့ တအားအားနှင့် အော်ရင်း မျက်ရည်ကျရော်။ သွေးအေးနေပြီမို့ ခြေထောက်က ပိုနာနေပြီ။ ပိုယောင်နေပြီ။

''ဆောရီး၊ ကဲ ... ဟိုလည်း ဒယ်ဒီတို့အခန်းထဲက ရေချိုးခန်းကိုပဲ ဝင်ချိုးလား''

www.burmeseclassic.com

www.burmeseclassic.com

"အို ... သူများလင်မယားအခန်းကြီး"

မျက်နှာတစ်ခုလုံး နီရဲမတတ် ရှက်သွားသည့် ဘွားတော်ကိုကြည့်ပြီး သူ ကျေးပြီးတိုရဇါ။ ဒီလောက်ရှက်ကြောပြတ်နေကြသည့် ခေတ်ကြီးထဲမှာ ဘိုးတော်ဘုရားလေးဘက်သွားသည့် ခေတ်က အပျိုတော်လည်းကျန်တုန်း။

"ဘာဖြစ်လဲဗျ၊ ကျုပ်တော့ ဝင်တာပဲ"

"မဝင်ကောင်းဘူး"

"ဘာလဲ ငရဲကြီးတတ်တာလား။ အဲဒီအခန်းထဲမှာ ထင်လည်းမရှိဘူး၊ ကျားလည်းမရှိဘူး၊ မြွေလည်းမရှိဘူး။ ခင်ဗျားရေချိုးချင်ရင် အောက်ထပ်မှာ ဒယ်ဒီတို့အခန်း။ အပေါ်ထပ်မှာတော့ ခင်ဗျားမှ မတက်နိုင်တာ"

ရွှေပန်းချီခမျာ တစ်နေ့လုံး ငိုရ၊ ရယ်ရ၊ လဲရ၊ ကွဲရမို့ လူက ရေချိုးချင်တာလည်းအမှန်။

အိမ်ရှင်တွေရဲ့အိပ်ခန်းထဲလည်း သူတို့မရှိတုန်းမို့ မဝင်ချင်။ သူတို့ရှိလည်း အပျိုတစ်ယောက်အနေနှင့် လင်မယားအခန်းထဲ မဝင်ချင်ပါ။

သူမ၏အခက်အခဲကိုကြည့်ပြီး ကေရာဇ စိတ်မရှည်။

"ဒါကြောင့် ခင်ဗျားအပျိုကြီးဖြစ်နေတာ"

ပြောပြီး ရွှေပန်းချီကို ဆတ်ခနဲ ဒူးခေါက်ကွေးမှမပြီး

ချီလိုက်တော့ သူ့လက်ထဲမှာ ပေါ့ပေါ့ပါးပါးပင်ပါလာသည်။

"ဟဲ့ ဟဲ့ အို"

သူကျော်ပေါ်မှ သံစုံကျူးရင့်ရင်း ရွှေပန်းချီ သူမအခန်းထဲသို့ ပြန်ရောက်သွားသည်။

"ကျုပ် ဘာလုပ်ပေးရဦးမလဲ"

"ရတယ် ... ရတယ်၊ အရမ်းအားနာတာပဲဟယ်"

"ကျွတ်"

သူ စုတ်ထိုးပြီး ကိုယ့်အခန်းပြန်လာ၊ ရေတဝုန်းဝုန်းချိုး၊ အဝတ်လဲပြီး သူမ၏အခန်းဘက်သို့ ပြန်လာခဲ့သည်။

"ထင်သားပဲ"

သူထင်သည့်အတိုင်း ခြေထောက်က နာနေတာမို့ ယခုထိ သူမပုံစံက နေရာမှာရှိတုန်း။ အဝတ်တော့ချွတ်ထားပြီး ရင်ရွားနှင့်။ နီးစပ်ရာတဘက်တစ်ထည်ကို သူယူပြီးပေးလိုက်သည်။

"ကျုပ် ရေချိုးခန်းထဲ ပို့မယ်"

ရွှေပန်းချီ ဘာမှ မတတ်နိုင်တော့ပါ။ သူပြုသမျှ နရဲတော့မည့်အခြေ။

"ဟိုလေ ... ဒေါ် ဒေါ်ထားတို့ကို ခေါ်ပေးပါလားဟင်။ ဇာရာဇ်ကို အားနာလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

သူမ တိုးတိုးလေးပြောတော့ ဇကရာဇ် စိတ်ဆိုးသွားပုံက ယမ်းပုံမီးကျ။

"ဘာလဲ ... ကျုပ်က ခင်များကို အသားယူပြီးကိုင်တွယ်နေတယ်ထင်လို့လား။ ကျုပ်မှာ ဘာစိတ်မှမရှိဘူး။ ပြီးတော့ ပြောထားလိုက်ဦးမယ့် ကျုပ်မှာ ရည်းစားထားမယ်ဆိုရင် အသင့်စောင့်နေတဲ့ မိန်းကလေးတွေ တစ်ဒါဇင်လောက်ရှိတယ်။ စိတ်ကို မဝင်စားဘာ၊ ရှင်းလား"

ဩော် ... ငါ့နယ် ကျားပြီးဆွဲမိပါပေါ့လား။

"မဟုတ်ပါဘူး သားရယ်၊ ငါက"

"ဟိုး ဟိုး ... ကျုပ်ကို သားလို့တော့ နာမ်မနှိမ်နဲ့ဗျာ။ ခင်များ ကျုပ်ရဲ့ဆရာမလည်း မဟုတ်ဘူး၊ ကျုပ်လည်း ခင်များဆီမှာ ဘယ်တော့မှ စာမသင်ဘူး"

"ဆောရီးပါ ဇကရာဇ်ရယ်။ ငါ ဘာမှမပြောတော့ပါဘူးနော်။ နင် စေတနာရှိသလိုသာ လုပ်ပေးပါတော့"

"ဒါဆို ငြိမ်ငြိမ်နေ၊ ကျုပ် စေတနာပျက်အောင်မလုပ်နဲ့"

"ဟုတ်ကဲ့ပါ"

သည်တော့မှ သူ ရွှေပန်းချီကိုတွဲပြီး ရေချိုးခန်းဆီ ပို့ပေးတော်။ နောက် ရေချိုးခန်းတံခါးပိတ်ပေးပြီး အပြင်မှနားစွင့်နေမိတာ သူမ လဲပြုနေမှာစိုးလို့လား။ ဇကရာဇ် မျက်မှောင်ကြီးကတော့

ကြုတ်တုန်း။ ရင်ထဲမှာ ဘာတွေ မကျေနပ်နေမှန်းမသိ။

သူရင်တဲမှ နန္ဒောပနန္ဒ နဂါးမင်းက အမောက်ထောင်တုန်း။

အာဠာဝကာဘီလူးကလည်း ဘီလူးဆိုင်းတီးတုန်း။

တော်လေးကြာတော့ တံခါးဖွင့်သံ ထွက်လာသဖြင့် သူ သွားပြီးခေါ်ရသည်။

မကြည့်ချင် မြင်လျက်သား။

သူဘဝမှာ ဘယ်မိန်းမမှ စေ့စေ့မကြည့်ဖူးခဲ့သမျှ ယခုတော့ ဘွားတော်ဇ၏အလှက မျက်ဝန်းထဲမှာ ပေါ်လျက်သား။

ရေချိုးပြီးစ ပြစ်မျိုးမှည့်မထင်သည့်အလှ။

အသားအရည်က ဖွေးနုဥနေသလို၊ မျက်နှာလေးကလည်း ပန်းချီကျော်တွေများ လက်မှိုင်ချရတော့မလား။

မျက်နှာသုတ်စောင် ခြုံထားတာမို့ တစ်ကိုယ်လုံး လုံခြုံနေရပေမယ့် မျက်နှာနုနုလေးနှင့်ပင် ပွဲကသိမ်းတော့မှာ။

သူ ခုတင်ဆီခေါ်လာတော့ သူမက အဝတ်သေတ္တာကို လက်ညှိုးထိုးရင်း -

"ငါ့ကို တစ်စုံစုံသာယူပေးပါ"

သူ ရွှေပန်းချီ၏သေတ္တာကို ဖွင့်လိုက်တော့ အဝတ်အစား စာ နည်းနည်းလေး။ သူ အံ့သြရပြန်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

သူမှာဖြင့် အဝတ်အစားတွေဆိုတာ ဗီရိုကြီးတစ်လုံး။ သူ ဝါသနာမပါပေမယ့် ဒီလိုပဲ ဒယ်ဒီမိတ်ဆွေ၊ မာမီမိတ်ဆွေ၊ ဦးလေးတွေ၊ အန်တီတွေက လက်ဆောင်ဝယ်ပေးကြတာပင် မနည်းမနော။

ဘွားတော်မှာဖြင့် သားရေသေတ္တာလေးထဲမှာ, လွန်ရှိမှ အဝတ်လေး (၁၉) စုံထက်မပို၊ အဟောင်းတွေရောပါမှ။

သူ ချည်ထည်ဝမ်းဆက်လေးတစ်ခုကို ထုတ်ယူပေးလိုက်တော့ အစိမ်းနုရောင်လေး။

"ရ ... ရပြီနော်၊ ကေရာဇ် အပြင်ခဏထွက်ပေးပါ"

"အိုကေ ... လိုချင်လှမ်းခေါ်"

သူ အခန်းပြင် ခေတ္တထွက်၊ သူမ၏အခန်းတံခါးကို ပိတ်ပေးပြီးတော့ တံခါးကိုကျော်မှီ၊ နားကတော့စွင့်လျက်သား။

သူမ တစ်ခုခုဖြစ်မှာကို မသိစိတ်မှ စိုးရိမ်နေမိသလားပင်။

"ရပြီ"

သူမရဲ့အသံကြားမှ ကေရာဇ် တံခါးဖွင့်လိုက်တော့ အစိမ်းနုရောင်ဝတ်စုံလေးနှင့် ဘွားတော်။

"ခေါင်းဖြီးဖို့၊ သနပ်ခါးလိမ်းဖို့"

"အင်း"

သူကမေးတော့ ဘွားတော်က 'အင်း' တဲ့။ သူ ဘီးယူပေး၊ သနပ်ခါးသွေးပေးရသည့်အဖြစ်။ မာမီ နေမကောင်းတုန်းက လုပ်ပေးဖူးသလိုပေါ့။

"ကျေးဇူးနော် ကေရာဇ်"

"မလိုပါဘူး"

ရုပ်ကတော့ စူပုပ်ပုပ်၊ မှုန်ကုပ်ကုပ်။

သူမလိုတာ လုပ်ပေးပြီးတော့ သူ ဘွားတော်ကို အောက်သို့ချီချလာခဲ့ပြန်သည်။ လှေကားခြေရင်းမှာရောက်နေသည့် သက်ဆိုးရှည် ပါးစပ်ကြီးပြဲပြဲ ကြည့်နေလျှင် သူ ပိတ်ဟောက်လိုက်ဇာ။

"သွား ... ကားတံခါး သွားဖွင့်ထား။ ဘွားတော်ကို ဆေးခန်းပို့မလို့"

"ဟုတ် ... ဟုတ်ကဲ့ ... အဟိ"

"ငါ ... တယ်"

သက်ဆိုး လွှင့်နေအောင်ပြေးပြီး တိုက်ရှေ့ရှိကားကို တံခါးဖွင့်ပေးထားလိုက်ဇာ။ ရုပ်ကတော့ အစ်ကိုလေးကို ကြောက်ပေမယ့် မျက်နှာပိုးက သတ်မရ။

ထားရင်လည်း ရှင်ရပါမည်။

သတ်ရင်လည်း သေရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

မရယ်ဘဲ မနေနိုင်လို့ပါ အစ်ကိုလေးရှင့်။

ကောရာဇ် မားမား မားမားနှင့် ရွှေပန်းချီကို ကားထဲသွင်း၊ ပြီး သူလည်း ဝင်ထိုင်ပြီးသည်နှင့် ကားလေး ဆောင့်တွက်သွားလေ၏။

အခန်း (၆)

ဒေါ်မူယာနွယ်စိုးဇော်မိခင်မှာ လေဖြတ်ရုံတင်မက ဆေးရုံပါ တင်ထားရတာမို့ သူမတို့သားအမိ ပြန်မလာနိုင်သေး။

ဦးအေးကျော်သူတစ်ယောက်တည်းသာ ပြန်လာရတော့ ညည့်အဖြစ်။ သည်အခါ သူကလည်း သမီးနှင့်ဇနီးကို မခွဲနိုင်တာမို့ (၃) ယောက်လုံး ယောက္ခမမြို့တွင် သောင်တင်နေကြသည်။

အိမ်မှာ ရွှေပန်းချီနှင့် ကောရာဇ်တို့ နှစ်ယောက်နှင့် အေးထား၊ သက်ချို။

ရွှေပန်းချီမှာ ခြေထောက်က ပတ်တီးစည်းထားရသဖြင့် အပေါ်ထပ်မတက်လို။ တက်လို့လည်းမရ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အောက်ထပ်မှာလည်း ဘယ်မှသွားနေစရာမရှိ။ သူဌေးတွေ၏ အဆောင်ဆောင် အခန်းခန်းထဲ ဘယ်လိုနေရမှာလဲ။

ကေရာဖ် ငြိုငြင်မှာလည်း စိုးရသည်။ သိပ်ပြီး ကျိုးများနေလို့မဖြစ်။

ဆေးခန်းကပြန်လာတော့ ည (၈) နာရီ။ သူကပင် ကားပေါ်မှပွေ့ချီချပြီး ထမင်းစားခန်းသို့ ခေါ်သွားခဲ့သည်။

သူဒယ်ဒီရှိတုန်းက ဘာမှ သုံးစားမရဘူးထင်ရပေမယ့် ယခုကျတော့လည်း သူကပင် ဦးဆောင်ပြီး အရာရာစီစဉ်နေလိုက်တာ။ ထောင့်ကိုစေ့လို့။

ဒေါ်ထားနှင့်သက်ချိုက အဆင်သင့်ပင် ထမင်းပွဲ ချက်ချင်းပြင်ပေးကြသည်။ နှစ်ယောက်တည်း ထမင်းစားရတော့ သူက ဂရုတစိုက်။

မျက်နှာကြောတစ်ချက်မှ မလျော့ပေမယ့် စိတ်ရင်းကောင်းသည့်ကောင်လေး။

ရွှေပန်းချီ ယခုလို ခြေထောက်နာနေရတာပင် ကျေးဇူးတင်ရမလို။ သူမကို လုံးဝကြည့်မရနေရာမှ ယခုကျ နည်းနည်းအဆင်ပြေတော့မည် ထင်ပါရဲ့။

သူဘဝလေးကို ပွဲပြင်ထိန်းကျောင်းပေးခွင့်ရချင်လို့ပါ။

အဖိုးတန်လူသားလေးတစ်ယောက် ပျက်စီးဆုံးရှုံးသွားမှာစိုးလို့ပါ။

ခေါ်တာကြီးကတော့ မမိုက်ပါ။ ဘွားတော်တဲ့။ ဟင်းကိုယ့်မှာဖြင့် အသက် (၂၂) နှစ်ရှိသေး။ ဘွားတော်ဖြစ်နေရပေါ့ပြီ။

စားသောက်ပြီးတော့ ထမင်းစားခန်းမှ ည့ည့်ခန်းထဲ ပို့ပေးသည်။ သူဟာ ကိုယ့်ကို ကလေးတစ်ယောက်လို ပွေ့ချီသွားထာက ကိစ္စမရှိ။

ထွေးထွေးအိအိ အပျိုစင်လေးရဲ့ကိုယ်ခန္ဓာကို ကလေးလို သူ သဘောထားလို့ရရဲ့လား။ ရွှေပန်းချီ ဘာမှမတွေးချင်တော့။

ည့ည့်ခန်းထဲမှာ ခေတ္တထိုင်ကြတော့ ရွှေပန်းချီ သူ့ကို အကဲခတ်နေမိသည်။

သူ့ကို ဆုံးမစကားတွေပြောလို့တော့ မဖြစ်လောက်သေး။ မြင်မြင်ချင်း ဆောက်နဲ့ထွင်းလို့မဖြစ်။ ပုဂ္ဂိုလ်ခင်မှ တရားခင်မှာဆိုလျှင်လည်း ခင်အောင်အရင်သိမ်းသွင်းရဦးမည်။

"ကေရာဖ်"

"ပြော ... ကျွပ် ဘာလုပ်ပေးရမလဲ ဘွားတော်"

"ငါ နင့်ကို အားနာတယ်။ ဒီည့ည့်ခန်းထဲမှာပဲ အိပ်လိုက်ပေါ့နော်"

"ဘာ"

သူအသံကြီးက ကျယ်လွန်းလို့ ရွှေပန်းချီ လှုန့်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com

"အပျိုလေးတစ်ယောက်ဖြစ်ပြီး ဒီလို အကာအကွယ်မရှိ နေစရာလား။ ထ ... သွားမယ်၊ ဘာမှအားနာမနေနဲ့"

"အင်းပါ"

နောက်ဆုံး သူ ဆတ်ခနဲ ပွေ့ချီရာသို့သာ ရွှေပန်းချီလိုက်ခဲ့ရပါသည်။



"ကျောင်းမတက်လို့ မဖြစ်ဘူး။ မနေ့ကမှ အလုပ်ဝင်ထားတာ"

"ဘယ်လိုသွားမလဲဗျ၊ ခင်ဗျားခြေထောက်က ထောက်လို့မှမရတာ"

"လိုက်ပို့သာပေးပါ ကေရာဇ်ရယ်၊ ကျောင်းထဲရောက်ရင် ငါ ကြည့်လုပ်ပါ့မယ်"

"ပြီးရော"

"နင်လည်း ကျောင်းတက်"

"ဘာဆိုင်လို့လဲ၊ ဘွားတော်နော် မရစ်နဲ့"

"ငါ တစ်ယောက်လုံး နှင့်အိမ်မှာရှိနေလျက်နဲ့ နင်က

www.burmeseclassic.com

www.burmeseclassic.com

ဂျူလေဒီဖြစ်နေတော့ ငါ သိက္ခာကျတာပေါ့''

''ဘာဆိုင်လို့လဲဗျ၊ ဘွားတော်က ကျုပ်ရည်းစားမှ မဟုတ်တာ။ အနေသာကြီး''

ငကောဖ် စကားပြေတာ ခပ်ရမ်းရမ်း။ သူမှာ ဂုဏ္ဍဝုတ္တိ၊ ဝရဂုတ္တိနည်းသည်လေ။

သူလေးစားရမည့်သူက ခပ်ရှားရှား။

သူက လောကကြီးကို ခါးစောင်းတင်ထားသူ။

''ဟဲ့ ... ငါက နင်တို့အရွယ်တွေကို သင်ကြားပြသဆုံးမသွန်သင်မယ့် ဆရာမ။ ငါတည်းတဲ့အိမ်၊ နင်က ဒီလိုသောင်းကျန်းနေတော့ ငါ သိက္ခာကျတာပေါ့''

''တစ်ကျောင်းစီပဲဗျာ။ ဘာသိက္ခာကျစရာရှိသလဲ''

မနက်ခင်း၏ တေးသံသာအဖြစ် သူတို့နှစ်ယောက်၏ အသံတွေက ဆူညံ ဆူညံ။ ရွှေမန်းချီ ကျောင်းယူနီဖောင်းလဲနေရင်း သူကို မြည်တွန်တောက်တီးနေတာ။

''ကျတာပေါ့ဟဲ့။ နင် ကျောင်းပြေးတာလည်း အားလုံးသိတယ်။ ငါ နင့်အိမ်မှာနေတာလည်း အားလုံးသိတယ်။ လျှို့ဝှက်ကိစ္စ မဟုတ်ဘူး''

''မသိဘူးဗျာ၊ ဘွားတော် ကျုပ်ကိုလာမရစ်နဲ့''

''ရစ်တာမဟုတ်ဘူးဟဲ့။ ငါက စေတနာနဲ့ပြောတာ။

ဘာလဲ နင်က ပညာရွှေအိုး လူမခိုးဆိုတာ မယုံဘူးပေါ့ ... ဟုတ်လား''

''ဘိုးတော်ဘုရားခေတ်က စကားတွေ လာမပြောနဲ့ဗျာ။ ခုခေတ် ပညာတွေတတ်လည်း အလုပ်အကိုင်ရတာမှတ်လို့။ ဘွဲ့ရ အိမ်ဖော်၊ ဘွဲ့ရစျေးသည်တွေဆိုတာ ဒုနဲ့ဒေး''

''နင်က ဝန်ထမ်းလုပ်မှ စားရမှာမို့လား။ ပညာဆိုတာ တတ်ထားရမှာပဲ။ ပညာတတ်မှ လူရာဝင်မှာ''

''ပညာဆိုတာ ဘွဲ့တတ်ပုံကြီး ညှော့ခန်းချိတ်ရုံလောက်ပဲ အသုံးဝင်တာပါဗျာ။ စာပေ ဗဟုသုတကြွယ်ဝအောင်သာလုပ်။ ရတယ်။ တချို့သောစာရေးဆရာကြီးတွေ ဘွဲ့မရပါဘူးဗျ''

''နင် စကားကို ကပ်မပြောနဲ့။ ဘာပဲဖြစ်ဖြစ် အတန်းပညာလည်း ရှိသင့်၊ တတ်သင့်တာပဲ။ ဆယ်တန်းလေးအောင်ထားတော့ မကောင်းဘူးလား''

''ဆယ်တန်းအောင်ပြီးတော့လည်း ဘွားတော် ကျုပ်ကို ဘွဲ့ရစေချင်ဦးမှာပဲ''

''အေးပေါ့''

သူတို့နှစ်ယောက်အဖြစ်က ရယ်စရာ။ တွေ့ကြတာ ရက်ပိုင်းလေးရှိပေမယ့် ခင်မင်ရင်းနှီးနီး။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အရာတွေကြောင့် တစ်သွေးတည်း တစ်သားတည်း ဖြစ်သွားနေတာလဲ မသိ။ ယခုလည်း သူမက အစတ် အစားလဲပြီးလို့ ခေါင်းဖြီးနေတာ။

သူက ရွှေပန်းချီရဲ့အခန်းထဲဝင်ပြီး လိုအပ်တာ ကူညီလုပ်ကိုင်ပေးလို့။ သူမက ဆံပင်ရှည်ကို ဆံထုံးထုံးဖွဲ့နေတော့ လည်း မျက်လုံးအပြူးသားနှင့် ငေးဏ်။ ပြီးမှ –

ဝရန်တာသို့ အပြေးထွက်ပြီး သူချိတ်ဆွဲထားသည့် သစ်ခွပင်များမှ အဖြူပွင့်ကြီးတစ်ပွင့်ကို တယုတယ ခူးဆွတ်လာခဲ့သည်။

မာမီက ပန်းစိုက်ဝါသနာပါသူပါ။ သူ မာမီနှင့်အတူ ပန်းပင်တွေကို ပြုစုပျိုးထောင်ရင်း သူလည်း ပန်းချစ်သူဖြစ်လာခဲ့သည်လေ။

သူပန်းပင်တွေကို သူပဲ ပြုစုသည်။ သူပန်းပင်တွေကို မည်သူမျှ လက်ဖျားနှင့်တောင်မထိရ။

ဟော ယခုကျ သူကိုယ်တိုင်ပင် အလှဆုံး သစ်ခွပွင့်ကို ရွေးချယ် ခူးဆွတ်လာခဲ့ပါပကော။

"ရော့ ... ဘွားတော် ပန်လိုက်"

"အေးဟယ် ... ကျေးဇူးတင်လိုက်တာ။ ငါ့ချစ်သူက လည်း ငါ့ကို ပန်းအမြဲပေးတယ်"

"ဘာ"

ရင်ထဲမှာ ရွှေပန်းချီကို မရည်စူးမိပေမယ့် ခင်မင်နှစ်လိုမိတာ အတိုင်းအဆမဲ့။ သည်တော့ သူမဇာစကားကြောင့် ဇကရာဇ် ရင်ဝဆောင့်ကန်ခံလိုက်ရသလို အင့်ခနဲ။

"နင်ကလည်း ဘာဖြစ်တာလဲ"

"သြော် ... ကျုပ်က ဘွားတော်ကို ဖြူဖြူစင်စင်လေး ရည်းစားတွေ ဘာတွေ မရှိဘူးထင်လို့ပါ"

"ငါလည်း ကြိုက်မယ့်သူ ရှိတာပေါ့ဟဲ့"

"အဲကောင်က ဘယ်ကလဲ"

"နင်နော်၊ သူကို ရိုင်းရိုင်းစိုင်းစိုင်း မပြောပါနဲ့။ သူက ငါ့ထက်တောင် (၂) နှစ်ကြီးတာ။ ရိုရိုသေသေ ပြောမှပေါ့"

"ပြောနိုင်ပါဘူး။ အဲ့ကောင်က ဘာလဲ သူဌေးလား"

"မဟုတ်ပါဘူး။ သူ အခု ကျပန်မှာ အလုပ်သွားလုပ်နေတာ။ ငါတို့ ရွှေရေးအတွက် ငွေစုနေတာပေါ့။ သူနာမည်က အုပ်ပြည့်နိုင်တဲ့"

"နာမည်ကလည်း ကြောင်တောင်တောင်နဲ့"

"နင်တောင် ဇကရာဇ်လို့ မှည့်သေးတာပဲ"

ဇကရာဇ် မျက်နှာမဲသွားတော့ပါ။ မျက်နှာက ပိုပြီး စိုပုပ်သွားမိသည်။ ဘာဖြစ်တာလဲတော့မသိ။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုစာကိုတော့ သူ သေသေချာချာ နားမလည်သေးတာအမှန်။

ဒီလိုပဲ ကောင်မလေးတွေနဲ့ ပေါ်းလား ဝါးလား။ မည်သူကိုမှတော့ ချစ်တပ်မပြောဖူးသေး။ တွဲလိုက်၊ ခွဲလိုက်၊ ပြုလိုက်၊ စုလိုက်။

သူ့ဓာတ်က ဆံထုံးလှလှလေးထုံးပြီး သူပေးသည့် သစ်ခွအဖြူကို ပန်သည်။ ကော်ဖီပန်းကန်ပြားလောက်ရှိသည့် ပန်းကလေးဟာ သူမခေါင်းမှာ ကျက်သရေတွေ ဝင့်ဖြာလို့။

ကျက်သရေမဖြာနိုင်တာ ဇောရောဖိပါပဲ။ ရင်ထဲ ပဒပ်ဝင်သလို ပြောင်းဆန်နေ၏။

"ကဲ ... ငါ့ကိုကျောင်းပို့တော့ နင်လည်း ကျောင်းတက်ရမယ်နော်၊ ဒါပဲ"

"မတက်ဘူးဗျာ။ ကျုပ် ဆယ်တန်းအောင်လည်း ဆုချမယ့် မဖော်မရှိဘူး။ ကျုပ်ကို ဂရုစိုက်မယ့်သူ ဘယ်သူမှမရှိဘူး"

သူမကိုပွေ့ချီပြီး အပေါ်ထပ်မှ ဆင်းလာတော့ အလှဆုံးယမင်းရုပ်လေးနဲ့ယ်၊ ရွှေပန်းချီက သိပ်ပြီးချစ်စရာကောင်းနေ၏။

သူ ကားထဲသို့ တစ်ခါထဲ ထည့်လိုက်သည်။

"နင် ဆယ်တန်းအောင်ရင် နင်လိုချင်တဲ့ဆုကို ငါပေးမယ်။ ကျောင်းပြန်တက်၊ မှန်ဗီရိုထဲမှာ နင် (၉) တန်းထိ ရခဲ့တဲ့

ဆုတွေမြင်ပြီး ရင်နာလွန်းလို့ပါ"

"ဘွားတော်က ကျုပ်ကို ဘာဆုတွေပေးမှာလဲ"

"နင်လိုချင်ရင် ငါ့အသက်တောင် ပေးမယ်"

သူမျက်လုံးလေး ဝင်းခနဲ လက်သွားပြီးမှ အရောင်ပြန်မှိန်ရပြန်သည်။

"မိန်းကလေးတွေက စကားကိုလုအောင် ပြောကြတာပါဗျာ။ ပြီးတော့လည်း ကိုယ့်စကားကိုယ် တန်ဖိုးမထားတတ်ကြပါဘူး"

"အဲဒီအစားထဲမှာ ငါ မပါဘူး။ ငါက စကားကို ဆိုခဲ့စေ၊ မြဲစေဆိုတဲ့ လူမျိုး"

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျုပ် ဆယ်တန်းအောင်အောင်ပြန်ပြီး ကြိုးစားပါ့မယ်။ ဘော်ဒါတွေ၊ ကိုယ်ပိုင်ကျောင်းတွေမှာတော့ သွားမနေဘူးနော်။ အိမ်မှာပဲ ကြိုးစားမယ်"

"ဟဲ့ ... ကျောင်းမတက်ဘဲတော့ရမလား"

"တက်မှာပေါ့။ ကျောင်းတက်မယ်"

"ဟုတ်ပြီ ... ငါ ဂိုက်လုပ်ပေးမယ်"

"ဘွားတော် ဂိုက်မလုပ်နဲ့။ ဘွားတော် ဂိုက်လုပ်ရင် ကျုပ်ရဲ့ဆရာသခင် အာစရိယအနွယ်ဝင် ဖြစ်နေဦးမယ်"

"နင်က ငါ့ကို ဆရာ မတင်ချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com

''ဆရာ မတော်ချင်တာပါ။ ဘွားတော်နဲ့ကျုပ် ဆရာတပည့်မဖြစ်ချင်ဘူး''

''အမယ်လေးဟဲ့၊ ကဲ ... ဒီနေ့ကစပြီး ကျောင်းတက်ဖို့ လုပ်ပေတော့။ သွား လွယ်အိတ်သွားယူ။ နင်တို့ကျောင်းမှာ ငှါသူငယ်ချင်းရှိတယ်၊ သူကိုအပ်လိုက်မယ်''

''မလုပ်ပါနဲ့ ဘွားတော်ရယ်''

''ဆင်ခြေမများနဲ့။ သွား လွယ်အိတ်သွားယူ''

ဇီကုပ်ပြီးနတ်ပြည်တင်တယ်ဆိုတာ ဒါမျိုးပေါ့။

ကောဇိရေ ... နင့်ကို တော်ကီတွေ အများကြီးကျွေးရဦးမယ်။ ဖြည်းဖြည်းချင်းပေါ့။

❁

အခန်း (၅)

ကောဇိရင်ထဲမှာ အီလည်လည်။

ခိုးလို့ခုလုဖြစ်နေတယ်ဆိုတာ ဒါမျိုးဖြစ်မည်။

ဘွားတော်မှာ ရည်းစားရှိတယ်တဲ့။ အုပ်ပြည့်နိုင်တဲ့။ အဲကောင် ဘာကောင်လဲ။

ဘွားတော် သူ့ကို ကျုပ်ထားတာလား။ တစ်ခါမှလည်း လွမ်းဆွေးနေတဲ့ပုံမထွက်ဘဲနဲ့။ ပြီး ချစ်သူနဲ့ ဖုန်းပြောနေတာမျိုးလည်းမတွေ့။

အေးလေ ... အိပ်ရာထဲရောက်မှ ပြောချင်လည်း ပြောမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သူဟာ (၉) တန်းအထိ စာတော်ခဲ့သူမို့ ကျောင်းမှန်မှန် တက်ပြီး စာမှန်မှန်ကျက်လိုက်သည်နှင့် အားလုံးအိုကေ။

အိမ်မှာပင် ဂိုက်တစ်ယောက်ခေါ်လိုက်၏။ အဲဒီဂိုက်က ဒယ်ဒီမိတ်ဆွေရဲသမီး။ ဆယ်တန်းတုန်းက ဘာသာစုံဂုဏ်ထူးနှင့် အောင်ခဲ့ပြီး လောလောဆည်လည်း ဆေးကျောင်းပြီးထားသူ။

အလုပ်မဝင်သေးလို့သာ ဂိုမက်ပြစားနေတာ။ နာမည်က လည်း ကောင်းကင်ကမဆင်း။

တိမ်ယံမြင့်မိုရ်တဲ့။ ကြောင်တောင်တောင်အမည်။ လူက လည်း စာဂျိုးရုပ်။

ဖြူစုတ်ဖြူဖတ်မှာ မျက်မှန်ကြီးနဲ့။

ရုပ်ကတော့မဆိုးပါ။ လူထက် အရုပ်နှင့်တူသည်။ လှပေ မယ့် ဝေဠုမြတ်စွာလို လေထိုးရုံနှင့် မူးလဲလောက်သည့်ရုပ်။

အသက်က (၂၃) ဆိုတော့ ဘွားတော်ထက်တောင် ကြီးသေး။

သို့သော် ဘွားတော်က လှလှပပ၊ ပြည့်ပြည့်ဖြိုးဖြိုး လေး။ ရုပ်ခနဲကြည့်လျှင် သွယ်သွယ်လေးဆင်ရပေမယ့် အနှစ် ပြည့်တာ သူအသိဆုံး။

သူမကိုခိုးပြီး လေ့ကားအဆင်းအတက်လုပ်ခဲ့ရတာ တစ် ပတ်တိတိ။

ဆုမတောင်းကောင်းဘူးပေမယ့် ဘွားတော် ကျိုးသွားရင် တစ်လခွဲလောက် ချိနေရမှာ။

ဇကရာဖိတို့၏ ဇာတာစန်းလဂ်က တက်ချင်တော့လည်း ဘွားတော် (၂) ယောက်နှင့် အိုကေမှာစိုပြေလို့။

သို့သော် (၂) ယောက်လုံး သူကိုနှိုင်စားတာတော့ မကြိုက်။

ဘယ်လို ဘ်ယ်လိုများ စည်းပေါက်သွားသည်မသိ။ သည်လောက်စုပုတ်၊ မာဇန်ပြနေပေမယ့် သူကိုဆို စိတ်တိုတတ် သည့် ခွေးပေါက်လေးတစ်ကောင်လောက်သာ သဘောထားကြ လေသလားမသိ။

ဒါလည်း ဝဋ်ကြွေးတစ်မျိုးပေပ။

ဒယ်ဒီနှင့် မိထွေးတော်က တစ်ပတ်တိတိကြာမှ ပြန်လာ ကြပြီး ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကျက်နေသည့် ဇကရာဇ် ကို မြင်ကြလျှင် ဝမ်းသာလုံးဆို့သွားကြပေမယ့် မျိုသိပ်ထားကြရ ၏။

ကမ်းတက်မှာစိုးလို့လေ။ တပြုံးပြုံးရုပ်ကိုတော့ မဖုံးနိုင် မဖိနိုင်။

သားသမီးကို မချစ်တဲ့မိဘရယ်လို့ ဘယ်ရှိမလဲ။ အဲဒီ အရွယ်ဆိုတော့ ဆေးပေး မီးယူလေးလည်း လိုချင်သေးတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

မနက် (၇) နာရီခွဲလောက်ဆို သူတို့နှစ်ယောက် ကျောင်းသွားဖို့ အသင့်ဖြစ်ကြပြီ။

အဖြူ အစိမ်းလေးနှင့် သိပ်ပြီးလှပယဉ်ကျေးနေသော ရွှေပန်းချီဟာ ဇကရာဇ်အတွက် အဆိပ်သီးလေးတစ်လုံး။

ချစ်သူရှိတဲ့ဘွားတော်။

သူငယ်ချင်းတွေကို သူ ရင်ဖွင့်မိတော့ အားလုံးက သြဘာပေးကြတာပါပဲ။

''ဟေ့ ... ဟိုစကားပုံ၊ ဘာလဲ ... ရွှေပန်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာ''

ဘဝမှာ။

ရွှေပန်းချီကိုလည်း ကျေးဇူးတင်လိုက်တာအလွန်။ သူ့ကြောင့် ကိုယ့်သားတော်မောင် အမြင်မှန်ရလာတာ။

သည်ကြားထဲ သူမိတ်ဆွေရဲ့သမီး တိမ်ယံမြင့်မိုရ်က ကျောင်းပြီးချိန်အားနေတုန်း သားကို ဂိုက်လာလုပ်ပေးပြန်တော့ရာ။

အတိုင်းထက်အလွန်၊ တံခွန်နဲ့ကုက္ကား ဆိုသလို။ သားတော်မောင်အတွက် သူ စိတ်အေးရတာပေါ့။

ကျချင်တဲ့တွင်းထဲကျ။ သဘောကျစရာချည်းပါပဲ။

ရွှေပန်းချီရော တိမ်ယံမြင့်မိုရ်ပါ (၂) ဦးစလုံးဟာ သူ့အရည်အချင်းနှင့်သူ။

အိမ်မှာလည်း အခြေအနေတွေက နှစ်လိုဖွယ်ကောင်းလာပေါ့ပြီ။ သားတော်မောင်ဟာ ခါတိုင်းလို သူတို့လင်မယားကို ဂျစ်မတိုက်နိုင်တော့။ သူညီမဆိုတာကိုလည်း အသိအမှတ်ပြုဖော်ရလာပြီ။

ငြိမ်းချမ်းရေးရောင်ခြည်သန်းလာတာ မြန်မှမြန်။

ရွှေပန်းချီဟာ အရည်အချင်းရှိသည့် မိန်းကလေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

"ရှစ် ဒီခေတ်ကြီးထဲ ကောင်မလေးတွေ ရည်းစား တစ်ယောက်ပြည့်အောင်သာ ထားနေရင် အမှန်ဖြစ်မှာ သေချာတယ်။ အဘယ်ဆိုလို၊ ကောလိပ်တွေအနားမှာ တည်းခိုခန်းတွေ၊ အလုပ်တတ်ဆိုင်ဆွေဖွင့်တာ ဘာလုပ်ဖို့လဲ"

"ငါက ကိုယ်ချစ်ရင် လိုက်သာလိုက်၊ ရအောင်သာယူဖို့ ပြောချင်တာပဲ။ ရည်းစားဆိုးဘဲ ခင်ပွန်းမှမဟုတ်ဘဲကွ။ စီတိုးဆင်းရဲခံမနေနဲ့။ ပရိုဖို့စ်လုပ်"

"မင်းတို့ကလည်းကွာ၊ ငါက ဘွားတော်ကို ချစ်တယ် ရယ်လည်းမဟုတ်သေးပါဘူး။ သူမှာ ချစ်သူရှိတယ်ဆိုတာနဲ့ ရင်ထဲတစ်မျိုးကြီးခံစားလိုက်ရတာကို ရင်ဖွင့်ပြတာ"

"ငတုံး၊ ကိုယ့်ဘာသာ ဘာဖြစ်လို့မှ ဖြစ်မှန်းမသိ။ ခြင်းစီးပြီး အထီး အမ မသိဆိုတာ နင်ပဲ"

"အဲဒါ နင် ဘွားတော်ကို ချစ်နေတာ ချစ်နေတာ"

"မဟုတ်သေးပါဘူးကွာ။ ငါစာကြိုးစားချဉ်းမယ်။ ဘွားတော်က ငါ့ကို စာမေးပွဲသိပ်အောင်စေချင်တာ"

သည်လိုနဲ့ စကားတွေလမ်းကြောင်းလွဲခဲ့ရတာ။

ဘွားတော်နှင့်သူ ကားလေးအတူစီးလို့ ကျောင်းတက်ရတာ။ သို့သော် သူ မပျော်တတ်တော့ပါလား။ ရင်ထဲမှာ ဆွေးသလိုလို။

မကြည်တဲ့နေလုံး၊ မပြုံးတဲ့မျက်နှာ ဘွားတော်ကတော့ ဆံထုံးလှလှလေးမှာ သစ်ခွလေးတစ်ပွင့် ပန်လို့။

သနပ်ခါးရနံ့လေးကလည်း ရင်အေးစရာ။ တိမ်ယံမြင့်မိုရ်က ကာလာစုံမျက်နှာနှင့် အရုပ်တစ်ရုပ်လို လှပနေပြီး ရွှေပန်းချီကတော့ သဘာဝသယံဇာတတွေနှင့်ပင် အလှတွေကအလှိုင်ယယ်။

"မျက်နှာက ဘာဖြစ်နေတာလဲ၊ စာမရလို့လား"

မီးပွိုင့်မိနေကြတုန်း ရွှေပန်းချီက သူ့ကို မျက်မှောင်ကျုံ့ပြီးမေးသည်။

"ရပါတယ်၊ ကောဇိတို့က အပေအတေလုပ်နေရင်သာ။ မလုပ်လို့ကတော့ အေးဆေးပဲ"

"အေးပါ ... ဟုတ်ပါတယ်၊ အစဉ်အလာကောင်းတွေရှိပြီးသားပါ။ ငါ သိပါတယ်။ ဒါပေမဲ့ ဒီမနက်တော့ နင် နည်းနည်းလွန်တယ်"

မနက်က ' သူ ဇော်မူယာနွယ်စိုးအပေါ် နည်းနည်းပြဿနာရှာခဲ့သည်။ ဒါတောင် ထုံးစံထက် လျော့ထားတာ။

"သူလုပ်ပုံလည်း ကြည့်ဦးလေ။ သားအဖကြားထဲ သပ်လျှိုသလိုလို စေတနာထားသလိုလိုနဲ့ ကျုပ် ကောင်းကောင်းမှန်မှန် နေတာကို မမြင်ချင်ဘူးထင်တယ်"

"ဒီလိုလည်း မဟုတ်ပါဘူးဟယ်။ စေတနာနဲ့ ပြောတာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှာပါ''

''ဘွားတော် မသိပါဘူးဗျာ။ သူက လူရှေ့ သူရှေ့တော့ မခုတ်တတ်တဲ့ကြောင် ပုံစံမျိုး။ ဘွားတော်စဉ်းစားကြည့်လေ။ သူအရွယ်နဲ့ ဒယ်ဒီကိုယူတာ ပစ္စည်းမက်လို့ပေါ့။ အရှင်းကြီး။ အချစ်စစ် အချစ်မှန်တွေ ဘာတွေ လာမပြောနဲ့ဗျာ၊ အယုံအကြည် မရှိဘူး''

''ဘွားတော်ဆိုရင်ရော ဒယ်ဒီအရွယ်ကြီးကို ယူမလား၊ ချစ်မလား''

''ဟဲ့ ဒါကတော့ သူရေစက်နဲ့သူလေ။ ငါ့မှာမှ ရေစက် မရှိတာ''

ကားပေါ်မှာ စကားများရတာလည်း ကေရာဇ်ကတော့ ပျော်တာပဲ။ ကြည်နူးသလိုလို၊ ရင်ဖိုသလိုလို၊ စိတ်တိုသလိုလို။

''ဘွားတော် ရေစက်က ကိုယ့်ထက်ငယ်တဲ့သူနဲ့ပဲ ဖူးစာဆုံမှာ၊ စိတ်ချ''

''အံမယ် ... ငါ့ထက်ကြီးပါတယ်ဟဲ့။ သူက ငါ့ထက် (၂) နှစ်ကြီးတယ်''

''အဲ့ဘိုးတော်ကြီး ခေါက်ထားလိုက်စမ်းပါဗျာ။ မမိုက်ပါဘူး''

''နင်မသိဘဲနဲ့ ရမ်းမပြောနဲ့။ သူခမျာ ငါ့ကို တင့်တောင်း

တင့်တယ် လက်ထပ်ယူနိုင်ဖို့၊ ထားနိုင်ဖို့ ငွေသွားရှာနေရတာ''

''အဲလောက် ဆင်းရဲနေတဲ့သူကို ဘွားတော်ပဲ စဉ်းစားတယ်။ အစကတည်းက တစ်ခါတည်း ရယ်ဒီမိတ်ကို စဉ်းစားပါလား''

''ရေစက်ကိုးဟ၊ ရေစက်က သူနဲ့ပဲပါတာ''

ကေရာဇ် ကြည်လင်နေရာမှ ရုပ်ပျက်လာပြီး အပုပ်ချိန်ရောက်လာချိန်တွင် ရွှေပန်းချီ၏ကျောင်းသို့ ရောက်သဖြင့် သူကျောင်းရှေ့မှာ ကားရပ်လိုက်ရသည်။

''ညနေ ဘယ်အချိန်''

''ဖုန်းဆက်မယ်''

''အင်း''

''ဖုန်းလည်း ခိုးပြီး ဂိမ်းဆော့မနေနဲ့ဦး''

''မဆော့ပါဘူး၊ ခိုးကိုင်နေရတဲ့ဥစ္စာ''

ဘွားတော်ကိုပို့ခဲ့ပြီး ကေရာဇ် ကိုယ့်ကျောင်းကိုယ် မောင်းထွက်လာခဲ့သည်။

လမ်းမှာ သူတွေ့နေကျအုပ်စုက ဆိုင်ကယ် (၃) စီးနှင့် စောင့်လို့၊ သူ ကားပေါ်မှပင် မဆင်းတော့ပါ။ ကားတံခါးဖွင့်ပြီး မေးဆတ်ပြလိုက်ရုံ။

''ပြော''

www.burmeseclassic.com

www.burmeseclassic.com

"မင်းက ဘာသောက်ချိုး ချိုးတာလဲ။ မပြောချင်လို့။ ပုံစံကိုက ဘုရားတကာလိုလို ဂါဝကလိုလိုနဲ့ ကိုယ့်မအေလောက် ကြီးနဲ့တွဲပြီး သာယာနေတာလား"

သူတို့နှင့်မတွဲတော့ဘဲ ကျောင်းမှန်မှန်တက်နေတာကိုက မဟာပြစ်ချက်ကြီးတစ်ခုအလား။

သူတို့က လူ (၆) ယောက်။ ဒေဒတ်လို အပေါင်းအသင်းတွေဟာ ကိုယ့်အချင်းချင်းရဲ့ အသားကိုတောင် ဖဲ့စားတော့မည့် ဝေလငါးတွေအလား။ ခွေးအတွေအလား။

"အေးဆေးနေကြစမ်းပါကွာ။ မင်းတို့နဲ့ငါ ဘာရှေ့မှ မရှိချင်ဘူး"

"အဲမာ ... ခုခါမှ မင်းသားလေးလို နုပြမနေနဲ့။ ဟေ့ကောင် ဆင်း"

စောစောစီးစီး ဆေးပေါက်နေကြတာလား။ နှံအိုင်ထဲမှာ ပျော်မြူးနေကြသည့် ဝိုးဖလံတွေ။

သူ ပခုံးတွန့်၊ လက်ခါပြပြီး ကားကို ခပ်ကြမ်းကြမ်းပင် ဆောင့်မောင်းထွက်ခဲ့သည်။

သည်ပြဿနာမီးဟာ မအေးတော့ကြောင်း ဇကာဖိ သိနေပါသည်။

သူဟာ သားကောင်ဖြစ်ရဦးမှာလား။ ဟင့်အင်း ...

သားကောင်တော့မဖြစ်ချင်။ မုဆိုးလို မရက်စက်ချင်ပါဘူးဆိုလျှင်ဖြင့် သားကောင်လို လျှောက်ပြေးနေရမည့်ဘဝ။

ညနေ (၄) နာရီမှာ သူ ဘွားတော်ကို စောင့်နေပြီ။ ကျောင်းရှေ့ကားထဲမှ။ ကားထဲမှာပင် သူ စာကြည့်နေတာမို့ ဘွားတော် ကားထဲဝင်လာမှပင် သိတော့သည်။

"သိပ်လိမ္မာတဲ့ အပေအတေလေး"

"ဟင်း"

သူ ကားမောင်းထွက်လာခဲ့ရင်း မျက်နှာက ငေးငေးမှုန်မှုန်။ မနက်ကကိစ္စက ရင်ထဲ လိပ်ခဲတည်းလည်း။ လူမိုက်မှာ ဆေးမရှိ။ နစ်ကျွံခဲ့ဖူးသည့် ခြေထောက်ကို သူရဲ့ဒေဒတ်လို အပေါင်းအသင်းတွေက ပြန်နှုတ်ခွင့်မပေးချင်ကြတော့။

ခွေးအတွေလိုပဲ သူကို ဝိုင်းအုံကိုက်ခဲ၊ စားသောက်ကြတော့မှာလား။

ကိုယ့်ကို ထိခိုက်မှာထက် ဘွားတော်ကို ထိခိုက်မှာ သူ ပိုပြီးစိုးရိမ်သည်။ သူအပူက မီးဟုန်းဟုန်းတောက်မတတ်။

"ကားမောင်းတာ စိတ်တွေပျံ့လွင့်မနေစမ်းနဲ့ ဇကာရှင်"

တကယ်လည်း သူစိတ်တွေ ပျံ့လွင့်နေခဲ့သည်။ စိုးရိမ်ပူပန်မှုတွေကြောင့် လူက နေ့ ... ထိုင်မသာ။

"ဆောရီး၊ ကျုပ်တောင် သေရဲရင် ဘွားတော်ကရော

www.burmeseclassic.com

www.burmeseclassic.com

မသေရဲဘူးလားဗျ''

''ဟဲ့ ... မိုက်ရူးရဲစကားတွေ မပြောစမ်းပါနဲ့''

''လူဘဝဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါဗျာ''

''အံမယ် ... အံမယ်၊ အပေအတေ၊ ဂျလေဗီကိုကို ကများ တရားစကားလိုလို၊ သံဝေဂရသလိုလိုနဲ့။ သေတစ်နေ့ မွေးတစ်နေ့ဆိုပေမယ့် အသက် (၁၂၀) ထိတော့ လူတိုင်း နေသွားချင်တာပဲ။ သေချိန်တန်မှသေ၊ ကြွေချိန်တန်မှကြွမှာပေါ့ဟဲ့''

''လောဘကလည်း ကြီးလိုက်တာ။ အသက် (၆၀) လောက်ဆို တော်ရောပေါ့ဗျာ''

''အံမယ် ... မသေနိုင်သေးပါဘူး။ ကောင်းကောင်း မောင်းစမ်း ကေရာဇ်ရာ''

''ကျုပ်ရင်ထဲမှာ မထွေးနိုင်၊ မမျိုနိုင်ဖြစ်နေရလို့ပါဗျာ''

''ဘာလဲ ... ငါက နင့်ကြည့်ရတာ ဘာကိုမှ မမှုတတ်ဘူးလို့ ထင်ထားတာ။ ခုတော့ မှားပြီပေါ့''

''မှုတော့မမှုဘူးပေါ့ဗျာ။ ဒါပေမဲ့ တစ်ခါတစ်ခါကျတော့ လူဆိုး လူမိုက်နှင့် ပေါင်းသင်းရခြင်းဟာ မြွေပွေးကို နို့တိုက်ရသလိုပါပဲ။ အင်မတန် အန္တရာယ်များတယ်''

''ကောင် ... နင့်အပေါင်းအသင်းတွေနဲ့ ရန်ဖြစ်လာတာ ဖြစ်မယ်''

''ကျုပ်ကို သူတို့က သူတော်ကောင်းလုပ်ခွင့်မပေးချင်ကြတော့ဘူးဗျ။ အမြီးပြတ်ရုံတင်မက တစ်ကိုယ်လုံးပါ ဖြတ်ပစ်ချင်နေကြတာ''

''တအားကြီး စိတ်မပူပါနဲ့ သားရယ်။ ငါတစ်ယောက်လုံး နင့်အနားမှာ ရှိပါတယ်''

ရွှေပန်းချီ 'သား' လို့ ခေါ်လိုက်သဖြင့် ကေရာဇ် တွန့်ခနဲ ဖြစ်သွားပုံမှာ ရယ်စရာပင် ကောင်းသေးတော့။

''ဒေါ်ရွှေပန်းချီ ... ကျုပ်ကို အဲကောင်တွေ အသေသတ်ချင် သတ်သွားပါစေဗျာ၊ ခင်များ ကျုပ်ကိုတော့ 'သား' လို့ မခေါ်ပါနဲ့''

''ဘာဖြစ်လို့လဲဟဲ့''

''ဟာဗျာ ... အသေသတ်တာပဲ ခံလိုက်ချင်ပါတယ်။ အသက်ကလေး ၃-၄ နှစ်ကွာတာနဲ့ တအားကြီး ဖမ်းနှိမ်မပစ်ချင်စမ်းပါနဲ့''

''ဟဲ့ ... နင်က ငါ့တပည့်အရွယ်လောက်ရှိတာ''

''ရှိ ရှိ ... သားလို့တော့ မခေါ်နဲ့ဗျာ။ လူကို မီးခဲဝါးမိတဲ့အတိုင်းပဲ''

''နင်လည်း ငါ့ကို ပွားတော် ဘွားတော်နဲ့ မခေါ်နဲ့''

ကားကတော့ မီးပွိုင့်မီလိုက်၊ ကားကျပ်လိုက် အိမ်

www.burmeseclassic.com

www.burmeseclassic.com

ရောက်တဲ့အထိ စကားက မပြတ်သေး။ သူတို့ (၂) ယောက်ရဲ့ စကားတွေက လိုရင်းမရောက်သေး။

"မခေါ်တော့ဘူး၊ ကျုပ်ကိုလည်း သားလို့မခေါ်နဲ့"

"အေးပါ ... မခေါ်တော့ပါဘူး။ ငါ့ကို ကျုပ် ကျုပ်နဲ့လည်း မပြောနဲ့။ မရိုင်းတတ်တဲ့ ရိုင်းမနေစမ်းပါနဲ့ ဇကောဇ်ရယ်"

နှစ်ယောက်သား အပေးအယူတွေ လုပ်နေရပေမယ့် ကောဇ်ပုစံက အင်တင်တင်။

"ဘွားတော်လို့မခေါ်ဘူးဆို တော်ရောပေါ့ဗျာ။ ခင်ဗျားက တောင်းဆိုတာတွေများလွန်းတယ်။ ကျွန်တော့်ကို သားလို့မခေါ်နဲ့။ ကျွန်တော်ကလည်း ဘွားတော်ကို ဘွားတော်လို့ မခေါ်ဘူး။ တော်ပြီပေါ့"

"အေးပါ ... အေးပါ"

နှစ်ယောက်သား ကားပေါ်မှဆင်းခဲ့တော့ မူယာနွယ်စိုးကို ပြင်ဆင်လှုပလျက် တွေ့ကြရသည်။

"သူငယ်ချင်း ... နင် အိမ်ခဏကြည့်လိုက်ဟာ။ သမီးကိုလည်း စောင့်ရှောက်လိုက်ပါဦး"

"အေးပါ ... ညည့်ခံပွဲလား"

"ဟုတ်တယ် ... ကိုကို ဖုန်းလှမ်းဆက်လို့။ ညည့်ခံပွဲက (၆) နာရီဆိုပေမယ့် ကားလမ်းက သဲချာတာမဟုတ်ဘူး"

"အေးပါ ... အေးပါ"

မူယာနွယ်စိုး ကားတစ်စီးနှင့်ထွက်သွားတော့ ရွှေပန်းချီ နေရာမှ အားတင်းပြီးရွှေ့ရသည်။ ခြေထောက်မကောင်းသေးဘဲနှင့် ကျောင်းတက်ရ။ ကျောင်းမှာတော့ ကလေးတွေ တွဲပို့တာပဲ။

ယခုကျ ဇကောဇ် မေ့သွားတာလားမသိ။ တိုက်ထဲသို့ ဝင်သွားလိုက်တာ ပေါ်ကိုမလာတော့။ ရွှေပန်းချီ ဒေါ်ထားကို လှမ်းခေါ်ရမလား။ သက်ချိုကိုခေါ်ရမလား စဉ်းစားရင်း ကားဘေးတွင် ရပ်နေမှ -

ဇကောဇ် အပြေးရောက်လာခဲ့သည်။ ကိုယ်တော်ချောက အဝတ်သွားလဲတာကိုး။ အောက်မှာ ဘောင်းဘီအရှည် ဝတ်ထားပေမယ့် အပေါ်ပိုင်းက ဗလာ။

"ဟဲ့ ... စွပ်ကျယ်လေး။ တီရှပ်လေးဖြစ်ဖြစ် သွားဝတ်ဦးလေ။ နင် အနေအထိုင် သိပ်ပက်စက်တာပဲ"

"ဘွားတော်ကို သတိရလို့ ပြန်လာတာ။ ရစ်မနေနဲ့ ထားပစ်ခဲ့လို့"

"အံမယ် ... နင်ပို့မပေးလည်း ငါဘာသာ ဒေါ်ထားတို့ကို ခေါ်မှာပေါ့"

"ဒေါ်ထားကဖြင့် သူကိုယ်သူတောင် အနိုင်နိုင်။ လာစမ်း ဒါဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ဟဲ့ ... ငါ့ကို တွဲရုံတွဲ၊ ရတယ် ... ရတယ်"

တဟဲ့ဟဲ့အော်ရင်း သူပွေ့ချီသွားရာနောက်သို့ ရွှေပန်းချီ ပါသွားရသည်သာ။

သက်ချိုကတော့ မီးဖိုခန်းမှ ချောင်းကြည့်ပြီး တဟိဟိ သဘောကျလို့။

အခန်း (၉)

တိမ်ယံမြင့်မိုရ်က သူကားသူမောင်းလာပြီး ကျောဖ်ကို ဂိုက်လုပ်ပေးသည့် ဆရာမ။

တိမ်လွှာမို့မို့လွင်ပေါ့။ တိမ်ပေါ်ကမမ။ ကျောင်းဆရာမ မဟုတ်တာမို့ ပညာရေးသဘောတရားတွေ ဘာတွေလည်း နားမလည်။ ရောဘူးပေါက်တာမလို ရေပါဖို့သာလိုသည်ဆိုသည့် တစ္ဆေတ်ထိုး တဇောက်ကန်း။

ကျောဖ် စာမရလျှင် ထိုးလိုက်၊ ခေါက်လိုက်၊ ခိုက်လိုက်၊ ပုတ်လိုက်နှင့်။ ဟိန်းလား မြောက်လားကလည်း လုပ်သေး။

www.burmeseclassic.com

www.burmeseclassic.com

လှဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ်ကိုးသည့် မိုးပေါ်က မမကို ကောရဖ် စိတ်ပျက်ပါသည်။ စာမှစာ၊ တစာစာ။ ကြက်တူရွေး စနစ်ကို ဆက်လက်အသက်သွင်းနေသည့် မိုးပေါ်က မမ။

"ငါတို့တုန်းက ဘာသာစုံဂုဏ်ထူးရပြီး အမှတ်ပေါင်း ၅၄၀ နဲ့ ဆေးကျောင်းဝင်ခဲ့တာ။ တစ်ဘာသာကို ပျမ်းမျှ (၉၀) ပဲ"

"နည်းတာပေါ့"

"ဘာ"

ကိုယ်ရည်သွေးတီးလုံးတွေကလည်း တီးသလားမမေးနှင့်။ ကိုယ့်ကိုယ်ကိုယ်ကို ဖော် မသူတော်။

ကောရဖ်တို့ကလည်း စာသာမရရှိရမည်၊ ဗဟုသုတကတော့အပြည့်။ သူများကို ကလော်ရမယ်ဆိုရင်ပေါ့။

"ကဏန်း၊ ဝါးပင်၊ ပုတ်သင်၊ လိပ်မျိုး၊ တောက်တဲ့၊ ဖွတ်၊ ပဒပ်"

"ဘာတွေလဲ"

"ဩော် ... ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် (၇) ပါး ဆိုတာလေ။ နေပါဦး အင်း ကဏန်း၊ ပုတ်သင်၊ ဝါးပင်၊ လိပ်မျိုး၊ တောက်တဲ့"

"တော်တော် ... နင် ငါ့ကို စော်ကားပြောနေတာ"

"မဟုတ်ရပါဘူးဗျာ။ တည့်တည့်ပြောနေတာပါ"

"ကိုယ်တော်တာ ကိုယ်ပြောတာ၊ မဟုတ်ဘဲပြောရင်သာ ကြွားတယ်ခေါ်တာ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ စာသာဆက်သင်ပါတော့"

"ငါက နှင် (၉) တန်းအထိ ရလာခဲ့တဲ့ ဆုတွေကို နမြောလို့ပါ။ နှင့်ကို ပြန်ပြီးအရောင်တင်ရမယ်။ ငါကတော့ ကိုယ့်ထမင်းကိုယ်စားပြီး နှင့်ကို နတ်ပြည်ပို့ရမှာပဲ"

"ပို့ ... ပို့။ နတ်ပြည်ပို့လည်း ကျွန်တော်ကတော့ မြင့်တယ်ဆိုပြီး ခုန်ချမှာပဲ"

တစ်ခေ့ တစ်ခေ့ တိမ်ယံမြင့်မိုရ်နှင့် စကားနိုင်လှုရင်း စာသင်ရတာလည်း ပျော်ရွှင်ခြင်းတစ်ဝက်၊ စိတ်ဆင်းရဲခြင်း တစ်ဝက်။

(၇) နာရီမှ (၉) နာရီအထိ စာသင်၊ ဂိုက်လုပ်ပေးပြီးတော့ တိမ်ယံမြင့်မိုရ် ပြန်သွားတော်။ ကျွန်အချိန်တွေမှာ သူအနား ဂိုက်ထပ်လုပ်ပေးချင်သူကတော့ သူ့ရဲ့ဘွားတော်။

ဩော် ... ကောရဖ်တို့ ဘုန်းကံကြီးမားလိုက်ပုံများ မမချောချော၊ လက်သံပြောင်ပြောင်တွေနှင့်ချည်း နှစ်ပါးသွားရ သစ္စာထားခေနရသည့်အဖြစ်။

သူအနားမှာ လက်ဖက်သုပ်တစ်ပွဲ၊ လက်ဖက်ရည်၊

www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီ၊ မုန့်များနှင့် ထိုင်စောင့်ကာ စာကူကျက်ပေး၊ သူ နားမလည်လျှင် ထပ်ရှင်းပြပေးသည့် သူရဲ့ဘွားတော်။

သူရင်ထဲမှာ ရွှေချင်မိရသည့် ဘွားတော်။ ဩော် လူဆိုတာလည်း မရနိုင်ပါဘူးဆိုသည့် not for sell (ရောင်းရန်မဟုတ်) ဆိုတာကိုမှ အရွှေးအမှေး ကြွေတတ်တာလား။

မည်သို့ပင်ဖြစ်စေ ဘွားတော်ကြောင့် သူ စာတွေပိုပြီး နားလည်၊ ပိုပြီးကျွမ်းကျင်လာရတာတော့အမှန်။

ရွှေပန်းချီ သူကို ည (၁၂) နာရီထိ မောင်းသည်။ နည်းနည်းမှ အိပ်ငိုက်ခွင့်မပေး။ ကေရာဇ်ကလည်း အခြေခံကောင်းတွေနှင့် လာခဲ့သူမို့ ရှဲ့ထဲကျနေသည့်အရပ်ကို ကောက်ပြီး ရေဆေးလိုက်သလို အရောင်ထွက်လာတာပါပဲ။

(၁၂) နာရီထိုးသည်နှင့် သူက ရွှေပန်းချီကို စွေ့ခနဲ ကောက်ချီလိုက်သည်ပါပဲ။

"အချိန်ပိုလေးများ ကျက်မယ် စိတ်မကူးဘူး"

"တော်ပါပြီ ဘွားတော်၊ အဲ ... ရွှေပန်းချီရော။ ဦးနှောက်တွေလည်း ဆူပွက်ကုန်ပါပြီ"

"နင်ဟာလေ စာမေးပွဲကဖြင့် ၃-၄ လ လိုတော့တာ။

www.burmeseclassic.com

www.burmeseclassic.com

ခုပဲ နီဝင်ဘာလဝက်ကျိုးပြီ''

''ကျိုး ... ကျိုးပါဗျာ။ အောင်ရုံကတော့ အေးဆေးပါ''

''အောင်ရုံနဲ့တော့ ဘာသွားလုပ်ရမှာလဲ ဇကရာဇ်ရဲ့။ လူက မတန်မရာနာမည်မှည့်ပြီး ဘာမှမဟုတ်ရင် ရှက်စရာကြီး။ ဂုဏ်ထူးလေး ဘာလေးတော့ ပါဦးမှပေါ့''

ဇကရာဇ် ရွှေပန်းချီကို သူမတို့အခန်းသို့ ချိုင့်နေရင်း စကားတွေများနေကြတာ။

''ဂုဏ်ထူးပါတော့ ဘာပေးမှာလဲ''

''နင်ဟာလေ ဆင်းရဲမွဲတေနေတာကျနေတာပဲ။ ထစ်ခနဲဆို ဘာပေးမလဲ၊ ဘာပေးမလဲနဲ့''

''ဟ ... ကျုပ်တောင်းတာ ရုပ်ဝတ္ထုပစ္စည်း မဟုတ်ဘူးလေ''

''ဒါဖြင့် ဘာလဲ၊ ရုပ်မဟုတ်ရင် နာမ်လား''

''ဟုတ်တယ်၊ ကျွန်တော်တောင်းတာ စိတ္တဇနာမ်တွေ။ ချစ်ခြင်း၊ မုန်းခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း''

''ကဲ ... တော်ပါတော့ တော်ပါတော့။ လိုက်ပို့ပေးတာ ကျေးဇူးပါပဲ၊ သွားတော့''

''ကျွန်တော် ဆယ်တန်းအောင်ရင် ဆုအဖြစ် အသက်ကိုတောင် ပေးမယ်လို့ ဒေါ်ရွှေပန်းချီ ပြောခဲ့တယ်နော်''

''အေးပါ၊ နင် ငါ့ကိုသတ်ချင်သတ်၊ ယူချင်ယူ''

''ဗျာ ... ဘာ ဘာ လာ''

''ဟဲ့ ... ငါက ရိုးရိုးပြောတာ''

''ယူတာ ရိုးရမလားဗျ၊ ခင်ဗျားရည်းစားကြီး မမိုက်ပါဘူးဗျာ။ ကျွန်တော့်ကိုပဲ ယူ''

''အံမာ ... စကားနောက်တာရားပါ။ နင်တော့ သေမယ်''

ခုတင်ပေါ်ထိ တင်ပေးခဲ့ပြီး နောက်ဆုတ်ပြန်ပြေးသွားသည့် ဇကရာဇ်ကို သူမ လှမ်းအော်လိုက်ရသည်။

''ငါ့ကို တံခါးပိတ်ပေးခဲ့ဦး''

''အိုကေ၊ အထဲက လော့ချထားနော်''

''အင်းပါ''

အပေါ်ထပ်မှာ သူနဲ့နှစ်ယောက်ထဲပေမယ့် ရွှေပန်းချီ မစိုးရိမ်မိပါ။ သူဟာ ဘီလူးခြေင်းဆောင်းထားတဲ့ မင်းသားလေးမို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... ဒါဆိုလည်း နွယ် အဆင်ပြေရင် ပြီးပါတယ်။ ခေါ် ... ခေါ်လိုက်ပေါ့"

"အုပ်စိုးက နွယ့်မောင်အရင်းထက်တောင် အားကိုးရသေး။ ကိုကိုခိုင်းသမျှလည်း လုပ်ပေးမှာ"

"အေးပါ ... အေးပါ"

နံနက်စာ လက်ဖက်ရည်ပိုင်းမှာ ဒယ်ဒီနှင့် မိထွေးတော်တို့ စကားတွေကို နားထောင်ရင်း အသံတိတ် လေ့လာဆန်းစစ်နေသူကတော့ ကေရာဖိပါ။ ဒယ်ဒီဟာ သူမိန်းမကို ယုံစားလွန်းတယ်။ လူစိမ်းတစ်ယောက်ကို ရမ်းသန်းပြီး လက်ခံတယ်။ သူထောက်ပြသင့်သလား။

မိထွေးတော်ကတော့ သူကို ကလန့်တိုက်တယ်လို့ ပြောမှာပဲ။ ပြောပါစေ။

"ဒယ်ဒီ ... အဲဒီကောင်ကို အကဲခတ်ကြည့်ဦးလေ။ လူတောင် မမြင်ရသေးဘဲနဲ့ ရမ်းပြီး လက်ခံရသလား။ ဒယ်ဒို့ အရည်အချင်းတွေ အချစ်ကြောင့် စုံလုံးကန်းသွားပြီလား"

သူစကားက ရင့်သီးပေမယ့် အမှန်တရားပဲ။ စကားဖြောင့်လို့ ကြားရခက်လျှင်တော့ မတတ်နိုင်။

သည်တစ်ခါတော့ သူကို ဘယ်တုန်းကမှ မော်မကြည့်ရဲခဲ့သည့် မိထွေးတော်ကလည်း ဆတ်ဆတ်တွေခါအောင် နာလို့။

အခန်း (၁၀)

"ကိုကို အိမ်မှာဒရိုင်ဘာထားပေးမှဖြစ်တော့မယ်။ ကိုကိုက နွယ့်ကိုလည်း ကားမမောင်းစေချင်ဘူး မဟုတ်လား။ ကိုကိုလည်း မအားဘူးလေ"

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်။ သားကလည်း သူကျောင်း သူတက်နေရတာနဲ့။ ဒါပေမဲ့ ဒရိုင်ဘာတွေက စိတ်ချရတဲ့သူ ခပ်ရှားရှားရယ်"

"နွယ့်မောင်ဝမ်းကွဲကို ခေါ်ထားမှာပါ ကိုကိုရဲ့။ စိတ်ချရတာပေါ့။ လက်တို့လက်တောင်းလည်း ခိုင်းလို့ရမယ်။ လစာလည်း ၁-သိန်းခွဲလောက်ပေးရင် ရပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

"အုပ်စိုးက ဘွဲ့ရ၊ ပညာတတ်တစ်ယောက်ပါကောရှာဖို့။ အစ်မကို သံယောဇဉ်ရှိလို့ လာနေပေးမှာပါ။ အဲဒီလို ရင့်သီးသီးကြီး မခေါ်သင့်ပါဘူး"

"ဘာကိုလဲ"

"အဲဒီကောင်ဆိုတဲ့စကား ပြန်ပြင်ပြောပါ"

မိထွေးတော်၏အသွင်အပြင်၊ အမူအရာကိုကြည့်ပြီး ကောရာဇာကတော့ သံသယတွေ ပိုဝင်၊ စွဲချက်တွေတင်ပစ်လိုက်တာပါပဲ။

"ဟား ... ဒီလောက်တောင် ဆတ်ဆတ်ခါ နာနေရင်တော့ မဟုတ်တော့ဘူး ဒယ်ဒီရေ။ ဒယ်ဒီ့ကိစ္စ မလွယ်ဘူး ထင်တယ်။ ခုခေတ်က မောင်နှမဝမ်းကွဲတွေလည်း ယုံရတာ မဟုတ်ဘူး။ ခေတ်ကြီးက ဆုတ်ကပ်ဗျ"

"ဟင် ... နင် နင် မိုက်ရိုင်းလှချည်လား။ ကိုကို ... ကိုကို့သား နွယ့်ကို နိုင်လိုမင်းထက် မချိမဆန့်တွေ ပြောနေတာ မဆုံးမတော့ဘူးလား၊ ကြားကောင်းနေသလား"

"ကလေးပဲကွာ ခွင့်လွှတ်လိုက်ပါ။ သားကလည်း တော်တော့"

ဦးအေးကျော်သူအသံက ခြောက်ကပ်ကပ်ဖြစ်နေလျှင် မူယာနွယ်စိုး ပိုပြီး ဆွေ့ဆွေ့ခုန်လေ၏။

"ဟင် ... ကိုကိုက သူ့သားဘက်က ပါတယ်ပေါ့။ ဟင့် ဟင့် ... နွယ့်မှာဖြင့် ကလေးတစ်ယောက်အဖေ မုဆိုးဖိုကြီးကို အပျိုတန်မဲ့ ချစ်လိုက်ရတာ၊ မြတ်နိုးလိုက်ရတာ"

"ကဲပါ နွယ်ရယ် ... ကိုကို ခွင့်ပြုပါတယ်၊ ခေါ်ပါ။ ဒရိုင်ဘာ ခေါ်ချင်ခေါ်။ သားတို့အမြင်မစောင်းရအောင်တော့ အနေအထိုင် ပြောစရာမဖြစ်အောင် နေကြပေါ့ကွာ"

စကားနည်းရန်စဲပြောပြီး ဦးအေးကျော်သူ ထသွားသလို မူယာနွယ်စိုးကလည်း နောက်မှ ထပ်ချုပ်လိုက်သွားသည်။

စားပွဲမှာ ကောရာဇာနှင့် ရွှေပန်းချီတို့ (၂) ယောက်ပဲ ကျန်တော့တာ။

"စား မမ၊ သူတို့ကို ခေါင်းထဲထည့်မနေနဲ့"

မုန့်ပန်းကန်ကို ရှေ့တိုးပေးပြီး ကောရာဇာပြောလိုက်လျှင် ရွှေပန်းချီ 'မမ' ဆိုသည့် အသုံးအနှုန်းကို သတိထားမိလိုက်၏။

ငါ့နယ် ဘွားတော်ခေါ်နေတာကမှ ကောင်းဦးမယ်။ ဒီကောင်လေး စိတ်ကစားနေတာလား။ ငါ့နယ် ဆင်အိပ်ရာ ဆိတ်နို့။

ရွှေပန်းချီ စိတ်တွေ မသက်မသာဖြစ်နေရပေမယ့် ကောရာဇာကတော့ ပြုံးပြုံးရွှင်ရွှင်။ ... သာယာယာ။

"နင်ဟယ် ... နွယ့်ကို အမြဲကလန့်တိုက်မနေပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com

နင်တို့ (၂) ယောက်က မတည့်တော့ ငါ ဘယ်လိုနေရ၊ စားရ မတုံး။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ''

''ဘွားတော် မသိပါဘူးဗျာ။ ကျွန်တော့်ကို လျှော့တွက်လို့။ သူပုံစံက တဖြည်းဖြည်း မဟန်ဆောင်တော့ဘူးနော်။ ဒယ်ဒီကို ငြီးငွေ့နေပြီ ဖြစ်ရမယ်''

''နင့်ဒယ်ဒီလည်း အလတ်ကြီး၊ အလန်းကြီးပါဟာ။ သူချစ်လို့ ယူထားတာပဲဟဲ့''

''ဘွားတော်တို့ မိန်းမတွေက မလွယ်ပါဘူးဗျာ။ စိတ်တွေက မျောက်စိတ်လို ... ဟိုခုန် ဒီခုန်''

''အံမာ ... သိမ်းကြုံးပြီးမပြောနဲ့လေ။ လူအမျိုးမျိုး၊ နတ်အထွေထွေ၊ လူတွေမှာလည်း ကောင်းတဲ့လူရှိသလို ဆိုးတဲ့လူလည်း ရှိတာပေါ့ဟဲ့''

''ကဲပါဗျာ ... ကျွန်တော် ဘွားတော်နဲ့ စကားမများချင်ပါဘူး။ စား ... မုန့်စား၊ ကျောင်းသွားကြမယ်။ အင်း ... အိမ်မှာတော့ ဘာတွေဖြစ်လာဦးမယ်မသိဘူး။ ကျွန်တော်သာဆို ကိုယ့်မိန်းမကို ဒရိုင်ဘာပေးမထားဘူး။ ကိုယ်တိုင်မောင်းပို့မှာ၊ ခုလိုပေါ့''

သူစကားက အနောင့်မလွတ် အသွားမလွတ် ဖြစ်နေလျှင် ရွှေပန်းချီမှာ မသိယောင်ပဲဆောင်ရတော့သည်။

တော်တော်ဆိုးတဲ့ကောင်လေး။

ပြေပြေးလိုပဲ။

သို့သော် ထိုပြေပြေးလေးက ယခုအခါ သူမ၏လက်ထဲမှာ ရေပြေလို လိမ္မာနေသဖြင့် ရွှေပန်းချီ အံ့ဩနေရသည်။

စားသောက်ပြီးစီးလျှင် သူက ခြေထောက် သိပ်မကောင်းသေးသည့် ရွှေပန်းချီကို ချီဖို့ကြိုးစားသဖြင့် သူမ တားရသည်။

''တွဲရုံတွဲပါဟာ၊ ငါ့ကိုမချီပါနဲ့တော့။ လူမြင်လို့လည်း မကောင်းပါဘူး''

''ဟာဗျာ ... ဘွားတော်ကလည်း ခြေထောက်နာနေလို့ ဥစ္စာ။ ကျွန်တော့်အလိုဆို ဘွားတော်ကို ဝိုးချဲလ်ပေါ်တင်ပြီး တွန်းသွားပေးချင်တာ''

''အမယ်လေးဟယ် ... ဒီလောက်တောင် စေတနာတွေထားရသလား''

အဝတ်လဲထားသည်မို့ ကျောင်းယူနီဖောင်းလေးများနှင့်၊ ရွှေပန်းချီကို ကေရာဇ်က တယုတယတွဲခေါ်ပြီး ကားထဲထိုင်စေတော့ မူယာနွယ်စိုး နူတ်ခမ်းမဲ့လိုက်သဖြင့် ရွှေပန်းချီ မျက်နှာပျက်မိရသည်။

နွယ် သူကိုမကြည်တော်လား။ ကေရာဇ်ကို မကြည်တာလား။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းသံယောဇဉ်ဖြင့်နေရသူမို့ ရွှေပန်းချီ ရင်ထဲ မကောင်းတော့။

ကားပေါ်မှာ စကားတွေပြောကြထော့လည်း ကြားရတာ စိတ်မချမ်းသာ။

''ကေရာဇ်ရယ် ... နင် အဲဒီလူမိုက်တွေကို လွတ်အောင် ရှောင်ပါနော်။ လူမိုက်ဆိုတာ ခွေးရူးလိုပဲ။ မည်းမည်းမြင် ကိုက်တာ''

''ရှောင်တော့ ရှောင်တာပေါ့ မမရယ်။ ဒီကြားထဲက အတင်း ထိပ်တိုက်တိုးနေရင်တော့ ချရတော့မှာပဲ''

''မတွေ့အောင် ရှောင်ပေါ့။ တစ်ယောက်တည်း လျှောက် မသွားနဲ့။ ကျောင်းသွား ကျောင်းပြန် ငါနဲ့ပြန်''

''အံမယ် ဘွားတော်ရယ် ... သူကိုယ်သူများ ဟောင် ကောင်ဂျက်မ မှတ်နေလားမသိ''

''လူကြီးပါတော့ တော်သေးတာပေါ့ဟဲ့။ ကြီးတတ် ဖန်တတ်တယ်။ အရေးဆို ရဲစခန်းကို ဖုန်းဆက်မယ်။ အကူအညီ တောင်းမယ်''

''အင်းပါ''

''ငါလည်း ကားမောင်းတတ်ရင် ကောင်းမယ်။ နင့်ကို ကားကူမောင်းပေးလို့ရတယ်''

''မပင်ပန်းပါဘူးဗျာ၊ ထားလိုက်စမ်းပါ''

နှစ်ယောက်အတူ သာသာယာယာရှိနေတုန်း သူတို့ကား နောက်သို့ ကားတစ်စီး ကပ်လိုက်နေကြောင်း ကေရာဇ် သတိထားမိလိုက်သည်။

ရွှေပန်းချီ စိတ်ပူမှာစိုးလို့ သူ မပြောသေး။ ကိုယ့် ဘာသာပဲ အကဲခတ်နေ၏။

''ဟိုကောင်တွေ ... အောင်သူတို့အဖွဲ့''

သူနှင့် ဆိုးဖော်ဆိုးဖက် သိုးမည်းတွေ။ သူက အမြင်မှန် ရချင်နေပေမယ့် အဝီစိထဲ ဆွဲချချင်သူတွေ။

သူကားနောက်သို့သာ မလှမ်းမကမ်းမှ မျက်ခြေမပြတ် လိုက်နေတာ သေချာသွားလျှင် ကေရာဇ် မမကို ကျောင်းအရင်ပို့ ဖို့ စိတ်ကူးလိုက်၏။

သူတစ်ယောက်တည်းပဲ ရင်ဆိုင်မည်။ လူဆိုတာ သေ တစ်ခေါက်၊ မွေးတစ်ခေါက်ပဲ။ အဲ ... မသေချင်သေးပါဘူး။ မမကို ဘယ်သူစောင့်ရှောက်မလဲ။

မမကို သူ့ဘဝကြီးနှင့် သင့်တော်မတော် သူ စီစဉ်ဆုံးဖြတ် ရဦးမည်။ မသင့်တော်လျှင် သူပဲ မမကို စောင့်ရှောက်မည်။ သေတမန် သက်တဆုံး။

''အိုကေ''

www.burmeseclassic.com

www.burmeseclassic.com

သူ အာရုံတွေများနေတုန်း ရွှေပန်းချီလည်း နောက်မှ ကားကို သတိထားမိသွားသည်။

"ကရာဇ် ... အဲဒီကားထဲက ဂျလေဗီတွေက နင့် အပေါင်းအသင်းတွေလား"

"ဟုတ်တယ်"

"ငါ သဘောပေါက်ပြီ၊ ရဲကိုလှမ်းပြီးဖုန်းဆက်မယ်"

"ဟာ ... နေစမ်းပါဦး မမရာ။ သူတို့မှ ဘာမှ မလုပ်သေးတာ"

"ဟဲ့ ... ကိုယ့်လည်ကို လာပြီးလှီးတဲ့အထိ စောင့်နေရမှာလား။ ငါ တိုင်ပြီ"

ရွှေပန်းချီ တကယ်ပင် ရဲစခန်းကို အကြောင်းကြား သည်။

"ကားတစ်စီး ကျွန်မတို့ကားကို အနှောင့်အယှက် ပေးရအောင် လိုက်နေပါတယ်ရှင့်။ ဟုတ်"

နေရာအတိအကျနှင့် ကားနံပါတ်၊ ပုံစံတွေ သူမ ပြောပြ လိုက်သည်။

မကြာမီ ရဲကားတစ်စီးပေါ်လာလျှင် နောင့်ယှက်မည့် ကားလည်း မောင်းပြေးလေ၏။ ကရာဇ်နှင့် ရွှေပန်းချီ အောင်သူ တို့အဖွဲ့ကို တိုင်ချက်ဖွင့်ဖို့ စခန်းသို့လိုက်သွားကြရသည်။

"ဒီနေ့တော့ ကျောင်းပျက်ချပြီ။ မမရော ကျွန်တော်ရော နှစ်ယောက်လုံး ကျောင်းမတက်ရတော့ဘူး"

"အံမယ် ... ရုပ်ကိုက ဝမ်းသာလုံးဆို့တဲ့ရုပ်နဲ့။ ကျောင်း လည်း တက်ရမှာပေါ့။ မီရာအချိန် သွားတက်မှာ။ လောလောဆည် အန္တရာယ်တွေ ရှင်းနေလို့ ကျောင်းပျက်ခွင့်ပြုတာ"

"အင်းပါ မမရဲ့။ ကျွန်တော်ကလည်း အကောင်းပြော တာပါ။ ဒါဆို ကျောင်းပျက်တဲ့အတူတူ ရုပ်ရှင်သွားကြည့်ရအောင် လေ"

ကရာဇ် အူမြူးနေလျှင် ရွှေပန်းချီ စိတ်တွေတိုရသည်။

"နင်က ငါ့ကို ဘာများမှတ်နေလဲ ခွေးကောင်"

"ဟာဗျာ ... ဘွားတော်။ ကျုပ်ကို ခွေးနဲ့တော့ မနှိုင်းနဲ့ ဗျာ"

"ဟဲ့ ... ငါက ပေါ့ပေါ့လေးဆဲလိုက်တာ။ အထအနတွေ ကောက်မနေနဲ့"

တိုင်ချက်တွေ ရေးနေရတုန်းမို့ (၂) ယောက်သား ရန်ဖြစ် ခွင့်ရနေတာ။

"ကျွန်တော်ပျော်လို့ ပေါက်ကရတွေ လျှောက်ပြောနေ တာ။ မမလည်း ကျွန်တော့်စကားတွေကို အထအနလိုက်ကောက် မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com

''ပြီးရော ... အမှုဖြစ်နေရတာများ နင်လည်း ပျော်နေ''

''မမပါနေလို့ကတော့ အဝီစိထိလည်း လိုက်ရဲတယ်ဗျာ''

''အံမယ် ... နင့်စကားက ဘာလိုလိုကြီး။ နင့်ဘာသာသွား၊ အဝီစိ''

ရယ်ရယ်မောမောဖြစ်နေသည့် ဇကရာဇ်နှင့် နွှတ်ခမ်းတစူစူ၊ မျက်စောင်းတထိုးထိုးရှိနေသည့် ရွှေပန်းချီ၊ လိုက်ဖက်ညီသည့်အတွဲလေးလို့ လူတွေက သတ်မှတ်ကြမှာလား။

ဘုရားရေ။

ရွှေပန်းချီ မျက်လုံးပြူးနေရသည်။ ငါ အုပ်ပြည့်အပေါ် သစ္စာဖောက်ရာရောက်နေပြီလား။

''ထ ထ ... သွားကြစို့။ နင့်ကျောင်းအရင်ဝင်။ ငါ ဆရာမတွေကို အကျိုးအကြောင်းပြောပြီး အုပ်ပေးမယ်''

''အုပ်ထိန်းသူကြီးပေါ့၊ ဟုတ်လား ... အဟက်။ ကျွန်တော့်ကို တစ်သက်လုံး အုပ်နိုင်ပါစေဗျာ''

ရန်ဖြစ်နေလျှင် မဆုံးတော့မှာမို့ ရွှေပန်းချီ သူ့ရှေ့မှ အရင်ထွက်လာခဲ့သည်။ ဒါတောင် သူက အပြေးလေး ကားတံခါးဖွင့်ပေးလိုက်သေး၏။

ရင်တွေ မခုန်ဘဲ ရင်ဘုန်းအောင် စိတ်ညစ်နေရသည်မှာ အုပ်ပြည့်ဆိုသည့် မဟာရံတံတိုင်းကြီးကြောင့် ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

သူတို့ကျောင်းကပြန်လာချိန်မှာ ခြံထဲမှမြင်ကွင်းကြောင့် နှစ်ယောက်သား ကြက်သေ သေရတော့မတတ်။

မူယာနွယ်စိုးနှင့် သမီးလေး သဲသဲ။

သမီးက (၁) နှစ်ကျော်ပြီမို့ တော့တီး တော့တက် ပြေးနေသမျှ မူယာနွယ်စိုးနှင့် အကောင်တစ်ကောင်က အတူလိုက်ဖမ်း စိုးရိမ်လို့။

အကောင်က ဖြောင့်ဖြောင့်နှင့် ချောချော၊ မော်ဒယ်လုပ်စားလို့ ရလောက်သည့်ရုပ်။

ကေရာဇ်တို့ချောတာက ကျားကျားလျားလျားရှိသည်။

မိုက်တိမိုက်ကန်း ရှုပ်ထွက်သည်။ တကယ်လည်း ကျစ်တူးလေ။

"အဲ့ကောင် ... ဒရိုင်ဘာဆိုတာ ဖြစ်ရမယ်။ နေဦး ... ပုံစံပေးလိုက်ဦးမယ်"

"ကေရာဇ်ရယ် ... နင်ကလည်း အခြေအနေကြည့်စမ်းပါဦး။ နင်တို့ရန်ဖြစ်တာက အကြောင်းအကျိုးတရားအဖြစ် ငါဒီအိမ်က လွှင့်ထွက်သွားလိမ့်မယ်"

ခြံတံခါးမဖွင့်ရသေးသည်မို့ ကေရာဇ် ကားဟွန်းကို (၂) ချက် တီးလိုက်သည်။ ခါတိုင်းက ကိုယ့်ဘာသာဆင်းဖွင့်ပေမယ့် သည်နေ့ ဟွန်းတီးလိုက်ရ၏။ ဘယ်လိုတုံ့ပြန်လာမှာလဲ။

ပြဿနာကို တမင်ဖန်တီးလိုက်တာလေ။ မိထွေးတော် သူဒရိုင်ဘာကို ဘယ်လောက်များ သထားမလဲလို့။ ထပ်ပြီးသိရအောင်။

အကြေးလှန်ပြီး အစကိုဆွဲထုတ်ပစ်လိုက်မှာ။

ကေရာဇ်ကို လာမကျောနဲ့။

ဒယ်ဒီက အချစ်ကြောင့် စုံလုံးကန်းနေပေမယ့် ကျွဲပမျက်လုံးတွေက အကောင်းကြီးရယ်။

ကေရာဇ် ဟွန်းတီးတော့ ဒရိုင်ဘာမော်ဒယ်ဘွိုင်းက တွန့်ခနဲဖြစ်သွားပြီး တံခါးလာဖွင့်ပေးဖို့ ပြင်ပေမယ့် ဒေါ်မူယာနွယ်စိုးက ဟန့်တားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"နေပါစေ၊ တော်ကြာ အကျင့်တွေပါပြီး အမြဲဖွင့်ပေးနေရမယ်။ ရှင့်အလုပ်က ဒရိုင်ဘာ၊ ကားမောင်းရုံပဲ"

ကေရာဇ် ကားဟွန်းတော့ ထပ်မနှိပ်တော့ပါ။ လူနေရပ်ကွက်ထဲမို့ အားနာပါသည်။ ဘယ်ရမလဲ ကိုယ့်ဘာသာ ဆင်းဖွင့်တာပေါ့။

ပြီးမှ ကားကိုတိုက်ရွေ့ထိ မောင်းသွားလိုက်သည်။ သူဟိုအုပ်စုထံသွားမည်ပြင်လျှင် ရွှေပန်းချီ တားမြစ်တာ အသည်းအသန်။

"ကေရာဇ်ရယ် ပြဿနာ သွားမရှာပါနဲ့ဟာ။ ငါ့စကား ကို နားထောင်စမ်းပါ။ နင်လုပ်ပုံက ရန်သွားစတော့မယ့်ပုံကြီး"

ရွှေပန်းချီ မျက်နှာလေးက ငိုမဲ့မဲ့။ ကေရာဇ် သနားပါသည်၊ ကြင်နာပါသည်။ သို့သော် မိန်းမတွေမမြင်၊ မသိနိုင်သော ယောကျ်ားချင်းသာ သိမြင်နိုင်သော ပြွေပြွေချင်း ခြေမြင်နေရတာတွေကြောင့် –

သူ ရွှေပန်းချီကို ရှိုခိုးဦးချပုံလေးလုပ်ရင်း –

"ဘွားတော် မသိပါဘူးဗျာ။ ခု ကျွန်တော် ဒယ်ဒီ့အစား သူတို့ကိုသွားပြီး နှိပ်ကွပ်မှာဗျ။ ပုဒ်မ သွားတပ်မှာ။ ဒယ်ဒီက တော့ ဘီလူးမကို အယုံကြီးလုံး၊ အတွယ်တာကြီးတွယ်တာနေပြီလေ"

ပြောပြီး သူ ဒေါ်မူယာနွယ်စိုးတို့အုပ်စုနားသို့ လျှောက်သွားလိုက်သည်။ သူ ခါးကိုထောက်ပြီး မခိုးမခန့်ပုံစံနှင့်။

"ဒါလား ဒရိုင်ဘာအသစ်။ အင်း ရုပ်ကတော့ နေရာမှားပြီး ရောက်လာသလိုပဲ။ မင်းသားလုပ်ရမယ့်သူက ဒရိုင်ဘာဘာဖြစ်လို့ လာလျှောက်ရတာလဲ"

သူစကားကြောင့် အုပ်စိုးနှင့် ဒေါ်မူယာနွယ်စိုးမှာ အိုးတိုးအမ်းတမ်း။ သို့သော် သူစကားက ချိုးမွမ်းခြေကျောက် ပြောနေမှန်း မသိသာကြီး။

"ဒါကတော့ ကိုယ့်အစ်မသံယောဇဉ်၊ တူမသံယောဇဉ် နဲ့လာလုပ်တာပါ"

"ဟုတ်လား။ မောင်နမတယ်နဝမ်းကွဲလဲ။ သုံးဝမ်းကွဲလား၊ လေးဝမ်းကွဲလား"

"နှစ်ဝမ်းကွဲပါ။ ဒါပေမဲ့ ... အရင်းတွေလိုပဲ နေကြတာ"

"စောစောကလိုလား။ ရုပ်ရှင်ထဲမှာ လပ်(ဖ်)ဆင်းရိုက်နေတဲ့အတိုင်းပဲ။ အရမ်းကြည့်လို့ကောင်းတာပဲ"

ကေရာဇ်စကားကို အုပ်စိုး ဘယ်လိုပြန်ဖြေရမှန်းမသိတော့။ သူ နှုတ်တိုက်ကျက်ထားသည့် စကားတွေ ကုန်သွားလေပြီထင့်။

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါ ဒေါ်မူယာနွယ်စိုးအလှည့်။

''မောင်နှမတွေကို ဒီလိုစွပ်စွဲတာ နင်ရိုင်းတာပေါ့။ နင့် ကိုယ်နင် သိပ်ယဉ်ကျေးနေတယ်ပေါ့လေ''

''အဟက် ... ကျုပ်ကိုယ်ကျုပ်လည်း ယဉ်ကျေးတယ်လို့ တစ်ခါမှ မကြေညာဖူးပါဘူး။ ခင်ဗျားတို့ကိုလည်း မစွပ်စွဲရသေးပါလား။ မလုံတဲ့အိုးတွေတော့ တုတ်မိုးရုံနဲ့ ကွဲနေပြီမှတ်တယ်''

''နင် နင် စကားတတ်တိုင်း မဟုတ်တန်းတရားတွေလိုဆည်ပြီး ပြောမနေနဲ့''

သူ အချေအတင်စကားတွေ အပြန်အလှန် ပြောဆိုနေတာ ကျယ်လာလျှင် ကားနားမှာ မဝံ့မရဲ ရပ်ကြည့်နေသည့် ရွှေပန်းချီ ထော့နဲ့ ထော့နဲ့ဖြင့် သူတို့ရှိရာသို့ ဆွဲရ၊ လွှဲရ၊ ဖျောင်းဖျရအောင် ရောက်လာလေ၏။

''တော်ပါတော့ ဇကရာဇ်ရယ်။ မန္တယ်ရယ် ... သူက ကလေးပဲ ... ခွင့်လွှတ်လိုက်ပါ။ ဇကရာဇ် ... လာ၊ ငါ့ကို တွဲပြီး ပို့ပေးပါဦး''

ရွှေပန်းချီက အရေးအခင်းကို ငြိမ်းလိုက်သော်လည်း မထင်မှတ်စရာ အဖြစ်အပျက်က ဖျတ်ခနဲ ပေါက်ကွဲသွားလေပြီ။

မူယာနွယ်စိုး။

ရှက်ရမ်းရမ်းလိုက်တာလား၊ ဒေါသတွေ ပေါက်ကွဲ

လွှင့်စဉ်သွားတာလားတော့မသိ။

ညောင်ဦးကမ်းပါးပြိုတာနှင့် စမ္မာနဂိုက နွားမကြီး ပေါင်ကျိုးချေပြီ။

''နင် ဆရာကြီး လာမလုပ်ပါနဲ့။ ဒီကောင်ဆိုးကို မက်လုံးတွေပေးပြီး အပိုင်တွေကိုင်ထားလည်း ဂရုကိုမစိုက်ဘူး။ နင် အရှက်ရှိရင် ထွက်သွားလိုက်တော့''

''ဟင် ... နွယ်''

မူယာနွယ်စိုး ရွှေပန်းချီကို ပြောလိုက်ပုံက ပက်ပက်စက်စက်။ ပက်စက်လွန်းလို့ ရွှေပန်းချီခမျာ ပါးစပ်အဟောင်းသား။

သူမက ရှက်တတ်လှမို့ လူတစ်ကိုယ်လုံး ရေနွေးငွေ့ခံလိုက်ရသလို ဖွေးခနဲ သွေးဆုတ်သွားရပြီ။

ဇကရာဇ်တို့ကလည်း ခပ်ရမ်းရမ်းပါပဲ။

''ခင်ဗျားစကားပြောတာ မိုက်ရိုင်းလှချည်လား။ ဘီလူးခေါင်းပေါ်လာတာကလည်း မြန်လှချည်လား။ ဒီမှာ ခင်ဗျား သေချာမသိသေးတဲ့အကြောင်းအရာတွေကို ကျုပ်ပြောပြပိုက်ရဦးမယ်။ ဒီအိမ်၊ ဒီခြံ၊ ဒီပစ္စည်းတွေအားလုံး ကျုပ်နာမည်နဲ့ မာမီမသေခင်ကတည်းက လုပ်ပေးထားခဲ့တာ။ ခင်ဗျား ဒယ်ဒီကို သတ်လည်း အမွေတစ်ပြားမှ ရစရာမရှိဘူး။ နောက်မိန်းမက နောက်မိန်းမပဲ။ ရှင်းတယ်နော်''

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... နဇ် နင် နင်"

မူယာနွယ်စိုး နေရာမှာတင် ဗိုင်းခနဲလဲသေတော့မတတ်။ သွေးတွေဆောင့်တိုးပြီး ဆွေ့ဆွေ့ခုန်နေစဉ် –

ကေရာဇ် နောက်ဆုံးအလုံးနှင့် ကိုင်ပစ်ပေါက်လိုက်သည်။

"အဲဒီတော့ ဒီတိုက်၊ ဒီဦးတွေက ကျူပ်ပစ္စည်း။ ဘွားတော်က ကျူပ်ညီသည်။ ခင်ဗျားနှင့်ချွေခွင့် လုံးဝမရှိဘူး။ ခင်ဗျားလည်း အနေအထိုင် ဆင်ခြင်။ ကျူပ်မျက်စိနောက်လာရင် အားလုံး ရှင်းထုတ်ပစ်မိမယ်၊ သဘောပေါက်"

ပြောပြီး ကေရာဇ် ရွှေပန်းချီကို ကောက်ချီလိုက်ကာ တိုက်ဘက်သို့ ပြန်လာခဲ့တော့ နောက်ဘက်မှာ ဒေါသူပုန်ထကာ ကျွမ်းပစ်ကျန်ခဲ့သူကတော့ မူယာနွယ်စိုးပါပဲ။

အခန်း (၁၂)

"ဟုတ်လား မ၊ ဒီကောင်ပြောတာတွေ အဟုတ်လား။ တောက် ... လူပါးဝလို့"

အုပ်စိုးနှင့် မူယာနွယ်စိုး။

မြို့နှင့်လှမ်းသော ချောင်ကျကျ စားသောက်ဆိုင်လေးတစ်ခုထဲမှာ။ အတောင်ချင်းခက်၊ လည်ချင်းယှက်နေပေမယ့် ချစ်စကားတွေတော့မဟုတ်။

ကြိတ်မနိုင်၊ ခဲမရ ဒေါသူပုန်ထနေရသည့်စကားတွေ။

"မဟုတ်ပါဘူး အုပ် ... ဒီကောင် အရှုးထပြီး ပြောနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... မက မောင့်ကိုသနားလွန်းလို့ပါကွယ်။ မောင့်ခမျာ မ,အတွက်နဲ့ ပြဿနာတွေ ရှုပ်ရ၊ အနှိပ်ခံရ"

"ဒါတွေက အခိုက်အတံ့ပဲလေ။ မောင် ခံနိုင်ရည်ရှိပါတယ်။ မ,အတွက်ဆို မြင့်မိုရ်တောင်ကြီးကိုတောင် အလုံးလိုက် မျိုပြမယ့် ကောင်ပါ"

"ဒီအပြောတွေနဲ့ပဲ ကလေးတစ်ယောက်ရရော ဟင်း"

"ရှူး၊ သူတို့သံသယမဝင်ဘူး မဟုတ်လား မ"

"မဝင်ပါဘူး၊ သမီးက မောင်နဲ့တော့ ဆင်တယ်နော်"

"အင်း ... အဘိုးကြီးရုပ်လည်း နံညှာနည်းတော့ပါမှာပေါ့။ စပ်ကြားလေး"

"မောင်နော် ... ဆေးဆောင်းပါးတွေ မဖတ်ရဘူးလား။ အဖိုသုတ်ပိုးနဲ့ အမပိုးနဲ့တွေ့ဆုံပြီး သန္ဓေတည်တဲ့ကိစ္စ ဘယ်နောက်ထပ်သုတ်ပိုးက ဝင်နိုင်ဦးမှာလဲ။ မောင် ပေါက်ကရတွေ လျှောက်မပြောနဲ့"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ မောင်တောင်းပန်ပါတယ် ရယ်"

နှစ်ယောက်သား ကြည်နူးပီတိတွေနဲ့ လောကကြီးကို မေ့နေကြ၏။ စကားတွေက ပွားတည်ချက်ပင်ပျောက်လုလု။ နောက်မှ အုပ်စိုးက သတိပေးရပြန်သည်။

"သူပြောသလိုဟုတ်နေရင်လည်း သူပါ ရှင်းပစ်လိုက်ရုံပေါ့။ မရော မလွယ်ပါလား။ ကိုယ် ကားမောင်းကျွမ်းတာ မသိတယ်မဟုတ်လား"

"အန္တရာယ်များပါတယ် မောင်ရယ်။ လိုအပ်မှပဲ စွန့်စားပါ။ ဒီကောင်လွှင့်ထွက်သွားအောင် လုပ်လိုက်ရုံပဲပေါ့။ လွယ်ပါတယ်"

"တောက် ... တော်တော်လူပါးဝတဲ့ကောင်။ သူမျက်နှာပဲကြည့် ခစားနေရတယ်"

"သည်းခံလိုက်ပါ မောင်ရယ်။ မကြာပါဘူး၊ ဒီစီမံကိန်းကို တစ်လ နှစ်လအတွင်း အကောင်အထည်ဖော်လိုက်ကြတာပေါ့"

"မရဲ့သူငယ်ချင်းကတော့ အပိုင်ပါလားဗျ။ ဒီကောင့်ကို ဘာတွေပေးပြီး စည်းရုံးထားတယ်မသိဘူး"

"သူကလည်း ရိုးမလိုလိုနဲ့ အလည်သား။ ဟိုကောင်ကို အပိုင်ကိုင်ထားနိုင်တာပဲ"

"နေပါစေဗျာ၊ အရင်းလဲတော့ အဖျားပါ ထင်းဖြစ်သွားမှာပါ။ မ,က သွေးဆူလွယ်တယ်၊ သတိထား။ မအောင်မြင်ခင်မှာ အချိုသတ်နိုင်ရမှာပေါ့။ ကျွန်တော်တို့ ရင်းရင်းနှီးနှီးလည်း မနေသင့်ဘူး။ ခပ်စိမ်းစိမ်းပဲနေရမယ်။ မသိသလိုနေလိုက်ပါ မရော"

www.burmeseclassic.com

"မ စုံစမ်းလိုက်ဦး။ ရှိသရွေ့ပစ္စည်း သူသားနာမည်နဲ့ ချည်းဆိုရင် မမိုက်ဘူးနော်"

"အေးပါဟယ် ခေါင်းအေးအေးထားစမ်းပါ။ မ,တို့ နှစ်ယောက်လည်း အနေအထိုင် သိုသိပ်ဦးမှ။ တော်ကြာ လုပ်ငန်းတွေ မအောင်မြင်ခင် ဒုက္ခတွေရောက်နေဦးမယ်၊ မောင် မကဲနဲ့"

"မကလည်းဗျာ"

"မဗျာနဲ့လေ။ အဘိုးကြီးကို လှည့်လို့ရပေမယ့် သူသားက ပန်ကာထိပ်က ဝက်အူ"

"သူတို့နှစ်ယောက်လုံး အိမ်မကပ်ပါဘူးဗျာ။ မ ကျွန်တော့်ကို မဖိန့်စမ်းပါနဲ့"

"အိမ်အကူတွေကလည်း သူတို့လူတွေလေ။ တစ်ခုခုဆို သတင်းပို့မယ့်သူချည်းပဲ။ ကဲပါ မောင်ရယ်၊ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက် နေးရမှာပေါ့"

"ပျိုရွယ်တဲ့အချိန်တွေကို နှမျောတယ်ဗျာ။ အသက်ကြီးမှဆိုရင် အားလုံးအလကားပေါ့"

"အမယ်လေး ခုမှ အသက် နှစ်ဆယ်ကျော်ရုံလေးရှိသေး။ အာရုံခံစားဖို့အချိန်တွေ အများကြီးရှိပါသေးတယ် မောင်ရယ်။ ကဲ ... ထပြန်ကြစို့။ မောင့်ရဲ့ချစ်မျက်လုံးကြီးကိုလည်း သတိထားဦး။ ချစ်ရည်တွေ ဖိတ်ကျမနေစေနဲ့"

"ဩော် ... ဒါတော့ မောင်က တကယ်ချစ်မိသူကိုးဗျ"

"ခုနေ[illegible]က နှစ်ပါးသွားတွေ၊ သစ္စာတိုင်တွေ ရွတ်နေရမယ့်အချိန် မဟုတ်ဘူးနော် မောင်။ အခြေအနေနဲ့ အချိန်အခါကို နားလည်ပါ။ လိမ္မာပါးနှပ်ပါ"

"မလည်း သတိထားပါ။ ကျွန်တော်နဲ့ပတ်သက်လာရင် ကဲကဲမဆတ်လေနဲ့။ သူတို့ပိုပြီး မသက်ာဖြစ်သွားလိမ့်မယ်"

"အင်းပါ"

ကတိတွေ အပြန်အလှန်ပေးပြီး နှစ်ယောက်သား ကားနှင့်ပြန်လာခဲ့ကြသည်။

ဒါက စျေးဝယ်သွားရင်း ချစ်စခန်းဖွင့်နေကြတာ။ အဲ ချစ်စကားပြောတာ၊ တိုင်ပင်နေကြတာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ အခြေအနေတွေက တစ်ဆစ်ချိုးပြောင်းလဲသွားပါပြီ။

ဘဝဆိုတာလည်း မျက်လှည့်ပြလိုက်သလိုပါပဲ။ မူလအစက မူယာန္တယ်စိုး၏ သူငယ်ချင်းအဖြစ် ဝယ်လာခဲ့ရသော ရွှေပန်းချီခမျာ ယခုကျ မူယာန္တယ်စိုးက ရန်သူလို သဘောထားခဲ့ပြီ။

မနက်ကပင်ကြည့် –

နံနက် (၇) နာရီမှာ အဖြူအစိမ်းတံစိုလေးလေပြီး ခဲထုံးလှလှ၊ ပန်းလေးတစ်ပွင့်ပန်လျက် ကျောင်းသွားဖို့ပြင်ဆင်၊ ထွက်လာခဲ့သော ရွှေပန်းချီ။

နံနက်စာကို ထမင်းစားခန်းထဲ ဝင်စားတော့ စားပွဲမှာ လူစုံတက်စုံ မရောက်သေး။ ရောက်နှင့်နေသူတွေက မူယာန္တယ်စိုးနှင့် အုပ်စိုး။

ဦးအေးကျော်သူရော၊ ကောစ်ပါ မရောက်သေးပါ။

နှစ်ယောက်သား ကြည်နူးပြုံးပျော်နေကြရာမှ ရွှေပန်းချီဝင်သွားတော့ အခြေအနေက မုန်တိုင်းဘက်သို့ ကူးပြောင်းသွား၏။

"ဩော် ... ငါက နင် မရှိတော့ဘူးတောင် မှတ်နေတာ"

ပြောပုံက ပက်စက်သည်။ ရွှေပန်းချီမျက်နှာတစ်ခုလုံး ဖွေးခနဲ သွေးဆုတ်သွားရ၏။

"ငါ ပြောင်းပေးပါ့မယ် နွယ်ရယ်။ လောလောဆယ် နေစရာ ရှာမရသေးလို့ပါ။ နင် ဆင်းစေချင် ဆင်းပေးပါ့မယ်။ တစ်ခုပဲ ဝမ်းနည်းမိတယ်"

"အဟင်း ဟင်း ... ဘာလဲ ကောင်မှန်းသိသာ အိတစိုစို ဆိုသလို ဒီစည်းစိမ်ပုံပေါ်က ဆင်းမပေးချင်တော့ဘူး ဟုတ်လား"

မူယာန္တယ်စိုးအသွင်က ခပ်လှောင်လှောင်။ နွယ်ဝိဟ်တွေ ဒီလောက်ကြမ်းတမ်းကုန်တာ ရွှေပန်းချီ ယူကျုံးမနဲဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြီသာအစဉ်ချီမယ်၊ လွန်စိတ်က အစဉ်မချီဘူးတဲ့။

သိနေပေမယ့် ရွှေပန်းချီရင်ထဲမချီ။

"မဟုတ်ပါဘူး နွယ်၊ ငါ့စိတ်ကို နင်သိပါတယ်။ ငါ အမက်မောဆုံးဝဏ်ပုဒ်က ရိုးသားခြင်း၊ ဖြူစင်ခြင်းပါပဲ။ သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို ငါ တံတွေးပေါက်လိုပဲ ရွံပါတယ်"

"ရွံလို့သာပဲ မယ်မင်းကြီးမရယ်။ ကိုယ့်သားအရွယ်လေးကို ဘာတွေပေးပြီး စည်းရုံးထားတယ်တော့မသိဘူး။ ဟိုကလည်း ဝိပြား ငြိမ်ဝပ်လို့။ ကျားလို့၊ ခြင်္သေ့လိုဆိုးတဲ့ကောင်ကိုတောင် နင်က ဆပ်ကပ်ဆရာလို ကောင်းကောင်းကြီးကိုင်နိုင်ခဲ့တာပဲ"

"တော်ပါတော့ နွယ်ရယ် ... နင် မတရားစွပ်စွဲတာတွေလည်း ငါ မခံစားနိုင်တော့ပါဘူး။ ငါ ဒီနေ့ပဲ ပြောင်းပေးပါ့မယ်။ ခိုနားခဲ့ရတဲ့အတွက် အစစအရာရာ ကျေးဇူးပါ နွယ်ရယ်။ နင် ငါ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့မယ်ဆိုရင် ခွင့်လွှတ်ပါ"

သူမ မျက်ရည်စက်လက်နှင့် ထမင်းစားခန်းထဲမှ လှည့်ထွက်ခဲ့တော့ နောက်ဘက်မှ စကားသံက ကပ်ပါလာသေး၏။

"ကြွ ... ကြွပေတော့ မရွှေပန်းချီရေ။ ပျော့ပျောင့်နဲ့နံ့တဲ့ ကြောင်ချေးမရဲ့။ ငါတို့မိသားစုအရေးအခင်းထဲမှာ နင့်ကို မမြင်ချင်တာနဲ့ အတော်ပါပဲ"

ရွှေပန်းချီ ဝမ်းနည်းလွန်းလို့ မျက်ရည်များက ပါးပြင်နုနုနှစ်ဖက်ပေါ်မှာ မြစ်လို၊ ချောင်းလို တသွင်သွင်။

ဘယ်ကထွက်လာနေမှန်းပင်မသိ။ ဝိညာဉ်မဲ့သူလို သူမ လျှောက်သွားနေတော့ လေကားအလယ်မှာ ကောရဖ်နှင့် သွားဆုံးလေ၏။

သူမ ပြေးလို့မလွတ်တော့။

ကောရဖ် ပျာယာခတ်သွားပုံက ကမ္ဘာပျက်တော့မည့်နှယ်။

"ဟင် မမ ... ဘာဖြစ်တာလဲ။ ဘယ်သူ ဘာပြောလို့ကင်လို့လဲ။ ဟိုအယုတ်တမာမမှ ဟုတ်ရဲ့လား"

"မဟုတ်ပါဘူး ကောရဖ်ရယ်။ ငါ့မေမေ နေမကောင်းဘူးဆိုလို့ပါ။ ငါ ဒီနေ့ပဲ ကားနဲ့ ရွာပြန်ရမယ်။ နင်တစ်ယောက်၊ အိမ်း ကျောင်းတက်တော့နော်"

ခေါင်းထဲမှာပေါ်လာသည့် အကြံအတိုင်း ရွှေပန်းချီ ပြောလိုက်မိသည်။ မြို့မှာ လောလောဆယ်လည်း နေစရာ မရှာရသေးတာမို့ မေမေ့ရင်ခွင်ဆီ ခဏပြန်မည်။ မနက်ဖြန် စနေနေ့ပဲ။ ကြာ တနင်္ဂနွေပြီးမှ ပြန်လာပြီး နေစရာရှာတော့မည်။

"တက်စရာလားမျာ၊ ကောရဖ်က ပညာသာအဖိုပညာသာအဖ မဟုတ်ပါဘူးဗျ။ ဘွားတော်သာ ကျုပ်ရဲ့အရေးပါဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကိုယ်တိုင် ရွာလိုက်ပို့မယ်''

''ဟယ် ... နင်ကလည်း ငါ့ဘာသာလိုင်းကားနဲ့ သွားပါ့မယ်။ တာဝန်ကြီးလို့ မလိုက်ပါနဲ့''

''ဘာတာဝန်ကြီးတာလဲ။ ကျွန်တော့်ဘာသာ ထမင်းဆိုင်မှာ စားပြီး တည်းခိုခန်းမှာ သွားအိပ်ပါ့မယ်ဗျ။ ဘွားတော် တာဝန်မပို့စေရပါဘူး''

''မဟုတ်ပါဘူး၊ ငါပြောချင်တာ တခြားပါ၊ ကေရာဖ်ရယ်။ ငါ့တစ်ယောက်တည်းပဲ ပြန်ပါရစေ။ နင် ငါနဲ့ ဝေးဝေးမှာ နေလိုက်ပါတော့နော်''

မျက်ရည်များနှင့် ရွှေပန်းချီ ပြေးတက်သွားတော့ သူကလည်း နောက်မှ ထပ်ချပ်လိုက်ဇာ။

''မရဘူးဗျာ။ ကျွန်တော်ကိုယ်တိုင် လိုက်ပို့မှာပဲ။ ဒီခေတ်ကြီးက ဘာသာစုဂုဏ်ထူးထွက်လည်း ဆေးမဝင်ပါဘူးဗျာ။ ခေါက်ထားလိုက်စမ်းပါ။ ကျွန်တော့်လို သူဌေးသားတစ်ယောက် အနေနဲ့ ဆယ်တန်းကို အောင်ရုံလေးအောင်၊ ဘွဲ့တစ်ခုယူရုံလေးယူ။ နောက် စီးပွားရေးလုပ်။ မိန်းမ လိမ်လိမ်မာမာလေးရှာယူ။ သားတွေ သမီးတွေမွေး ပြီးတာပဲ''

ရွှေပန်းချီ ကိုယ့်အတတ်နှင့်ကိုယ် စူးနေတော့ဇာ။

မူယာနွယ်စိုး နှင့်ချလို့ အထုပ်အပိုးနှင့် ဆင်းလာရမှာ

ပေမယ့် လူကြားကောင်းအောင် သူမ ပရိယာယ်သုံးရတာပါ။

နွယ်ရော၊ သူမပါ အရုက်မကွဲရအောင် မြွေမသေ တုတ် မကျိုးဖြစ်ရအောင် ကြံဆောင်ပေမယ့် –

တစ်ဖက်ကမ်းပြိုး၊ တစ်ဖက်သောင်ထွန်း ဘေးထွက် ဆိုးကျိုးအဖြစ် ကေရာဖ်က သူမ ရွာအထိ လိုက်ပို့တော့မည်။

ရွှေပန်းချီ ဟစ်လို့သာ ငိုလိုက်ချင်မိပါတော့သည်။

အသက် (၂၂) နှစ်အရွယ် မိန်းမငယ်လေးတစ်ယောက်ရဲ့ ကြီးမြတ်သော နှလုံးသား၊ ဖြူစင်သောနှလုံးသားလေးခမျာ။

မိသားစုဇာတ်ရှုဖ်ကြီးနှင့် မာယာများလှသည့် မူယာနွယ်စိုး၏ ရိုက်ချက်တွေမှာ မရှုမလှ ကျဆုံးနေရတာ။

သူမက ဆယ်ကျော်သက်အရွယ် သာသာလေးမို့ ကြုံလာရသည့် လောကဓံကြီးကို မေမေ့ရင်ခွင်မှာ ခေါင်းတိုးဝင်ပြီး ဖြေလျော့ငိုကြွေးချင်လိုက်တာပါ။

စနေ၊ တနင်္ဂနွေပြီးသွားလျှင်တော့ သူမ ဘဝကို စိတ်သစ်၊ လူသစ်၊ အင်အားသစ်တို့နှင့် ရင်ဆိုင်လိုက်မည်သာ။

''ဩော် ခုတော့ သခွပင်က မီးတကျည်းကျည် ဆိုသလို။ ကေရာဖ်ရယ်။

ငါ့ဘဝနဲ့ငါ လေးလံနေရတဲ့ကြားထဲ။ နင် ဘွားလေးရာဖရဲ့လာမဆင့်ချင်ပါနဲ့ဟယ်။

www.burmeseclassic.com

www.burmeseclassic.com

ကရောဖ်ဆိုတာလည်း တကယ့်ကျစ်ပစီ၊ ကျလေဇီ၊ အပေ အတေလေးဖို့ သူမဖြောင်းဖြလို့ ထားခဲ့လို့ရမှာမဟုတ်။

ရွှေပန်းချီ ဘယ်လိုဗျူဟာပြောင်းရွှေးမှာလဲ။

ရင်ထဲမှာ ဝမ်းနည်းကြေကွဲရလွန်းလို့ မေမေ့ဆီတော့ ပြန်ဖြစ်အောင် ပြန်ရမှာပါပဲ။

မိုင်တစ်ရာလောက်ဝေးသည်မို့ ကားခ (၄၀၀၀) ပဲ ပေးရမည့် လိုင်းကားကိုပဲ သူမ စီးသွားခဲ့ပါသည်။

ကားပေါ်မှာ မျက်မှန်အမည်းကြီးတပ်၊ မျက်နှာသုတ် စောင်ကြီးအုပ်ပြီး သူမ တစ်လမ်းလုံး မျက်ရည်ကျမည်၊ ပူဆွေးမည်။

သို့သော် ယခုတော့ ခုတ်ရာတခြား၊ ရှရာတလွဲ။ နွယ်စွပ်စွဲလို့ အပြီးတိုင်ရှောင်ခဲ့သည့် ကောင်လေးက သူမနောက်သို့ တတန်းထန်း လိုက်ဦးမည်။

ရွှေပန်းချီ သူမအခန်းထဲဝင်ကာ ပစ္စည်းတွေ ကောက်သိမ်းနေတော့ ကရောဖ် မျက်မှောင်ကုန့်ရသည်။

ရွှေပန်းချီအသွင်က ခရီးသွားမှာနှင့်မတူ။ သူအိမ်မှ အပြီးဆင်းတော့မည့်ပုံစံ။ ကရောဖ်၏ခေါင်းထဲမှာ လင်းခန်။

မနေ့က ဒေါ်မူယာနွယ်စိုး ရွှေပန်းချီ့ကို နှင်ချလိုက်တာ သူ သတိရလိုက်၏။ ကေန္တ ဒီမိန်းမကြီး ဘွားတော်ကို ထပ်ပြီး

နှင်ချပြန်တာဖြစ်ရမည်။

သူ ရွှေပန်းချီ့အခန်းထဲမှ အပြေးပြန်ထွက်လာခဲ့ပြီး ထမင်းစားခန်းဆီသို့ တလွှားလွှားနှင့် ရောက်သွား၏။

ထမင်းစားခန်းထဲမှာ ဒယ်ဒီလည်းရောက်နေပေပြီ။ ဒေါ်မူယာနွယ်စိုးနှင့် အုပ်စိုးကတော့ ကွန်ဖြေမပျက်။ လက်ဖက်ရည် သောက်နေ၏။ သူပုံစံကိုကြည့်ပြီး ဒယ်ဒီက –

"သား ... ဘာဖြစ်လာတာလဲ"

မူယာနွယ်စိုးကလည်း တိုက်ပွဲဝင်တော့မည့် ကြက်ဖတစ်ကောင်လို အသင့်အနေအထား ယူလိုက်၏။

သူမ ကရောဖ်ခေါင်းကို ပုတ်လိုက်မိပြီ မဟုတ်ပါလား။

"ဒယ်ဒီ"

"ပြော ... သား"

သူမ သေဆိုသေ၊ ရှင်ဆိုမှ ရှင်သည့် လူကြီးကလည်း သူသားကို ချစ်ပြ၊ စည်းလုံးပြုနေတော့ မူယာနွယ်စိုး ရင်ထဲ ဆိတ်ခန်။

အို ဟန်ကိုယ့်ဖို့။ လာမယ့်ဘေး ပြေးတွေ့ရမှာပဲ၊ ကြောက်မွေးပါ ဇာကနာနဲ့ နတ်။

"ဒယ်ဒီ့မိန်းမ ကြည့်လုပ်ဦး။ ဘွားတော်ကို နှင်ချနေ ပြီ။ ဘွားတော်က သားကို ဂိုက်လုပ်ပေးနေတာ ဒယ်ဒီ

www.burmeseclassic.com

www.burmeseclassic.com

သိတယ်နော်။ သူက သားကို စာမေးပွဲမအောင်စေချင်တာ။ ဒီလိုပဲ ပေတေ လေလွင့်ပြီး လမ်းဘေးမှာ သေစေချင်နေတာ''

''ဟုတ်လား နွယ်။ ရွှေပန်းချီက သားကိုဂိုက်လုပ်ပေးနေတာပဲ။ ပြီးတော့ ရွှေပန်းချီက နွယ့်ငယ်သူငယ်ချင်းဆို။ ဘယ်လိုတွေ ဖြစ်ကြတာလဲ''

သားအဖ (၂) ယောက် တစ်လေတည်း အသံထွက်နေတော့ မူယာနွယ်စိုး စစ်ကို သေချာပြင်ရသည်။

''နှင်ချတာ မဟုတ်ပါဘူး ကိုကိုရဲ့။ သူ အနေအထိုင် မတတ်လို့ နွယ်က သတိပေးစကားပြောမိတာပါ။ အဲဒါနဲ့ စိတ်ဆိုးပြီး အိမ်ကဆင်းမယ် ဖြစ်သွားတာပါ။ နွယ် ပြန်ချော့လိုက်ပါ့မယ် ကိုကို။ အဲ ... သူက မာနတော့အကြီးသားနော်။ ပြောလို့ ရ မရတော့ နွယ် အာမ,မခံဘူးနော်''

ဝါးလုံးကို ဝါးခြမ်း အဖြူကို အမည်းလုပ်ပြီးပြောနေသည့် မူယာနွယ်စိုး၏ လှည့်ကွက်ကို ကေရာဇ်ကတော့ မြင်ပြီးသား။

''ဒါပဲ ဒယ်ဒီ၊ ကိုယ့်ဇယားကိုယ်ရှင်း။ သားကတော့ ဘွားတော် ဂိုက်လုပ်ပေးလို့ အဆင်ပြေနေတာ''

''တိမ်ယံလေးလည်း လာပြီ၊ သင်ပေးနေတယ် မဟုတ်လား ... ကေရာဇ်ရဲ့''

မူယာနွယ်စိုး ရွှေပန်းချီကို မနေစေချင်တာ ဘာကြောင့်လဲ။ သူက မူမမှန်သူမို့ပေါ့။

''မတိမ်ယံနဲ့က ရန်ပဲဖြစ်နေရတာ။ သူက အရမ်းအနိုင်ကျင့်တယ်၊ ဘဝင်မြင့်တယ် ဒယ်ဒီ။ တိမ်ယံမြင့်မိုရ်ဆိုတဲ့အတိုင်း အာကာဟပ်ပြီး တိမ်ညွှန့်ကိုတက်စားမယ့် မိန်းမ။ သူဘာသာ စားတာက စား၊ စားပါ။ ခုကျ သားကိုပါလာပြီး ကျပ်နေတော့ ခုတ်ရာတခြား၊ ရှရာတလွဲကြီးပါ ဒယ်ဒီရာ။ ခါးတောင်းကျိုက်တလွဲ ဖင်တလွဲ မဖြစ်စေချင်ရင် ဒယ်ဒီ။ အသေတိုရ်မြင်းကို ဒယ်ဒီပဲ ပြန်သိမ်းပေတော့။ အခု ဘွားတော်အရမ်းငိုနေတယ်။ သူမေမေ နေမကောင်းလို့ပြန်မယ်တဲ့။ ဒယ်ဒီ့ကိုခွင့်လာတောင်းတာ။ သားလိုက်ပို့မလို့''

''အို ... ဘယ်ဖြစ်မလဲ၊ သူဘာသာပြန်ပါစေပေါ့။ ကိုကို ကေရာဇ်ကို ကြည့်ပြောဦး။ တော်ကြာ ငြိကုန်မှ နွယ့်ကို အပြစ်မပြောနဲ့''

စေတနာစကားလိုလို ဘာလိုလိုနှင့် မူယာနွယ်စိုး ကန့်စွက်နေလျှင် ကေရာဇ် ပခုံးတွန့်လိုက်သည်။

''ဒယ်ဒီ စရိတ်ပေးဦး''

''ဒယ်ဒီ့ပိုက်ဆံအိတ်ထဲမှာ ကြိုက်သလောက် နှိုက်သုံး''

''တစ်သိန်းလောက်ပဲယူသွားမှာပါ။ အိုကေ ဒယ်ဒီ၊

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူး။ ဒယ်ဒီလည်း ကြည့်နေဦး၊ စိတ္တမာနလို မိန်းမမျိုးက ဘုရားရှင်လက်ထက်မှာပဲ ရှိတာမဟုတ်ဘူး။ ဒီခေတ်ကြီးထဲမှာ ပိုပြီးရှိတယ်။ သတိ၊ ဝီရိယနဲ့သာ နေပေတော့။ သားမရှိတဲ့ (၂) ရက်၊ (၃) ရက်နဲ့ ဒယ်ဒီကမ္ဘာကြီး ပျက်မသွားပါဘူးနော်"

ပြောပြီး ကောရာဇ် ထမင်းစားခန်းမှ လှည့်ထွက်ခဲ့တော့ မူယာနွယ်စိုး ကြိတ်မနိုင် ခဲမရ ကျန်ခဲ့သည်။

"ခွေးကောင် ... လမ်းမှာ ကားမှောက်ပြီး (၂) ယောက် စလုံး အသေဆိုးနဲ့ သေကြပါစေတော်"

❁

အခန်း (၁၃)

ကောရာဇ်ကတော့ ဇောင်းထဲမှလွတ်သည့်မြင်းလို မြူးကြွနေ၏။ သူပြောခဲ့သလို တိမ်ညွှန့်ကိုစားမည့်ရွှံပ်မျိုးနှင့်။

ရွှေပန်းချီကတော့ ငေးငေးငိုင်ငိုင်။ ရုက်လိုက်တာ၊ ရုက်သာထက် နမြော တသ ဝမ်းနည်း ကြေကွဲရတာလည်းပါသည်။ မူယာနွယ်စိုးဟာ ငယ်သူငယ်ချင်းမို့ စိတ်ဝမ်းကွဲရတာ အမှန်ကြေကွဲသည်။ မိမိလည်း ဘာအပြစ်မှ မကျူးလွန်ရပါဘဲနှင့်။ ကန္တ သူနှင့်မတည့်သည့် ကောရာဇ်နှင့် သွားပြီး ပေါင်းနေလို့ပဲ ဖြစ်ရမည်။

ဘာပဲပြောပြော သူမလို ကိုယ်ကျင့်တရားကောင်းသူ၊

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်သိက္ခာကို အလေးထားသူ၊ ရက်တတ်သူတစ်ယောက် အတွက် နှင်ချခံလိုက်ရခြင်း ပြစ်ဒဏ်က သေရာပါတော့မည်။

တစ်လမ်းလုံး ရွှေပန်းချီငေးမောလာတော့ ကေရာဖ် အရိပ်တကြည့်ကြည့်။ (၄) နာရီလောက် နားနားနေနေ မောင်းရ မည့်ခရီး။

လမ်းလက်ဖက်ရည်ဆိုင်လေးမှာ သူတို့ (၂) ယောက် ခေတ္တနားကြတော့ နံနက် (၁၀) နာရီကျော်ပြီ။ ကေရာဖ်ရင်ထဲ ပျော်နေရာမှ ရေ့ခရီးအတွက် ရင်ထဲ ထိတ်ခနဲ ဝင်လာ၏။

''မမ ဘယ်ကိုမှ မသွားရဘူးနော်၊ အိမ်မှာပဲနေရမယ်''

ရွှေပန်းချီဟာ နည်းနည်းလေးတောင်မှ သူတစ်ပါး စိတ် ချမ်းသာအောင် မလိမ်မညာတတ်သူမို့ ကေရာဖ် စိတ်ချမ်းသာ အောင် လိမ်ညာမပြောနိုင်ပါ။

''နွယ့်ကိုလည်း ရန်မလုပ်ပါနဲ့ ကေရာဖ်ရယ်။ နင်တို့ မိသားစုအဆင်ပြေနေရင် ငါကျေနပ်ပါတယ်။ ငါ့အတွက် ပြဿနာတွေ မဖြစ်စေချင်ပါဘူး။ ငါ့မိတ်ဆွေကိုရှာခိုင်းထားလိုက် ပြီ။ အဆောင်တစ်ခုခုမှာ နေလိုက်မယ်။ လူဆိုတာ ကိုယ့်အား ကိုယ်ကိုးရမှာပဲ မဟုတ်လား။ အခု ငါက အချောင်နေ အချောင် စားတဲ့ အချောင်သမားဖြစ်နေပြီ။ နွယ်မပြောခင်ကတည်းက ငါ သိတတ်ခဲ့ရမှာ''

ပြောရင်းမှပင် ရွှေပန်းချီ မျက်ရည်များမနိုင်ရင်ကာ ပြုံကျလာတော့ လိပ်ကလေးလို မျက်ရည်တွေ ဘယ်ညာသုတ် လည်း မနိုင်။

ကေရာဖ်ရင်ထဲ ကြေကွဲမှုတွေနှင့် ဗလောင်ဆူနေရ၏။

''ဟာ ... မမ အလကားစားနေတာမှမဟုတ်ဘဲ။ ကျွန် တော့်ကို ဂိုက်လုပ်ပေးနေတယ်လေ။ အဲလို (၁၂) နာရီထိလည်း ဘယ်သူမှ လုပ်မပေးဘူး။ တကယ့်ကို ရှယ်ဂိုက်။ ရှယ်စေတနာ တွေနဲ့ လုပ်ပေးနေတာ။ ဒယ်ဒီကလည်း မမကို အရမ်းကျေးဇူး တင်နေတာ''

''အဲဒါက ငါ နင်တို့အိမ်မှာနေတာပဲဟယ်၊ လုပ်ပေးရ မှာပေါ့''

''တာဝန်ကျေစကားတွေ မပြောပါနဲ့ဗျာ။ မမရင်ထဲက စေတနာတွေကို ကျွန်တော် မြင်နေ၊ နားလည်နေရပါတယ်။ မမ မရှိလို့ မဖြစ်ဘူးနော်။ မာမီ့ကို ဆုံးရှုံးရတာထက် ဆိုးသွား မယ်။ ဒီတစ်ခါ ကျွန်တော် လေလွင့်ရင် တစ်သက်လုံး ကြာသွား လိမ့်မယ်။ ဆေးတွေလည်းချမှာ။ အရက်၊ ဘိန်းဖြူ အိုဗျာ အစုံ လုပ်ပစ်မှာ။ ဘဝကို ဇရုန်မျှောပစ်မှာ''

ကေရာဖ် စိတ်လိုက်မာန်ပါတွေပြောနေလျှင် ရွှေချော နုနုကောင်လေး၏ မလိမ်မိုး မလိမ်မာချဉ်ကလေးကို ရွှေပန်းချီ

www.burmeseclassic.com

ငေးကြည့်နေမိတ်။

"ငါ့ကို အကျပ်မကိုင်ပါနဲ့ ကေရာဇ်ရယ်။ ငါဘဝကို ငါ အကောင်းဆုံးလျှောက်လှမ်းပါရစေ"

ကေရာဇ်ကလည်း ခေါင်းမာတာ မွေးကတည်းကပါ။

"လျှောက်လေ လျှောက်ပေါ့။ ဒါပေမဲ့ မမလျှောက်တဲ့လမ်းမှာ ကျွန်တော် အရိပ်လို လိုက်မယ်။ ကျွန်တော့်အိမ်မှာနေပြီး မမလျှောက်ချင်တဲ့လမ်းကို တိမ်ပေါ်ထိအောင် လျှောက်လိုက်စမ်းပါဗျာ"

"နင်က ငါ့ကို နှောင်ကြိုးတန်းလန်းနဲ့ နှောက်က ချုပ်ကိုင်ထားတာပဲ။ ငါ ဘယ်လိုလျှောက်လှမ်းလို့ရမှာလဲ။ ကေရာဇ် ငါ့မှာ ချစ်သူရှိတယ်လို့ပြောပြီးသားနော်။ ဖြူစင်တဲ့သံယောဇဉ်ကလွဲလို့ ငါ နင့်ကို ဘာမှမပေးနိုင်ဘူး"

"ရတယ်၊ ချစ်သူပဲဗျာ ခင်ပွန်းမှမဟုတ်သေးဘဲ။ ကျွန်တော်က နှောင်ကြိုးတဲထားတာ မဟုတ်ပါဘူး။ မမကို စိတ်မချလို့ ကိုယ်ရံတော် ဘက်စမိန်းလုပ်ချင်တာပါ"

"တော် တော်စမ်း ကေရာဇ်ရယ်။ ငါ့ကိုလာပြီး ခေါင်းမစားစမ်းပါနဲ့"

"မသိဘူးဗျာ၊ မမ ကျွန်တော့်အိမ်ကလွဲလို့ ဘယ်ကိုမှ မသွားရဘူး"

"နင်က ငါ့ရဲ့ ဂုဏ်သိက္ခာတွေကို ချနင်းပြီးမှ နင့်ဘဝကိုတည်ဆောက်မယ်၊ ပျော်ရွှင်နိုင်မယ်ပေါ့ ဟုတ်လား"

"ကျွန်တော့်ကို စကားလုံးအကြိုးကြီးတွေနဲ့ လာမပစ်ပေါက်နဲ့ဗျာ။ ကျွန်တော် မမကို မခွဲနိုင်ဘူး။ မမ မရှိရင် အသက်မရှင်နိုင်ဘူး။ ဒီ ဒေါ်မူယာနွယ်စိုးကို လုံးဝ ဂရုစိုက်စရာမလိုဘူး။ ဒီတိုက်၊ ဒီခြံတွေဟာ ကျွန်တော့်ပစ္စည်းတွေပါဗျာ။ မာမီအမွေတွေ။ မာမီက ကျွန်တော့်ကို လက်လွှဲပေးခဲ့ပြီးသား။ ဒယ်ဒီက လည်း ကြည်ဖြူပြီးသား"

"ငါ့ကို ပစ္စည်းမျက်စိပြီး အရှက်မရှိ ကုတ်ကပ်နေမယ့်သူထင်လို့လား ကေရာဇ်"

"မထင်ပါဘူး၊ ကျွန်တော်ဆိုလိုတာက ဒီအိမ်ဟာ ဒေါ်မူယာနွယ်စိုးရဲ့အိမ် မဟုတ်၊ ကျွန်တော့်အိမ်။ ကျွန်တော်ကြည့်ဖြူလျှင်ပြီးပါတယ်လို့ ပြောချင်တာ။ တောင်းပန်နေတာပါ"

"မသိဘူးဟာ။ လောလောဆည် ငါ့ခေါင်းတွေ သိပ်ပူနေတယ်။ ထ ဆက်သွားကြစို့။ ငါ့ရွာရောက်ရင်လည်း နင် ချက်ချင်းပြန်။ ငါ ယုန်ထင် ကြောင်ထင် အထင်မခံနိုင်ဘူး"

"မရဘူး၊ ကျွန်တော့်ကို မမရဲ့တပည့်လို့ ပြောလေ။ ကျွန်တော်ကလည်း လူရွေ့ သူရွေ့မှာ ဆရာမလို့ခေါ်မယ်။ လေးလေးစားစား ဆက်ဆံမယ်။ မမကို တစ်ပါတည်း ပြန်ခေါ်

www.burmeseclassic.com

www.burmeseclassic.com

သွားမယ်။ ခုချိန်ကစပြီး မမရဲ့ အနားမှာ မမရဲ့အရိပ်ကလေး အဖြစ် ကျွန်တော် အမြဲတမ်းရှိနေမယ်။ ဒါပဲ''

ရွှေပန်းချီ သူကို မျက်စောင်းထိုးလိုက်ပြီး ကားထဲသို့ ဆောင့်ခနဲ ဝင်ထိုင်တော့ ဇကရာဇ် လေတစ်ချက်ခွန်ပြီး ကားကို သာသာယာယာပဲ မောင်းထွက်ခဲ့တော်။

ရွာကလေးက သာသာယာယာ။

ရိုးမကို လှမ်းမြင်နေရသည့်ရွာ။

ကေရာဇ်မှာ ဘဝသစ်ကိုရောက်နေသလို တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ သည်လိုမျော်ရွှင် မကြည်နူးခဲ့ရ။

နေရာအသစ်အဆန်းမှာ ချစ်ရသူနှင့်အတူဆိုတော့ ဝိုးကို တောင် ခေါင်းနှင့်ပြေးဆောင့်ချင်မိမတတ်။

မမတို့အိမ်လေးက သစ်သားလေးပင် အိမ်ကလေး။ မမ၏ ဗီဘာနှစ်ပါးမှာလည်း အေးချမ်းဖြူစင်သူတွေပါ။

ခြံလေး ဝင်းလေးထဲမှာ သီးပင်၊ စားပင်တွေနှင့် စိတ် ကြည်နူးချမ်းမြေ့စရာ။

www.burmeseclassic.com

www.burmeseclassic.com

သူ ကားမောင်းဝင်ပြီး ခြံဝိုင်းထဲမှာ နေရာယူတော့ ရွာခလေ့အရ အားလုံးပင် ဝိုင်းကြည့်လာကြတာ။

မမရဲ့ဖခင်က ဆေးမှူး၊ မမရဲ့မိခင်က ကျောင်းဆရာမ။ အငြိမ်းစားတွေဖြစ်ပြီ။

အိမ်မှာ မိဘ (၂) ပါးပဲရှိသည်။ သားကြီးနှင့်သမီးကြီးက တာဝန်ကျရာနေရာများမှာ နေကြရသည်။

သူတို့ရောက်သွားတော့ နေ့လယ် (၁၂) နာရီကျော်ပြီ။ မိဘ (၂) ပါးမှာ သားသမီး (၃) ယောက်တာဝန်ကို ပခုံးနှင့် ထမ်းတင်ခဲ့ရသဖြင့် အင်အားတွေ ချည့်နဲ့နေပြီလားမသိ။

မမတို့ဖခင် ဆေးမှူးကြီးကတော့ အိမ်မှာ ဆေးခန်းလေး ဖွင့်ထားဆဲပါ။

"မေမေ"

အိမ်ပေါ်ပြေးတက်ပြီး ကလေးလေးလို မိခင်ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ မမငိုတော့ ကောရာဖ်တို့အပျော်တွေ ပျောက်ဆုံးကုန်ရသည်။

သူကတော့ ရွာထဲဝင်လာကတည်းက မိုးမမြင် လေမမြင် ဖြစ်ခဲ့လိုက်ရတာ။ စိတ်ကူးတွေပင် ယဉ်လို့။

"သမီးလေး ဘာဖြစ်လို့လဲကွယ်။ မေမေ့ကို အောက်မေ့လို့လား"

ခေါင်းလေး တဆတ်ဆတ်ညိတ်ရင်း ရွှေပန်းချီ ငိုနေတော့ ကောရာဖ်မှာ အိမ်ကလေး၏ဥည့်ခန်းလေးထဲ ခြေပစ်၊ လက်ပစ်။ သူမေမေကပင် ချော့မော့ရင်း –

"ကဲ ... တိတ်ပါ သမီးရယ် ... သူကလေးက ဘယ်သူလဲ"

"သမီးနေတဲ့အိမ်ကပေါ့။ နွယ် ယောက်ျားကပါတဲ့ သားလေး"

"ဩော် ... နွယ်နဲ့မတည့်ဘူးဆိုတဲ့ ကလေးလား"

ဟာ ... ကြည့်စမ်း။ မမက အကုန်လျှောက်ပြောထားတာကိုး။ ဖုန်းဆက်ရင်း အကျိုးအကြောင်းတွေပြောထားသည်ထင့်။

"ဟုတ်တယ်၊ ဒါပေမဲ့ ... သူ အခုလိမ္မာနေပါပြီ။ သမီး အိမ်ပြန်ချင်တယ်ဆိုတာနဲ့ သူပါလိုက်ပို့တာ"

"အေးကွယ် ... ကျေးဇူးတင်ပါတယ် သားရယ်။ မင်းဆရာမကို စောင့်ရှောက်ပေးတာ ကျေးဇူးပါ"

"သမီးတို့ ထမင်းစားကြ။ မေမေတော့ ဖေဖေ့နောက် လိုက်သွားလိုက်ဦးမယ်"

"ဖေဖေ ဘယ်သွားလို့လဲ မေမေ"

"ဟိုတက်ရွာကို ဆေးသွားကုတာ။ အခု လိုတဲ့ဆေးတွေ

www.burmeseclassic.com

www.burmeseclassic.com

လုမ်းမှာလို့ မမေ သွားပို့ရမယ်။ သူတပည့်လေး လာခေါ်လိမ့်မယ်''

ဆေးတွေယူပြီး မမေ ဖေဖေ့နောက် လိုက်သွားတော့ အိမ်မှာ သူမနှင့် ကောဇော (၂) ယောက်တည်း။

''လာ ... တို့ ဆင်းရဲသားဟင်းတွေ နှင်စားနိုင်ပါ့မလားမသိဘူး''

''မမကလည်းဗျာ။ ကျွန်တော့်ကိုများ စကားနာထိုးနေရသေးတယ်။ စားမှာ စားမှာ။ ဆာနေတာကြာပြီ။ မမကိုတောင် ဖဲ့စားချင်နေတာ''

''အပိုတွေမပြောနဲ့ မကြိုက်ဘူး''

''ဟုတ်''

ကိုယ့်ပါးစပ်ကိုယ်ပိတ်ပြီး ကောဇော ရွှေပန်းချိုနောက်သို့ လိုက်ရသည်။ အိမ်ကလေးက သေးသေးလေးမို့ တစ်ခန်းနှင့် တစ်ခန်း မြင်နေရသည်။

''ထိုင်''

ထမင်းစားပွဲမှာ သူက ထိုင်စောင့်နေ၏။ စားပွဲနှင့် ကုလားထိုင် (၅) လုံး။ မိသားစု (၅) ယောက် တစ်ခါတုန်းကတော့ ပျော်ရွှင်စွာ စားခဲ့ကြမှာပေါ့။

''ဟင်းတော့ ဖွယ်ဖွယ်ရာရာမရှိဘူး''

''ရတယ်၊ မမနဲ့အတူဆိုရင် ငရုပ်ပြည် အဝီစိတောင် လိုက်မယ်ဗျာ''

''ဘာဆိုင်လို့လဲ နင်နော်''

''ဪ ... ငရုပ်ပြည်က ဒီထက်အခြေအနေဆိုးမှာလို့ ပြောတာပါ။ ခု မမရွာလိုက်လာရတာ ကျွန်တော်ဖြင့် ပျော်လွန်းလို့။ နှလုံးသားတွေ အရည်ပျော်လုမတတ်ဘဲ''

သူက ခံစားချက်တွေနှင့် ပြောင်းဆန်နေသလောက် မမကတော့ မျက်စောင်းတထိုးထိုး။

''နင်ဟာလေ သိပ်အပိုတွေပြောတာပဲ။ ကဲ ... စားစားတော့''

စားပွဲပေါ်သို့ ဟင်းပန်းကန်၊ ထမင်းပန်းကန်များ ရောက်လာပြီး မမက အမိန့်ပေးလိုက်လျှင် သူက ခါးကြိုးကိုင်းပြီး ဟင်းတွေကို ပြူးကြည့်၏။

''ဘာဟင်းတွေလဲ မမ။ ပြောပြပါဦးဗျ''

''ဒါက ဂျီသား (ချေသား) အစိုချက်''

''ဟား ... အိုကေ''

''ဒါက ဆတ်သားခြောက်ဖုတ်ကို ဆီဆမ်းထားတာ''

''ဝိုး ... မိုက်တယ်''

''ဒါက ဖရုံညွှန့်ကြော်၊ ဒါက ပဒတ်စာနဲ့ဘူးသီးဟင်းချို''

www.burmeseclassic.com

www.burmeseclassic.com

"အိုး ... ကျွန်တော် မစားဖူးဘူး"

"စား မသေဘူး၊ ဒါကတော့ ငါးပိရေဖျော်နဲ့ တို့စရာ မျိုးစုံ"

"အိုကေ ... ဆွဲပြီဗျာ"

"ဆွဲဗျာ"

ရွှေပန်းချီ သူ့ကို ညှော့သည်မို့ ဟင်းတွေထည့်ပေးပြီးသည် နှင့် ကိုယ်လည်း အပိအပြင် ဆွဲစောသည်။

တောထမင်း၊ တောဟင်းတွေ မစားရတာကြာပြီလေ။ သူငြေးအိမ်မှာ ဆီရွှဲရွဲ၊ ချိုရဲရဲဟင်းတွေ စားလို့ ခံတွင်းမတွေ့ခဲ့သမျှ ယခုကျမှ လိုမဲ့တွယ်နေမိလေ၏။

ကေရာဖိကလည်း ဆာဆာနှင့် အပိဆွဲနေလိုက်တာ ထမင်းဝိုင်းလေးက တက်ညီလက်ညီ။

"မမ"

"ဘာတုံး"

"ကျွန်တော် မမကို ဘယ်ကိုမှမထားနိုင်ဘူးနော်။ ကျွန်တော့်အိမ်ကိုပဲ ပြန်လိုက်ခဲ့ရမယ်။ ဒါကြောင့် ကျွန်တော် ကပ်နေတာ"

"လူဆိုတာ သြဇာညောင်းချင်ရင် လူတွေ မလိုက်နာနိုင်တဲ့ ဥပဒေကို မထုတ်ရဘူးဟဲ့"

"မသိဘူးဗျာ၊ ကျွန်တော် မမ,မရှိရင် ဘယ်လိုမှ အသက်ရှင်နိုင်မှာ မဟုတ်ဘူး"

"ဟဲ့ ... နင် ငါ့ကို ရည်းစားစကားပြောနေတာလား။ နင်တော့ မြေမျိုတော့မယ်"

"မဟုတ်ပါဘူး၊ မဟုတ်သေးပါဘူးဗျ"

"ကဲ ... စား ... စားတော့"

နှစ်ယောက်သား ထမင်းစားပြီးကြတော့ ညှော့ခန်းမှာ ပြန်ထိုင်ကြသည်။

"ရွာထဲလျှောက်ကြည့်ချင်တယ်"

"နေ့လယ်ကြီး နားလိုက်ဦး။ ညနေကျမှ ရွာထဲလျှောက်"

"ရွာက ရွာကြီးနော်။ ကျောင်း၊ စျေး၊ ဆေးခန်း စုံနေတာပဲ"

"အင်း"

မမနှင့်အတူ စကားစမြည်ပြောနေရသည်မို့ လောကကြီး ဘာ သာတောင့်သာယာ။

မိုးမမြင် လေမမြင်ဆိုတာ ဒါမျိုးလား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

ရွာပြင်မှာ ပတ်ခွေစီးဆင်းနေသည့် မုန်းချောင်းကိုပြင်တော့ ရေချိုးဦးမတဲ့။

ရွာကို ခြေလျင်လျှောက်ပတ်ပြန်ရသည့်အတွက် ရွှေပန်းချီ စိတ်မရှည်ရသည့်အထဲ။ ကိုယ်တော်ချောက ရေချိုးဦးမတဲ့။

"ဟဲ့ ဆောင်းဝင်လို့ ချမ်းနေတာနော်။ နင် မကဲနဲ့"

"ကဲပါဘူးဗျ ... အဘက ဆေးမှုးပဲ။ ဗျားလည်း ဆေးကုပေးလိမ့်မှာပေါ့"

"ကောရဇ်ရယ် ... ပြဿနာမရှာစမ်းပါနဲ့။ ငါ စိတ်ညစ်နေတာ သိလား"

"သိသားပဲ၊ မယောင်ရာဆီလူးနေတာ။ ကျွန်တော့်အိမ်က လွဲလို့ မမ ဘယ်မှ မသွားရဘူး။ ဒါပဲ၊ လမ်းကြောင်းက ရှင်းပြီးသား"

"နင် ပြောသလိုဆို ငါ့ရဲ့ဂုဏ်သိက္ခာတွေ မြောင်းထဲ ရောက်ကုန်ရောပေါ့။ သိက္ခာကို ရိုက္ခာနဲ့လဲသလို ဖြစ်နေတာပေါ့"

"ဘာမှမဆိုင်ဘူး။ သူက ဘာမို့လို့။ ဒီဒေါ်မူယာနွယ်စိုးကြီးကို ကျွန်တော် လုံးဝမသက်ဘူး။ စုံစမ်းစစ်ဆေးပြီး ဖော်ထုတ်ဦးမှာ။ မိလို့ကတော့ ကန်ကိုချမှာ"

"နင်တို့ ဇာတ်ရှုတ်ကြီးထဲ ငါက မြေစာပင်"

"သိဘူးဗျာ၊ အဲဒါတွေ လာမပြောနဲ့"

ကောရဇ်ဟာ ဖွတ်တရွတ်လုပ်တတ်သည့် ကောင်လေး ပီပီ အဝတ်တွေချွတ်ပြီး ခါးမှာ ဘောင်းဘီတိုလေးနှင့် အေးစိမ့်နေသော မုန်းချောင်းရေထဲမှာ ငါးတစ်ကောင်လို ကူးခတ်နေလေတော့သည်။

ရွှေပန်းချီကတော့ သူ့အဝတ်တွေကို စောင့်ရင်း ချောင်းကမ်းပါးမှ စောင့်ရတော်။

"ကောရဇ်ရေ ... တက်တော့။ နင့်နှုတ်ခမ်းတွေ ပြာနေပြီ"

သူမတို့ရောက်နေသည့် ရွာပြင်ချောင်းနံဘေးမှ လူသူ

www.burmeseclassic.com

www.burmeseclassic.com

အရောက်အပေါက်လည်း နည်းပါးသည်။ အချိန်က နေဝင်ဖြိုးဖြဲ။

"ဟေ့ တက်တော့၊ ငါ နင့်ကို ထားခဲ့တော့မှာနော်"

"အဟဲ"

သည်တော့မှ ကိုယ်တော်ချော ရေထဲကတက်လာပြီး သူ့အခက်အခဲကို တင်ပြသည်။

"ဒီနားမှာ လမ်းကြောင်းရှင်းနေတယ်ဗျ။ ကျွန်တော် အဝတ် ဘယ်လိုလဲရမှန်း မသိလို့"

"ကောင်းတယ်၊ ကဲချင်ဦး"

သူက တောင်းဘီရှည်နှင့် ရှပ်ကျပ်ကျပ်လေး ဝတ်လာသူ။ အောက်ခံတောင်းဘီက ရေချိုးလို့ စိုသွားပြီ။

ရွှေပန်းချီ ကိုယ့်ကိုယ်ကိုယ်သာ ဆန်းစစ်ရတ်။ သူမ ဝတ်ထားတာအပေါ်မှ ထပ်အင်္ကျီလေးပါသေးတ။ သူမ အပေါ် အင်္ကျီချွတ်ပေးရသည်။

"ရော့ ... ဒီအင်္ကျီပတ်ပြီး တောင်းဘီလဲ"

"မကြည့်နဲ့နော်"

"ဩော် ... ကြည့်စရာလား၊ နင်တော့ သေတော့မယ်။ စောစောကတည်းက စဉ်းစားပါလား။ ဒီလို အခက်တွေ့မယ် ဆိုတာ"

"မမ တားပါလား"

"အံမာ ... နင်ပဲ ဖျတ်ခနဲဆို ရေထဲခုန်ဆင်းသွားတဲ့ ကိစ္စ။ ကဲ ... ရော့ပါ။ သွား ခပ်လှမ်းလှမ်းမှာ သွားလဲချည်"

ကေရာဇ် ရွှေပန်းချီအပေါ်အင်္ကျီလေးယူကာ ခပ်လှမ်းလှမ်းမှာ အဝတ်တွေ သွားလဲရသည်။

သူ ဝတ်စုံပြည့်နှင့်ပြန်လာတော့ ရွှေပန်းချီအင်္ကျီလေးက စိုစိုရွှဲနေပြီ။

"ဆောရီး မမ၊ ကျွန်တော် အအေးမပတ်ဘဲ မမ အအေးပတ်တော့မှာပဲ"

"ရတယ် မြန်မြန်ပြန်ကြစို့"

"ရွာထဲနဲ့ တော်တော်ဝေးနေတာကြီး။ နာရီဝက်လောက် လျှောက်ရဦးမှာပဲ"

"နင်လေ ... နင်ရှည်တာ"

"ဒီလမ်းတွေ ကားမောင်းလို့မှ မရဘဲဗျာ"

ရွှေပန်းချီမှာ အပေါ်မှ ထပ်အင်္ကျီချွတ်လိုက်တော့ အင်္ကျီထက်ပြတ်လေးသာ ကျန်တ။ ဝင်းဝင်းစက်စက်လှနေသည့် မမကို ကြည့်ပြီး ကေရာဇ် သနားလို့မဆုံး။

ကလူကျီစယ်နေသည့် ဆောင်းလေအေးက သရမ်းနေပြီ။

သူလည်းချမ်းတာပါပဲ။ ဆောင်းဦးလေက သရမ်းနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

လေနှင်းမဟုတ်တဲ့ လေနီကြမ်းဖြစ်တော့မှတော်။ လေ ရူးသုန်သုန်ကို တိုက်ခတ်နေတာ။

''မမ''

သူ အချမ်းဒဏ်ခံစားနေရပုံပေါ်သည့် ရွှေပန်းချီနား ကပ်သွားတော့ သူမက အလန့်တကြား။

''ကရောဖ်နော် ... နင်''

ခွေးဆိုးကိုထိန်းနေသည့်သူလို သူမအသွင်က မျက်ပြူး ဆန်ပြာ။ သူ အတွေးပေါက်သွားရော်။

မမ သူ့ကို တစ်မျိုးတွေးပြီး ကြောက်နေတာလား။

''ဟာဗျာ ... ကျွန်တော်က မမ၊ ချမ်းနေလို့ ဖက်ထား ပေးမလို့ပါ''

''အံမယ် ... ငါ့ဘာသာချမ်းလို့ သေသေ၊ နင် အကြောင်းမဟုတ်ဘူး။ သွား ရှေ့ကလျှောက်''

''စိတ်မချပါဘူးဗျာ၊ ကိုယ့်မမ ချောချောလေးကို နောက် မှာ မထားနိုင်ပါဘူး''

မှောင်ရိပ်မိုးလာသည့်အတွက် ရွာဆီသို့ ခပ်သွက်သွက် လျှောက်နေကြစဉ် မမျှော်လင့်ဘဲ တိုက်ခတ်လာသည့် လေနီ ကြမ်းတွေမှာ မိုးပါလာခဲ့လျှင် –

နှစ်ယောက်သား အပြေးအလွှား မိုးခိုဖို့ရှာကြရော်။

ရွှေမှာ တဲလေးတစ်လုံး ယာတဲလား၊ လယ်တဲလား။

''ဒီလိုပဲ အချိန်အခါမဲ့ မိုးက ရွာတတ်တယ်''

သူတို့နှစ်ယောက် တဲလေးထဲရောက်တော့ အပြင်မှာ မိုးတွေရွာနေပြီ။ တဲကလေးက မိုးလုံလို့ တော်သေးရဲ့။

ချမ်းလိုက်တာတော့ ခိုက်ခိုက်တုန်။ မိုးအေးတာနှင့် ဆောင်းအေးတာ ရောနေပြီ။ သူ ကိုယ်ဝတ်ထားသည့် ရှပ်အင်္ကျီ လေးကို ချွတ်လိုက်သည်။

မှောင်ထဲမှာပင် သူ့ရင်အုံက ဖွေးခနဲ၊

''ဟဲ့ ... နင်နော်၊ ဘာလုပ်မလို့လဲ''

ဩော် ... အရေးထဲ မမက သူ့ကို မကောင်းထင်နေပြန် တာကိုး။

''မမ ချမ်းနေလို့ ပေးဝတ်မလို့ပါဗျ။ ဘာတွေ လျှောက် တွေးနေတာလဲ''

''နင့်ကို ငါ မကြောက်ပါဘူး။ အအေးပတ်ပြီး သေလိမ့် မယ်။ ဝတ် ပြန်ဝတ်''

''မမလည်း မေးရိုက်နေပြီ၊ သွားချင်းရိုက်သံ ကြားနေ ရပြီ''

''ရတယ် မသေဘူး၊ ငုံတိတ်ရင် ပြန်ကြမယ်၊ မေမေတို့ ပြန်ရောက်နေရောပေါ့''

www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ကတည်းက တစ်ဖက်ရွာသို့သွားကြသည့် ဖေဖေနှင့်မေမေကို စိတ်ရောက်ရင်း ရွှေပန်းချီ အချမ်းဒဏ်ကို အံတုနေရသည်။

တံထောင့်လေးမှာ လက်ပိုက်၊ ဒူးကွေး၊ ယုန်ကလေးလို ပုနေလည်း အချမ်းက ဆိုးသထက် ဆိုး။ ဇကာရာဇ် သူအကျီလေးကို ချွတ်လိုက်ပြန်သည်။

"ရော့ ရော့ ... မမ ဒါဝတ်ထား"

"ဩော် ... ခက်တော့တာပဲ။ ငါ မချမ်းပါဘူးဆို။ နင့် ကိုယ်လုံးတီးလည်း ငါ မကြည့်ရဲဘူး။ ဝတ် ပြန်ဝတ်"

သူ ဘာမှမပြောတော့ဘဲ မမအနားကပ်သွားကာ သူ့အကျီကို အတင်းဝတ်ပေးသည်။ သူကတော့ ကိုယ်တုံးလုံးပေါ့။

ယောကျ်ားပဲ။ ချမ်းလို့မသေပါဘူး။

လွမ်းလို့သာ သေသွားနိုင်တာပါ မမ။

မမဟာ ကျွန်တော့်ရဲ့နံရိုးလေးများလား။

ကမ္ဘာဦးက ပန်းသီးဆိုတာကိုလည်း ကျွန်တော် စားချင်လာမိတယ်။

"ကေရာဇ်"

ရွှေပန်းချီကတော့ သူမအနားသို့ ရီဝေသောမျက်လုံးများနှင့် ကပ်လာသည့် ကေရာဇ်အား သွေးရူးသွေးတန်းနှင့်အော်လို့။

"ကေရာဇ် ... နင် ဟိုဘက်မှာသွားနေပါ။ ငါ့အနားကို မလာပါနဲ့"

"ဘာဖြစ်လို့လဲဗျာ။ မမကို ကျွန်တော်ချစ်တယ်။ အရမ်းချစ်တယ်ဗျာ။ မမ မရှိရင် ကျွန်တော့်ဘဝကြီး အချည်းနှီးဖြစ်သွားလိမ့်မယ်"

"တော်စမ်းပါဟာ။ ဒီမှာ ချမ်းရတဲ့အထဲ"

"ကျွန်တော် ဖက်ထားပေးမယ်"

"အဲမာ ... ငါ့ဘာသာ ချမ်းလွန်းလို့ သေချင်သေသွားပါစေ နင်ဖက်မှ နွေးမယ့်အဖြစ်တော့ မခံယူဘူး"

"အဲဒါ မမစိတ်ဖော့ မရိုးသားတာပဲ"

"နင်ပဲ အပြောကောင်း ကေရာဇ်။ ငါ့မှာ ချစ်သူရှိတယ်။ လက်ထပ်ဖို့ ကတိပေးထားတယ်။ ငါ့ရဲ့ကတိတွေ ယိမ်းယိုင်သွားအောင် နင် မပြုစားပါနဲ့"

ရွှေပန်းချီ့အသွင်က ယိမ်းယိုင်တုန်လှုပ်လို့။ မမခမျာ သူကိုယ်သူ တော်တော်ကြီးကို မဲတင်းနေရရှာတာပဲ။

ကေရာဇ် ရွှေပန်းချီအနားသို့ ကပ်လိုက်ပြီး ပခုံးလေးကို ပွေ့ကာ သူရင်ခွင်ထဲသို့ ယူလိုက်သည်။ သူက အပေါ်ဝိုင်းဗလာ ဖြစ်နေပေမယ့် –

သူ့ရင်ဘတ်ကြီးတစ်ခုလုံး ...

www.burmeseclassic.com

www.burmeseclassic.com

မမကိုချစ်သည့် အချစ်တွေနှင့် ...

မီးဟုန်းဟုန်းတောက်လို့။

သူဖက်ထားလိုက်တော့ နှစ်ယောက်လုံး နွေးထွေးသွားတာတော့ အသေအချာ။

သို့သော် ရွှေပန်းချီနူတ်မှ ကမူးရှူးထိုးတွေအော်လို့။

''ဖယ်စမ်း လွတ်စမ်း ကောရာဇ်။ ငါ့မှာ ချစ်သူရှိတယ်။ သူကွယ်ရာမှာ ငါဖောက်ပြန်တဲ့အပြုအမူ၊ အပြောအဆိုတွေ လုပ်သလိုဖြစ်နေပြီ''

''မမရဲ့ဂုဏ်ထူးဆောင်ချစ်သူကြီးကို ပြတိုက်ထဲမှာ ထားခဲ့ပါတော့ဗျာ။ ဘဝကို လက်တွေ့ကျကျပဲ ဖြတ်သန်းစမ်းပါ''

''ဟဲ့ ... အို''

သူရင်ခွင်ထဲမှ သက်လျာကို သူ ကမူးရှူးထိုး ဖက်မိလေသလား။ နမ်းမိလေသလား။ သူတစ်ကိုယ်လုံး တိမ်တွေပေါ်မှာ လွင့်မျောပြေးလွှားနေရသလို။

သူကို တွန်းလွှတ်နေသည့် မမကြောင့် သူစိတ်ရိုင်းတွေ ပြန်လည်ဖမ်းမိလိုက်တော့ သူဦးခေါင်းထဲ မိုက်ခနဲ။

မမအသွင်က အရမ်းပင် ခက်ထန်နေပြီ။

''နင်ဟာ အခွင့်အရေးယူတတ်တဲ့ ကျားငစဉ်းလဲပဲ။ သွား ... နင့်ကို ငါမုန်းတယ်''

''ဗျာ မမ''

သူ မမကို အဆုံးစွန်ထိ မစော်ကားခဲ့ပါဘူး။ မမ နွေးအောင် ဖက်ထားပေးရင်း သူအသိစိတ်တွေ ပျောက်သွားပြီး တောဆင်ရိုင်းကြီးလို ကြောင်းဆန်အောင် မွှေနှောက်မိပေမယ့် အဆုံးစွန်တော့ မရောက်သွားပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

"သွား ... နင် မနက်ကျရင်ပြန်တော့။ ငါ နင့်မျက်နှာကို လုံးဝမကြည့်ချင်ဘူး"

"မမ"

"မခေါ်နဲ့၊ သွား ... နင့်ကို ငါ မုန်းတယ်။ နင်က ငါ့ကို အပျက်မတစ်ယောက်လောက် သဘောထားတာပဲ။ ဆီလီကွန်အရုပ်မလောက် သဘောထားတာပဲ"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ မမ အထင်လွဲနေပြီ။ ကျွန်တော် မမကို အရမ်းချစ်တယ်။ မမဟာ ကျွန်တော့်ရဲ့ နတ်ဖုရားမပါ"

"တော်ပြီ အပိုကွေမပြောနဲ့"

အပြင်လောကမှာ မိုးတွေတိတ်သွားပေပြီ။ သူရင်ထဲမှာတော့ ယခုမှ မုန်တိုင်းတွေ ထန်၊ အမုန်းမိုးသီးတွေ တဝုန်းဝုန်း ကြွေကျလာ၏။

မမရယ်။

မုန်းချောင်းရေထဲမှာ ကူးခပ်ဆော့ကစားမိလို့များ ကျွန်တော့်ကိုမုန်းတီးသွားခဲ့ခဲ့ရတာလားဗျာ။

ရွှေပန်းချီ တဲလေးထဲမှ ထွက်ခွာရင်း သူအကျီကို ပြန်ချွတ်ပေးခဲ့သည်။

"ဝတ် ... လူမြင်မကောင်းဘူး။ ငါတို့ကို မြင်သူတိုင်းက

ယုန်ထင်၊ ကြောင်ထင် ကြည့်ကြလိမ့်မယ်။ နင့်ကို ခေါ်လာမိတာကိုက ငါ့ရဲ့မဟာအမှား"

သူ မမချွတ်ပေးသည့် ကိုယ့်အင်္ကျီကို ပြန်ဝတ်ရင်း နောက်မှ အပြေးလိုက်ရသည်။

မမကလည်း သူ့အင်္ကျီစိုထိုင်းထိုင်းလေးကို ပြန်ဝတ်ထားပါသည်။

"မမ ... မမကို ကျွန်တော်လက်ထပ်မယ်။ ကျွန်တော့်ကို အထင်မလွဲပါနဲ့နော်။ မရက်စက်ပါနဲ့နော်"

သူ မမလက်ကို ဆွဲထားရင်း မျက်ရည်များနှင့် တောင်းပန်တော့ ရွှေပန်းချီက အော်ထုတ်သည်။

"ဖယ်စမ်း ကောရဖ်။ နင် ငါ့ကို အရှုံးမလုပ်နဲ့။ (၁၈) နှစ်သားကို ကောက်လက်ထပ်ရအောင် ငါ လင်တရူး မဟုတ်ဘူး။ နင့်လိုသူဌေးသားတစ်ယောက်ကို မာယာတွေနဲ့ မြှူဆွယ်တယ်။ ဝိုင်းလုံးလုပ်တယ်လည်း အပြောမခံနိုင်ဘူး"

"ငါ့ရဲ့ဂုဏ်သိက္ခာကို တော်ရုံပဲချပါ ကောရဖ်၊ တော်ပါပြီ"

မျောင်နေပေမယ့် ကျင့်သားရသွားတော့လည်း လောကြီးက အလင်းပျပျနှင့် မြင်နေရပါ၏။

စောစောကအထိ မိုးမဲမြင်၊ လေမမြင် ပေါ်နေခဲ့မိသည့်

www.burmeseclassic.com

www.burmeseclassic.com

ကောရာဇ်။

ယခုတော့ မိုးရော လေရော မြင်ရုံတင်မက ကမ္ဘာဖျက် မိုးကြိုးပါ သူအပေါ် တဝုန်းဝုန်း ရွာသွန်းပြီးနေပါပြီကော။

''မမ ကျွန်တော့်ကို သတ်လိုက်ပျာ။ မကျေနပ်ရင် ကျွန်တော့်ကို သတ်လိုက်ပါ''

နောက်မှ သူ တစာစာလိုက်တောင်းပန်နေပေမယ့် မမ သူ့ကို လှည့်မကြည့်ဘဲ ရှေ့မှ ပြေးသွားနေလိုက်တာ ဝိညာဉ် လိပ်ပြာလေးလို တလွင့်လွင်။

ကောရာဇ် ကိုယ့်ဘဝကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားပြီလား ထင်မိ၏။

ကမ္ဘာကြီးမီးလောင်နေပြီလား။

သူကိုယ်တိုင် သားကောင်ဖြစ်နေပြီ ထင်ပါသည်။

အခန်း (၁၅)

အိမ်ပြန်ရောက်တော့ တစ်ရွာလုံး မီးလေး မှိတ်တုတ်ကို ငေးကြည့်ရင်း ကောရာဇ် ကြေကွဲနေမိသည်။

သည်နေ့ မီးပြတ်သည်။ မုန်တိုင်းကြောင့် ကောင်းကင် တစ်ခုလုံးလည်း မှောင်မည်းလို့။ တစ်ရွာလုံး တိတ်ဆိတ်နေလို့က ပုံက သုသာန်သချိုင်းတစ်ခုနယ်။

စောစောကအထိ ပျော်ရွှင်ကြည်နူးမိခဲ့သော ကောရာဇ်၏ ရင်ထဲမှာလည်း သုသာန်တစပြင်ပါပဲ။

မိန်းမတွေရဲ့ စိတ်ဟာ ဆန်းကြယ်တယ်။ ကြောက်ဖို့ အလွန်ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူအပေါ် ချိုသာယဉ်ကျေးခဲ့သော သံယောဇဉ်ကြီးသည်ဟု သူမှတ်ထင်ခဲ့သော မမသည် သူအပေါ် အရက်စက်ကြီး ရက်စက်ခဲ့ပါပြီ။

အိမ်ရောက်တော့ သူမက မီးဖိုထဲသို့ ဓာန်းဝင်သွားပြီး မီးတွေဖွင့်ခဲ့သည်။

လေဆာမီးကို သုံးလို့ တော်သေးသည်။ မီးပြတ်မေမယ့် သိပ်မပူရ။

''ကောရာဖ် ...လာ ထမင်းစားမယ်''

''မစားဘူး''

''ကြည့် ...ငါ စိတ်မရှည်တော့ဘူးနော်။ သူကလည်း အပြစ်တွေလုပ်သေး သူကိုပဲ ချော့နေရဦးမတဲ့''

ကိုယ့်ထက် (၄) နှစ်လောက်ကြီးရုံနှင့် လေးအသည်းကြီး သလို လုပ်နေသည့် မမ၏စကားကို ကောရာဖ် မလွန်ဆန်နိုင်ပါ။ ကိုယ်က ချစ်ရသူလေ။

ရွှေ့ရွှေ့ ရွှေ့ရွှေ့နှင့် မီးဖိုထဲဝင်သွားရသည်။ မမမျက်နှာကိုပဲ သူမှာ ခိုးတကြည့်ကြည့်။

လွမ်းတယ်ဗျာ။

ရင်ထဲမှာ အလိုလိုလွမ်းနေမိတာ။

ဝေးကွာရမယ့် နီမိတ်ပုံလား။

''စား''

မမကတော့ သူ့ကို အမေတစ်ယောက်က သားကို ဂရုစိုက်ပုံမျိုးနှင့် ဟင်းတွေ၊ ထမင်းတွေ ထည့်ပေးလေ၏။

သူ့ရင်ထဲမှာ ဗလောင်ဆူနေရသည်မို့ သူ ဘယ်လို စားဝင်မှာတဲ့လဲ။

မမက သူ့ကိုမုန်းတယ်တဲ့။

သူမျက်နှာကို လုံးဝမကြည့်ချင်ဘူးတဲ့။

အပြစ်က မမချမ်းနေလို့ ဖက်ထားပေးရုံ။ အင်း ဖက်ထားပေးရင်းနှင့် အရှိန်တွေလွန်ပြီး မွေးမိ၊ နမ်းမိ။

မမရယ် ...

အချစ်ခုံရုံးမှာ ချမှတ်တဲ့ပြစ်ဒဏ်ကြီးက ကြီးလွန်းပါတယ်ဗျာ။

ချစ်အယူခံလေးတော့ ပေးသင့်ပါတယ်။

အချစ်ထောင်ထဲမှာလည်း ဒီက ငမိုက်သားကို ထောင်တစ်သက် လွတ်ရက်မရှိ။ ချုပ်နှောင် သိမ်းပိုက်လိုက်စမ်းပါ။

အမုန်းတရားတွေနဲ့။ ကျွန်တော့်ဘဝကို လောင်တိုက် သွင်းမပစ်ပါနဲ့နော်။

''စားလေ''

သူ မျက်ရည်ပါးပါးစီးကျရင်း ထမင်းပွဲကို မပြုပ်မယှက်

www.burmeseclassic.com

www.burmeseclassic.com

ငုံကြည့်နေတော့ မမက အပိန့်ပေးပြန်သည်။

ဘယ်လိုနှလုံးသားနဲ့ စားဝင်တော့မှာလဲ မမရယ်။

ကျွန်တော်မျိုးကို ကျောတစ်ရာ၊ ရင်တစ်ရာရိုက်ပြီး မြို့ပြင်ရပ်ကိုသာ နှင်ပါတော့ဗျာ။

သူမကတော့ ထမင်းကို စိတ်မပါပေမယ့် ဆေးစားသလို စားနေသေးပါ့။

ကောရာဖ်မှာ တစ်လုပ်မျှ စားမဝင်ချေ။ သူမ ဆူမှ ငေါက်မှ တို့ကနန်း၊ ဆိတ်ကနန်းလေးစားပြီး သူ မမကိုသာ ငေးကြည့်နေမိရသည်။

သူတစ်ယောက်တည်း ကွက်ပြီးပျက်နေသည့် ကမ္ဘာကြီး။ အပြင်လောကမှာလည်း မိုးတွေ၊ လေတွေ သည်းထန်လို့။

သွပ်ပေါ်သို့ကျသည့် မိုးသံတွေက သူ့ရဲ့နှလုံးသား ဈာပန ကို ပြောင်လှောင်နေကြသည့်နှယ်။

သူ ဘယ်လိုမှ ဆက်မစားနိုင်တော့သဖြင့် မျက်ရည်ဝေ့သော မျက်ဝန်းများနှင့်သာ မမလုပ်ကိုင်နေတာကို ငေးငေါင်ကြည့်နေမိသည်။

သူမ သိမ်းဆည်းပြီးတော့ သူ့ကိုအပိန့်ပေးလိုက်သည်။

"ထ ... အိပ်ရာဝင်တော့။ မနက်ကျရင် ပြန်"

"တနှင်္ဂနွေနေ့မှ မမနဲ့အတူပြန်မယ်"

"ငါ့ကို ရွာထဲက နင်နဲ့ (၂) ယောက်တည်း လာလို့ ကဲ့ရဲ့နေကြပြီ"

"ရွာခံလေ့ပဲ ကဲ့ရဲ့ပါစေ"

"နင်ကတော့ ယောကျ်ားလေးကိုး"

"စနေပြန်ပြန်၊ တနင်္ဂနွေပြန်ပြန် မထူးတော့ပါဘူး။ ဒါထက် ဒီနေ့ မမအဖေနဲ့အမေ ပြန်မလာတော့ဘူးလား"

"လာမှာ မိုးတိတ်တာနဲ့ ပြန်လာမှာ"

"ကောင်းတယ်"

"နင်အိပ်တော့။ ငါ အိမ်ရှေ့မှာ အိပ်ရာပြင်ပေးမယ်"

ရွှေပန်းချီ သူကို ဘုရားခန်းရှေ့ အိပ်ရာပြင်ပေးတော့ ကောရာဇ် သူမ ပြင်ပေးသည့် အိပ်ရာလေးပေါ်မှာ ဝုတ်တုတ်ထိုင်နေမိသည်။

အပြင်လောကကြီးတစ်ခုလုံးကတော့ မိုးတွေ၊ လေတွေ တအုံးအုံးနှင့်။ မုန်တိုင်းအဖျားခတ်နေတာ။

ရွှေပန်းချီ၊ သူမ၏အခန်းထဲသို့ ဝင်ခဲ့ရင်း မိဘများ ပြန်မလာနိုင်တာကို ကြိုတင်သိနေပါ့။

သူမတို့အိမ်ကလည်း တောအိမ်ပီပီ အခန်းဆိုတာတွေကိုက တံခါးရှိတာမဟုတ်။ သုံးထပ်သားနှင့်အခန်းဖွဲ့ထားပြီး အပေါ်က်မှာ ကန့်လန့်ကာလေး ပိတ်ထားရုံ၊ ဘယ်မှာ လုံခြုံမှာတဲ့လဲ။

www.burmeseclassic.com

www.burmeseclassic.com

တစ်အိမ်လုံးမှာ (၂) ယောက်တည်း။ (၁၈) နှစ်အရွယ် အချစ်ရူးကောင်လေးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကိုရော သူမက ဘယ်လိုပေတံနဲ့တိုင်းပြီး ဘယ်လောက်ထိ ယုံကြည်ကိုးစားလို့ရမှာလဲ။

ပြီး ညနေကပင် ပူပူနွေးနွေး သူမကိုဖက်၊ ပွေ့ပြီးနမ်းခဲ့ ရုံ့ခဲ့သေး မဟုတ်လား။ လူသားစားသည့်ကျားနှယ် မနိုင်းချင်ပေ မယ့် သည်ကျားလေးဟာ လူသားရဲ့အနံ့ အရသာကို ဆာလောင် မွတ်သိပ်နေတတ်ပြီလား။

ကိုယ့်အခန်းထဲမှာပေမယ့် ရွှေပန်းချီ စိတ်ချ လက်ချ အိပ်မပစ်ရဲ။

အပြင်ဘက်မှာ မိုးသံ၊ လေသံများကို နားထောင်ရင်း ကေရာဖ်ကိုလည်း တိတ်တဆိတ် ကြောက်ရွံ့ထိတ်လန့်ရင် သည် ညကတော့ မိုးလင်းရတော့မည့်အဖြစ်။

တစ်အိမ်လုံးမှာ (၂) ယောက်တည်းဆိုသည့်အသိကို တွန်းလှန် ကြုံကြုံခံရင်း ကေရာဖ် ကိုယ့်အိပ်ရာလေးပေါ်မှာပဲ ကွေးနေမိသည်။

မမရဲ့ရင်ခွင်ထဲမှာ နေချင်တာပေါ့။ သို့သော် အခြေ အနေတွေက ချောက်ကမ်းပါးရဲ့အစွန်းမှာ တကယ့်ကို တည်း တည်းလေး။

ချစ်ခြင်းမေတ္တာဆိုတာ Sex မဟုတ်။ နူးညံ့သော၊ သိမ် မွေ့သော၊ ဆန်းကြယ်သော။

ပြင်ပက်မှာမှာ သင့် ... ကားတွေ ကြားဖူးပါရဲ့။

သက်ငယ်မုဒိမ်းတွေ။

www.burmeseclassic.com

www.burmeseclassic.com

သက်ကြီးမုဒိမ်းတွေ။

လူငယ်တွေကလည်း (၁၂) နှစ်၊ (၁၃) နှစ်ကလေးက အစ ရည်းစားထားလိုက်တာနဲ့ မဖွယ်မရာ လုပ်ဖို့အသင့်။

အသက် (၁၂) နှစ်၊ (၁၃) နှစ်အရွယ် ကလေးမလေးတွေကလည်း ကိုယ်ဝန်ဆောင်ရသတဲ့။

ချစ်သူနဲ့တွေ့ကြပြီး Sex ကိစ္စတွေ ကျူးလွန်နေကြသည့် ပုဂ္ဂလိက ကျောင်းသူလေးတွေ။

ကရောဖအားလုံးကို ရှုံ့ချပါသည်။

ကမ္ဘာလောကကြီးတစ်ခုလုံး ပျက်စီးနေကြပြီဆိုလျှင် တောင်မှ။

သူကတော့ မိုးခါးရေမသောက်ဘဲ ချစ်ခြင်းတရားကို ဖြူစင်သန့်ရှင်းစွာ စောင့်ရှောက်ချင်ပါသည်။

သူ့ရဲ့ နတ်ဖုရားမအတွက် အရိုးကျေကျေ အရည်ခမ်း ခမ်း အချစ်တွေ ကမ္ဘည်းထိုး၊ သိမ်းဆည်းထားချင်ပါသည်။

သည်တော့ ကလေးလေးလိုပဲ သူ ကိုယ့်အိပ်ရာမှာ ကွေးကွေးလေး လဲလျောင်းရင်း တကယ်ပင် သိုးနေအောင် အိပ်ပျော်သွားခဲ့ပါသည်။

မုန်တိုင်းငြိမ်သွားသည့် နံနက် (၂) နာရီလောက်မှာ ရွှေပန်းချီ၏ မီတာ (၂) ပါး ဆိုင်ကယ်နှင့် ပြန်ရောက်လာခဲ့ကြပါသည်။

သမီးပျိုလေးမွေးထားည့် မိဘများပေမို့ ကိုယ့်သမီး အတွက် ရင်ပူဟပ်နေကြမှာမလွဲ။

မုန်တိုင်းနှင့်တိုးနေသောကြောင့်သာ တစ်ဖက်ရွာမှာ နေနေကြရတာ။

မုန်တိုင်းငြိမ်တာနှင့် ညကြီး မင်းကြီးပဲ ခက်ခဲစွာ ရောက်အောင် ပြန်လာခဲ့ကြပါပြီ။

''သမီး ... သမီးရေ ... တံခါးဖွင့်ဦး''

www.burmeseclassic.com

www.burmeseclassic.com

ည (၂) နာရီလောက်မို့ အသံခပ်အုပ်အုပ်နှင့်နှိုးရင်း အိမ်ထဲရောက်တော့ သမီးဖြစ်သူကို ဝိုးရိမ်တကြီးကြည့်ပုံက မေမေ မလွန်။

လူကြီးများဝိပီ ငယ်ရာမှကြီးလာခဲ့ကြသူများပေမို့ သည်ကောင်ငယ်လေး ကိုယ့်သမီးကို သေလုမတတ် ချစ်နေတာလည်း မြင်နေ သိနေရတာပဲ မဟုတ်လား။

''သမီး''

ရှေ့လည်းမဆက်နိုင်ဘဲ တစ်ခွန်းတည်း ခေါ်လိုက်ပုံက အဓိပ္ပာယ်အပြည့်။

ဖေဖေကတော့ ဧည့်ခန်းထဲမှာ ဆေးလိပ်ကြီးသာ မဲဖွာလို့။

ခက်တာပဲ။ ရွှေပန်းချီ မေမေ့ကို ဘယ်လိုရှင်းချက်ထုတ်ရပါ့။ ကာလနဂါးလေးကလည်း သူ့အိပ်ရာထဲမှာ ငုတ်တုတ်လေး ထိုင်လို့။ ရှမ်းက ခေါင်းစုတ်ဖွားနှင့်။

ဟင်း ... အိပ်နေပါ့လား။ အိပ်မပျော်လည်း အိပ်ချင် ယောင်ဆောင်နေပါလား။

''ဘာမှမဖြစ်ပါဘူး မေမေရဲ့ ... ဟို''

မလုံတဲ့အိုးမို့ တုတ်မိုးရုံနှင့်ကွဲတယ် ပြောမှာလား။ ရှင်း ချက်ထုတ်ပြီးခါမှ ရွှေပန်းချီ နောင်တရသလိုလို။

အိုလေ ငါတို့မှ ဘာမဖြစ်တာ။ အဲ သို့သော် မျက်နှာ မထားတတ်အောင် ပူနွေးနေရတာတော့ အမှန်။ ဘာဖြစ်မှန်း လည်းမသိဘူး။

''ကဲ ကဲ ... ပြန်အိပ်ကြ၊ ပြန်အိပ်ကြ''

ဧည့်ခန်းမှ ဖေဖေက လှမ်းပြီး အဆုံးအဖြတ် ပေးလိုက် ပြီးမှသာ မကုန်ဆုံးသေးသော ညအတွက် ပြန်ပြီး အခန်းထဲတွေ သို့ ဝင်လိုက်ကြရသည်။

ရင်ထဲမှာတော့ ဝေဒနာကိုယ်စီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

တနင်္ဂနွေမနက် (၆) နာရီလောက်မှာ သူတို့ ပြန်ခဲ့ကြသည်။

စနေတစ်နေလုံး မေမေနှင့် တိုက်ပွဲတွေ ဆင်နွှဲခဲ့ရတာ ရွှေပန်းချီ ခါးသည်းစွာ သတိရနေမိသည်။

မေမေက သူမနှင့် ကေရာဖ်ကို ကောင်းကောင်းကြီး အထင်လွဲနေပုံရ၏။ မိခင်တစ်ယောက်၏ သောကကို ရွှေပန်းချီ ပျက်ရယ်မပြုနိုင်ပါ။

မေမေ့ခမျာ တစ်သက်လုံးပြုံးနိုင်ပါဦးမလား။ မီးဖိုထဲမှာ ထမင်းအတူချက်ရင်း ဟင်းအတူချက်ရင်း သူမကို ချော့မော့၊

ဖျောင်းဖျဆုံးမနေလိုက်တာ။

ဖေဖေကတော့ သူ့ရင်ထဲမှသောကကို ဇနီးအပေါ် ပုံချခဲ့ပြီး ရွာစဉ်လှည့်ကာ ဆေးကုထွက်နေရပါ၏။

"သမီးရယ် ... မေမေ့ကိုပြော။ မေမေ့ကိုမှ မပြောရင် သမီး ဘယ်သူ့ကိုတိုင်ပင်မလဲ။ ဟိုဘက်ရွာက ဒေါ်ပုကြီးဆို သူ သမီးအတွက် တော်တော်စိတ်ဆင်းရဲနေရပြီ"

"ဒေါ်ပုကြီးက ဘာဖြစ်လို့လဲ မေမေ"

"သူက ဘာမှမဖြစ်ပါဘူး။ သူသမီးပေါ့ ရိုးရိုးအအ နုံနုံနဲနဲနဲ့ ရည်းစားနဲ့ တစ်ခါချိန်းတွေ့ပြီး မြို့နေလိုက်တာ အခု လင်ကောင်မပေါ်ဘဲ ကလေးမွေးရတော့မယ်လေ။ ဘယ်လိုမှ ဖုံးလို့ ဖိလို့၊ မန်းလို့ မှုတ်လို့ မရတော့ဘူး"

"ဟာ ... မေမေကလည်း သမီးက ဘာမှမဖြစ်ပါဘူး။ ဘာမှမဖြစ်ပါဘူးဆို။ အဲကောင်လေးက သမီးချစ်သူလည်း မဟုတ်ပါဘူး။ (၁၈) နှစ်သားကို ကြိုက်ရလောက်အောင်လည်း သမီး မရူးသေးပါဘူး မေမေရယ်"

"ညက သမီးနဲ့ကောင်လေး (၂) ယောက်တည်း အိမ်မှာ စာနဲ့ခဲ့တာ။ မေမေဖြင့် မီးခဲတွေ မြို့မိထားတဲ့အတိုင်း ရင်ဘဲမှာ စူနေရတယ်။ အဲဒါနဲ့ မုန်တိုင်းငြိမ်ငြိမ်ချင်း ပြန်လာခဲ့တာပဲ"

"ဘာမှမဖြစ်ပါဘူးဆို မေမေရယ်။ သမီးပြောရင် ယုံပါ"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်လေးကတော့ သမီးကို အသေရဏ အရှင်ရဏ သေလုမတတ် ကြိုက်နေပုံပဲ"

"အလကားပါ မေမေရယ်။ ကလေးချစ်ပါ၊ တော်ကြာ တော့လည်း ပျောက်သွားမှာပါ"

တအုံနွေးနွေးနှင့် လှည့်ပတ်၊ မေးမြန်းနေသည့် မေမေ့ မေးခွန်းတွေကို ရွှေပန်းချီ စိတ်ရှည် လက်ရှည် ဖြေပေးခဲ့ရသည့် အဖြစ်။

ကေရာဇ်ကတော့ သူ့ကားလေးနှင့် ရွာနီးချုပ်စပ် လျှောက်ကြည့်နေပါ၏။

"သမီးရယ် ... ဖြစ်မိတယ်ဆိုရင်လည်း သူ့ကို တာဝန် ယူခိုင်းပါ။ မိန်းကလေးဆိုတာ တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းကောင်းပါဘူးကွယ်။ မိန်းမကောင်းပန်းပန် တစ်ပွင့်တန် ဆိုတာ မျက်နှာမများဘဲ တစ်ယောက်တည်းကိုသာ သစ္စာရှိရှိချစ်ဖို့ ပြောစာ"

"မဟုတ်ပါဘူးဆို မေမေရယ်။ သမီးမှာ ချစ်သူလည်း ရှိပါတယ်။ သူ အခု နိုင်ငံခြားမှာ ငွေသွားရှာနေတယ်။ သမီးက သစ္စာရှိရမှာပေါ့"

"ဒါဆိုလည်း ကောင်းပါတယ်။ အနေအထိုင်တော့ ဆင်ခြင်ပါ သမီးရယ်။ ချဉ်သီးနဲ့ဆား အတူမထားကောင်းသလိုပဲ

ယောကျ်ားနဲ့မိန်းမ ဆိုတာလည်း (၂) ယောက်တည်း အတူယှဉ်တွဲပြီး မနေကောင်း၊ မသွားကောင်းပါဘူး"

"ဟုတ်ပါတယ် မေမေရယ်။ ဒီတစ်ခါတော့ သူ အတင်းလိုက်လာတာနဲ့ အတူပြန်ရဦးမယ်။ နောက် မဖြစ်စေရပါဘူး"

မေမေစိတ်ချမ်းသာအောင် ကတိတွေ အထပ်ထပ်ပေးရင်း သည်မနက်တော့ (၂) ယောက်အတူ ပြန်ခဲ့ရပေါ့။

တစ်လမ်းလုံးငြိမ်ငြီးစဉ်းစားလာသည့် ရွှေပန်းချီကို ကေရာဇ်ကတော့ အရိပ်တကြည့်ကြည့်။

"မမ ဘာတွေစဉ်းစားနေသလဲ"

"ငါ မြို့ထဲက ဆရာမတစ်ယောက်အိမ်မှာ နေမယ်။ အပြီးထွက်ခဲ့တာ"

"ဟာဗျာ ... မမ ကျွန်တော့်ကို သတ်ပြီးမှထွက်သွား။ အရှင်တော့ မထားခဲ့နဲ့"

"နင် ငါ့ရဲ့ဘဝကို အကျပ်အတည်းကျအောင် လိုက်ပြီး နှောင့်ယှက်နဲ့။ မဖျက်ဆီးနဲ့"

"ဒါ ဖျက်ဆီးတာလားဗျ။ မမစကားပြောတာ ရင့်တယ်။ ကိုယ်ချင်းစာတရား လုံးဝမရှိဘူး"

"ဘာတွေလာပြီး စွပ်စွဲနေတာလဲ။ နင်သိထားရဲ့လား ငါ ဘယ်လူငယ်တစ်ယောက်ပဲနော်။ ဝါတော်လေးဆယ် ငါးဆယ်

www.burmeseclassic.com

www.burmeseclassic.com

ရနေတဲ့ ဆရာတော်ကြီးမဟုတ်ဘူး"

"အဲဒါနဲ့ ကျွန်တော်တောင်းဆိုတာနဲ့ ဘာဆိုင်သလဲ။ ဘာလဲ ကျွန်တော့်အိမ်မှာ ဆက်နေရင် ကျွန်တော့်ကို ချစ်မိသွားမှာ စိုးလို့လား"

"မဟုတ်ပါဘူး၊ ငါ့နှလုံးသားကို ငါ အာမခံပါတယ်။ နှင့်ကို လုံးဝ မချစ်မိစေရဘူး"

"ဟား ... ရက်စက်တယ်ဗျာ။ ကားခေါင်းကို ဟိုရှေ့က သစ်ပင်ကြီးသာ တည်ပေးလိုက်ချင်တော့တယ်"

"မိုက်ရူးရဲစကားတွေ လေသံတောင်မကြားချင်ဘူး။ ငါ ပြောချင်တာက ကိုယ့်ဂုဏ်သိက္ခာကို ကိုယ် အသက်လေးက် တန်ဖိုးထားပြီး ခက်ခက်ခဲခဲ ထိန်းသိမ်းနေရတာကို ပြောတာ"

"ပေါ့ပေါ့ပါးပါးနေစမ်းပါဗျာ။ မမအရွယ် ဘာရှိသေးလဲ။ (၂၂) ဆိုတာ လူငယ်တစ်ယောက်ပါပဲ"

"အံမယ် ... ကဲ အခု နှယ်က ငါ့ကိုနှင်ချတယ်။ အဲဒါကို ငါက အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ဆက်နေရမှာလား။ လျှာပြက်ပေါက်ပါစေ အသက်သေချင်သေသွားပါစေ ငါ ဘယ်တော့မှ နှင့်အိမ် ပြန်မလိုက်ဘူး။ ငါ့ကို အဲဒါနဲ့ပတ်သက်ပြီး ဘာမှလာမပြောနဲ့။ အဲဒီကိစ္စဟာ ... ငါ့အတွက် သေရေး ရှင်ရေးပဲ"

ရွှေပန်းချီ စကားကုန်ပြောလိုက်လျှင် ကောရဖ်ပုံစံက မြွေဟောက်၊ ဖနောင့်နှင့်အပေါက်ခံလိုက်ရသလို ရှူးခနဲ။

"အဲဒီကိစ္စကို ကျွန်တော် အခုပဲ ရှင်းမယ်၊ ကြည့်နေ"

ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ပြီး ကောရဖ် ဖုန်းခေါ်လိုက်သည်မှာ ဒေါ်မူယာနွယ်စိုးထံသို့။ ဒယ်ဒီကတော့ သူ လက်ခုပ်ထဲကရေ။

နောက်မိန်းမယူပေမယ့် ဒယ်ဒီဟာ မ စိတ်မွန်ပြီး သားကို ပစ်ထားမည့် ဖအေမျိုးထဲမှာမပါ။

ရွှေပန်းချီ ဖုန်းဆိုလိုက်ဆွဲပေမယ့် မရ။ သူက ရွှေပန်းချီ လက်များကို သူ့လက်တစ်ဖက်တည်းနှင့် စုကိုင်ထားလိုက်၏။

သူမ ရင်တထိတ်ထိတ်နှင့် ကြည့်နေရရဲ့။

"ဟယ်လို ဒေါ်မူယာနွယ်စိုး"

တစ်ဖက်မှလည်း ကောရဖ်ကိုတော့ ရှဲ့ပုံရ၏။ ဖုန်းကို စပီကာ ဖွင့်ထားတာမို့ ရွှေပန်းချီ ကြားနေရသည်ပါပဲ။

"ကျူပ်ကို ဘွားတော်ဂိုက်လုပ်ပေးလို့ ဒီနှစ်အောင်နိုင်ခဲ့ရှိတာကို ခင်ဗျား ကျေနပ်ရဲ့လား၊ ကြည့်နိုင်ရဲ့လား"

"ကျေနပ်တာပေါ့ ဘာဖြစ်လို့လဲ"

"ဒါဆို ကျူပ်ကို ဂိုက်လုပ်ပေးနေတဲ့၊ ကျူပ်ကို နိုင်နိုင်နင်းနင်း ပုံ့ပြင်နိုင်တဲ့ ဘွားတော်ကို နှင့်ချတာ ဘာသဘောလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဘာလဲ ကျုပ်ပေတေလေလွင့်ပြီး လမ်းဘေးမှာ အပ်တန်းလန်းနဲ့ သေတဲ့ဘဝကိုမှ မြင်ချင်တာလား''

''ကရောဖ်ရယ် ... နင် မူးနေလား။ ဘာတွေလာပြီး ရစ်နေတာလဲ''

''ရစ်နေတာမဟုတ်ဘူး၊ ညစ်နေတာ ဘာပဲဖြစ်ဖြစ် ပျို့ပျာ။ ခင်ဗျား ကျုပ်နဲ့ရှောမရှိဒေါ့ မငြိုအောင်တော့ နေသင့်တာပေါ့''

''အခု ဘာတွေဖြစ်နေလို့လဲ''

''ဟာ ... ဖြစ်တာပေါ့။ ဘွားတော်က အိမ်မှာမနေတော့ ဘူးလေ။ ကျုပ် ဘယ်လိုပဲ တောင်းပန် တောင်းပန် မရဘူးဖြစ်နေ တယ်။ ကျုပ်ကလည်း ဘွားတော် အိမ်မှာမရှိလို့ကတော့ အာဇာဝက ထစ်ဒါဇင်လောက် ဝင်သလို ပွဲကြမ်းပြီးသာ မှတ်ပေ တော့''

''ကရောဖ် နင်''

''ဘွားတော် ကျုပ်အနားမှာရှိတယ်။ ခင်ဗျားဖော်တဲ့ ဆေး ခင်ဗျား ကုန်အောင်သောက်။ ကိုယ့်ပြဿနာကိုယ်ပြန်ရှင်း။ မဟုတ်လို့ကတော့ ကျုပ် ဘယ်လောက်သောင်းကျန်းမလဲဆိုတာ ခင်ဗျား မျက်ဝါးထင်ထင် တွေ့မြင်ရမယ်သာမှတ်''

''ကျုပ် ဘွားတော်ကို ဖုန်းပေးလိုက်မယ်။ ခင်ဗျား

အရှုတ်ကို ခင်ဗျား ပြန်ဖြည်ပေး။ ဒါပဲ''

ကရောဖ်သူဖုန်းကို ရွှေပန်းချီလက်ထဲ ထိုးထည့်ပေး လိုက်တော့ သူမက ကြောင်တောင်တောင်နှင့် ဖုန်းကိုင်းကြည့် လျက်။

တစ်ဖက်မှလည်း ကဝေမ အားယူနေပုံပေါ်၏။ ဘာသံမှ ထွက်မလာ။

အတန်ကြာမှ တစ်ဖက်မှ အသံထွက်လာ၏။

''ရွှေပန်းချီ''

''နွယ်''

''ငါ မှားသွားတယ်။ နင်ရှိနေတာ အိမ်မှာ အားလုံး အဆင်ပြေနေရတယ်။ ငါ စိတ်ဆိုးပြီး မပြောသင့်တာ ပြောမိပါ တယ်။ ငါ့ကို ခွင့်လွှတ်ပါနော်''

တစ်ဖက်မှအသံကတော့ အကယ်ဒမီရွှေ့။ ဘာပဲဖြစ် ဖြစ် အဆင်ပြေဖို့သာ အဓိကမို့ ကရောဖ် ကျေနပ်သည်။

ဖုန်းသံက အကျယ်ကြီးလေ။

''လွှတ်ပါတယ် နွယ်ရယ်၊ ငါ ငါ''

သည်ဘက်မှ ဘွားတော်အသံက တုန်တုန်လှိုက်လှိုက် မျက်ရည်တွေ စီးကျလာလျှင် ကရောဖ် တစ်ဖက်ကိုသာ ဒေါ်ထောင်းချင်၏။

www.burmeseclassic.com

www.burmeseclassic.com

အလကားမိန်းမတစ်ယောက်ကြောင့်။

တန်ဖိုးမရှိတဲ့ မိန်းမတစ်ယောက်ကြောင့် သူမမခမျာ ခံစားနေရရှာတာ။

"ဇကရာဇ်အတွက်လည်း နင်မရှိလို့ မဖြစ်ပါဘူး။ သူ ပေ တေ လေ လွှင့်သွားရင်တောင် ငါ့အပေါ် အပြစ်ပုံကျနေမှာ သေချာတယ်။ ငါ တောင်းပန်ပါတယ် သူငယ်ချင်းရယ်။ နင် ပြန်လာခဲ့ပါနော်။ ငါ့ကိုသနားရင် ဘယ်ကိုမှ မသွားလိုက်ပါနဲ့ ဟယ်၊ နော် ... နော်"

တစ်ဖက်မှ အိုဗာအက်ရှင်တွေ သုံးနေပေမယ့် သည် ဘက်မှာတော့ ကြေကွဲနေရရှာပြီ။

ဟိုမိန်းမကြီး အဝိုတွေ ပြောနေမှန်းသိသော်လည်း အဓိက,က သူမမ အိမ်ပြန်လိုက်ရေးပဲ မဟုတ်လား။

ကြောင်ရုပ်နှင့်ကြွက်သေလည်း ပြီးပါသည်။ ဇကရာဇ် မမ လက်ထဲမှဖုန်းကို ညင်သာစွာ ပြန်ယူပြီး ဖုန်းကိုပိတ်လိုက်သည်။

အခြေအနေတွေ ကောင်းတုန်း ဇာတ်သိမ်းပစ်မှ။ နို့မို့ မသက်သာစရာ၊ မဖွယ်မရာ စကားတွေ ပါလာလျှင် မလွယ်။

ဇကရာဇ် ရွှေပန်းချီကို ပခုံးလေးဆုပ်ကာ နှစ်သိမ့်သည်။

"အိုကေပြီနော် မမ။ မငိုပါနဲ့ဗျာ။ ဘဝဆိုတဲ့ စစ်မြေပြင်မှာ အသည်းလေးလည်း နည်းနည်းတော့မာဦးမှပေါ့"

သူ ကားကို ညင်သာစွာမောင်းထွက်ခဲ့သည်မှာ အောင်ပွဲရ စစ်သူကြီးတစ်ဦးပမာ။

လေတွေး ဘာတွေပင် ချွန်လို့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

ကေရာဖ်တို့အိမ်ပြန်ရောက်တော့ နေ့လယ်။ အိမ်မှာ မည်သူမျှမရှိ။ တမင်ရှောင်နေကြတာလည်း ဖြစ်နိုင်သည်။

"ကောင်းတယ် ... အေးတယ်"

ဘယ်မျက်နှာမှ မြင်မနေရတော့ဘူးပေါ့။ နို့မို့ မမ မျက်နှာပူနေရဦးမည်။ သူ ရွေပန်းချီကို သူမ၏အခန်းထဲသို့ ပြန်ပို့ပေးလိုက်သည်။

"အိမ်က အကျယ်ကြီးပါ မမရော။ မျက်နှာပူရင် ထမင်း အတူမစားနဲ့။ ပြီးမှ ကျွန်တော်နဲ့မမက သတ်သတ်စားမယ်။ သူတို့စုံတွဲက အရင်စား။ ကျွန်တော်တို့စုံတွဲက နောက်မှ"

အဟဲ မိတာတွေကို ဦးစီးပေးလိုက်တာပေါ့နော်"

မမ ပြန်ပါလာသည်မို့ ကေရာဖ် ပျော်နေမိတာပါ။ မမက သူကမ္ဘာ၊ သူစကြဝဠာလေ။ သူပြဒါးတိုင်လေး။

"ကေရာဖ်နော် ... နင် ငါ့ကို မလေးမစားမဆက်ဆံနဲ့။ ငါ ဒီအိမ်မှာ လုံးဝနေချင်တာ မဟုတ်ဘူး။ နင် ဆယ်တန်းပြေပြီးတာနဲ့ ငါ ထွက်သွားမှာပဲ"

"လာပြန်ပြီဗျာ၊ ခံစားနေရတဲ့ သန္တရသလေးတောင် ပျောက်သွားပြီ။ မမ တော်တော်ရစ်တယ်ဗျာ"

သူတို့ (၂) ဦး စကားအချေအတင်ပြောနေကြဆဲ ကားဝင်လာသံကြားသဖြင့် ကေရာဖ် မမ၏အခန်းပြတင်းမှ ခုန်းကြည့်လိုက်သည်။ ဘယ်သူကားလဲသိချင်လို့ပါ။

ကားပေါ်မှဆင်းလာတာ ဒေါ်မူယာနွယ်စိုး။ ကားမောင်းသူက အုပ်စိုးပေါ့။ အုပ်စိုးက ဝယ်လာသည့်ပစ္စည်းတွေ သယ်ယူပေးသည်။

သို့သော် သူတို့အမူအရာ၊ သူတို့အကြည့်တွေက နက်ဆိုင်းရိုင်း။ မရိုးမသား။ တစ်ခုခုတော့ တစ်ခုခု။

ကေရာဖ်ရင်ထဲ ထိတ်ခနဲပူသွားရပြန်၏။ စောစောက ဆူနေသည့်ပြဿနာ။ ဒယ်ဒီ ...။

နောက် အုပ်စိုး ကားထဲမှာ အိပ်ပျော်နေသည့် သူ့သခင်ကို

www.burmeseclassic.com

www.burmeseclassic.com

တစ်ခေါက်လာပွေ့ချီသည်။

''ဟင်''

ကလေးကို မြတ်မြတ်နိုးနိုး၊ ယုယုယယ လုပ်နေပုံက တစ်မျိုးကြီး။ သူတောင် ကိုယ့်ရဲ့ဖအေတူ မအေကွဲ ညီမလေးကို ဒီလောက်မယုယ။

သူက ဘာလို့လဲ။ ချစ်ခင်နေပုံက စူးစူးနစ်နစ်။ ဇကရာဖ် ဒယ်ဒီ့အတွက် တော်တော်ရင်လေးသွားမိသည်။

အဆင်က ရှော့ခ်ရှိသည်။ ရှော့ခ်မှ ရှော့ခ်အကြီးကြီး။ ဒီပိန်းမ ဘယ်လိုလဲ။

ကိုယ့်အသည်းနှလုံးရေးရာကိုအသာထားပြီး ဒယ်ဒီ့အတွက် အကာအကွယ်၊ အစီအမံတွေ၊ သတိတမန်၊ ဉာဏ်မြင်ကတုတ်တွေ လုပ်ရဦးမည်။

သူဟာ ဒယ်ဒီ့အတွက် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ဖြစ်စေရမည်။

ရန်သူကို ပေါ်တင်ရန်လုပ်၊ တိုက်ခိုက်နေခြင်းထက် ချုံ့ခိုတိုက်ခိုက်တာက တပန်းသာမည်ထင်သည်။

ယနေ့မှစပြီး ဗျူဟာပြောင်းရမည်။

လိမ္မာပါးနပ်စွာ ကိုင်တွယ်ရမည့်ပြဿနာ။

''ဒယ်ဒီ''

ဒယ်ဒီကြည့်ရတာ သည်ရက်ပိုင်းအတွင်း ပိန်သွားသလို၊ သူခိုးကျားကိုက် မအော်ဝံ့ဆိုသလိုပဲ ဒယ်ဒီ ဘာတွေ ကြိတ်ပြီး ခံစားနေရသလဲ။

မည်သူကိုမျှ ရင်မဖွင့်ရဲသည့်ပြဿနာတွေ ရှိနေသလား။

သူ့မိန်းမဟာ ခေတ်သစ်စီဘူမာဏ၊ ခေတ်သစ်ဒေဝဒတ်မ ဖြစ်ကြောင်း ဒယ်ဒီ သိဦးမည်မဟုတ်။

ထမင်းစားပွဲမှာ ထိုင်စောင့်နေသည့် ဒယ်ဒီ့အနားသို့

www.burmeseclassic.com

www.burmeseclassic.com

သူ ဝင်ထိုင်လိုက်သည်။

"ဒယ်ဒီ ခုတစ်လော အလုပ်တွေ များနေသလားဟင်။ ပိန်သွားတယ်"

"သား ကိုယ့်ဘာသာ စာပဲကြိုးစားစမ်းပါကွာ။ ဒယ်ဒီ ဘာမှမဖြစ်ပါဘူး"

"ကြိုးစားပါတယ် ဒယ်ဒီရ။ ကျိန်းသေ အောင်စေရမယ်။ စိတ်ချ။ ဒယ်ဒီမြင်ရတာ မလန်းလို့ပါ။ မယ်ဒီကယ်ချက်လေး ဘာလေး လုပ်ကြည့်ပါဦး။ သား လိုက်ပေးမယ်လေ"

သားဖြစ်သူက သည်လိုတွေ လိမ္မာနေတော့ ဦးအေးကျော်သူ ကြေကွဲရသည်။

မိန်းမဆိုတာလည်း မန်လည်ဆရောတော်ကြီး ရေးသလိုပါပဲ။

မိန်းမဆိုတာ ဆောင်းလေပမာတဲ့။

အတွင်းသဘောမတည် ပြောင်းလဲတတ်သည်။ နောက်မာယာတွေများတယ်။

သူတို့ရင်ထဲက နှလုံးသားဟာ ဖြူသလား။ မည်းသလား ခွဲခြားလို့ မလွယ်ဘူး။

"ဒယ်ဒီ နေကောင်းပါတယ်ကွာ။ သား ခုလိုပြောတာဟာ ကျေးဇူးတင်လှပါပြီ"

"သားက တကယ်ပြောတာပါ။ အာပလာ မဟုတ်ပါဘူး။ သား ဒယ်ဒီကိုချစ်ပါတယ်"

"ဒေးပါကွာ ... အေးပါ။ ကဲ ... လာ တို့သားအဖ ထမင်းစားနှင့်ကြမယ်"

အလုပ်မအားရှာသည့် ဒယ်ဒီဟာ ညစာကိုတော့ လူစုံအောင်စောင့်ပြီး စားလေ့ရှိပါသည်။

ည (၇) နာရီပဲ့ပါ။

ယခုတော့ ဘာအလုပ်အကိုင်မှ မရှိသည့် ဒေါ်မူယာနွယ်စိုးက ယခုထိ အိမ်ပြန်မရောက်သေး။ ကလေးကိုလည်း ကလေးထိန်းနှင့် ပစ်ထားတာ။

"မမကို ခေါ်လိုက်ဦးမယ် ဒယ်ဒီ။ သူက ဒယ်ဒီ့နွယ်ရှင်ပင်ကို ကြောက်လို့ ရှောင်နေတာ။ ဒယ်ဒီ့နွယ်ရှင်က လူကောင်းတွေကို ရစ်တတ်၊ ညှစ်တတ်၊ အသက်ရှူကျပ်အောင် လုပ်တတ်တယ်လေ"

"ကဲပါကွာ ... တို့သားအဖတွေ စားကြပါစို့"

"ဟုတ် ဒယ်ဒီ၊ သား မမကို လှမ်းခေါ်ဦးမယ်"

ကေရာဇ် ရွှေပန်းချီကို ဖုန်းနှင့်လှမ်းခေါ်နေစဉ်မှာပဲ ဒေါ်မူယာနွယ်စိုးတစ်ယောက်လည်း ကားနှင့် ပြန်ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ ပခုံးတွန့်ပြီး လက်ခါပြလိုက်ပါတ်။

''ဆောရီး ဒယ်ဒီ။ ဒယ်ဒီတို့ပဲ စားနှင့်ပေတော့။ သားနဲ့ မမ နောက်မှစားမယ်''

''ဒယ်ဒီ ဘယ်တော့မှ မိသားစုစုံစုံညီညီ မစားရတော့ ဘူးလားကွာ''

''အဲဒါ ဒယ်ဒီ့နှယ်ရှင်ပင်မလုပ်တာလေ။ နောက်တော့ လည်း အခြေအနေတွေ အေးချမ်းသွားမှာပေါ့ဗျာ''

ကေရာဇ် ထမင်းစားခန်းမှ ပြန်ထွက်သွားဖို့ပြင်တုန်း မူယာနှယ်စိုး အထုပ်အပိုးတွေနှင့် ထမင်းစားခန်းထဲသို့ လှုပ်လှုပ် ခတ်ခတ် ဝင်လာခဲ့သည်။

ဝတ်ပုံ စားပုံနှင့် အပြင်အဆင်တွေက ခေတ်လွန်ဒီဇိုင်း တွေ။

ယိုသူမရှက်၊ မြင်သူရှက်။

ကလေးအမေမို့ ဖွံ့ထွားရုန်းကြွနေသည့်ကြားထဲ ပိုပြီး ရုန်းကြွပေါ်လွင်အောင် ဝတ်စားထားပုံက ပက်စက်သည်။

ကေရာဇ် မျက်မှောင်ကြုတ်ပြီး အခန်းပြင်သို့ထွက်လာခဲ့ သည်။

ညည့်ခန်းဘက်မှ မိထွေးတော်၏ မူယာသံ မာယာသံတွေ ကို သူ အကုသိုလ်တက်စွာ ကြားနေရဆဲ။

ဒယ်ဒီ့အတွက် ရင်လေးရုံတင်မက တစ်ကိုယ်လုံး လေးရ သည့်အဖြစ်။

မယားယူမှားရင်လည်း တစ်သံသရာလုံး မှောက်တတ် ပါတယ် ဒယ်ဒီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

(၇) နာရီမှ (၉) နာရီအထိ တိမ်ယံမြင့်မိုရ်၏ကိုက်အချိန်။

ကောရာဇမပျော်။ တိမ်ယံပေါ်မှ မိန်းမက ကောင်းကင်မှ မဆင်းသည့်အပြောအဆို အမိန့်တွေနှင့် သူကို ကောင်းကောင်း နှိပ်ကွပ်သည့်အချိန်။

ဒယ်ဒီကို မလွန်ဆန်နိုင်လို့သာ အောင့်အီးသည်းခံနေရတာ။

ထမင်းတစ်လုပ်၊ တုတ်တစ်ချက်ဆိုသလိုပါပဲ။ စာတစ်ပုဒ်၊ တုတ်ထက်ဆိုးသည့် စကားအဆိပ်တွေက ပေပါလိုက်။

တုကယ်ကို ကောရာဇကလည်း ဉာဏ်ပါးသူပါ။

အရိပ်ပြလျှင် အကောင်မြင်၊ တစ်ထွာပြလျှင် တစ်လံမြင်သူပါ။

တစ်ည တစ်ည ရန်ဖြစ်ရတာမောလို့။

သည်နေ့လည်း သူကိုစာပြနေရင်း တိမ်ယံမြင့်မိုရ် ရောဂါထပြန်၏။

"ဟဲ့ ... နင့်စိတ်တွေ ဘယ်ရောက်နေသလဲ၊ ဒီစာလေးတစ်ပုဒ် ကြည့်နေလိုက်တာ။ အောင်လည်းအောင်ဦးမယ့်ပုံကြီး။ နင် အောင်လို့ကတော့ ငါ တစ်သက်လုံး အပျိုကြီးလုပ်မယ်"

ကောရာဇ် ဒေါသတွေ ထောင်းခနဲ။

"ဒါဆိုလည်း မသင်နဲ့တော့ဗျာ။ အကျိုးမရှိတဲ့အလုပ်ကို အချိန်ကုန်ခံပြီး ဘာလို့ ဆက်လုပ်နေမလဲ"

သူနှင့်ကောရာဇ်ဟာ အမြဲပဲ တကျက်ကျက်။

"ငါ့ဒယ်ဒီနဲ့ နင့်ဒယ်ဒီက စီမံချက်ချပြီး ခိုင်းနေလို့ပေါ့ဟဲ့။ နို့မို့ဆို ဝေးသေး။ ငါတို့ဆို စာတစ်ပုဒ်ကို တစ်ခေါက် နှစ်ခေါက်ကြည့်လိုက်ရင် ချပြီးသားပဲ"

"ဒါကြောင့်လည်း ဆေးကျောင်းသူကြီးဖြစ်ရတာပေါ့ဗျာ"

ကောရာဇ် သူမကိုအထင်ကြီးလို့မဟုတ်။ ငေါ့ငြောလိုက်တာ။ ဒါကိုပဲ သူမက အမှုတ်ကြီးမှတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"တို့ဆေးကျောင်းကစာတွေက အရမ်းခက်တာ သိလား။ နင်သာဆို ရူးသွားမှာ"

ပြောပုံကြည့်၊ ဆိုက်ကိုမ။ ဒီကလည်း ကေရာဇ်ပဲ။

"ဒါပေါ့ ... အဲ့ကျောင်းက အရူးထက်သာတဲ့လူတွေ တက်တာ"

"နင်နော် ... ကဲ ... ကျက်"

တစ်ည တစ်ည ကိုယ်ရည်သွေးတီးလုံးတွေနှင့် နားငြီးနေရပေမယ့် စာတော့ ကြိုးစားရပါသည်။

အဲဒါ မမပေးမည်ဆိုသည့် ဆုကြောင့်ပါ။ ဆယ်တန်းအောင်လျှင် သူလိုချင်သောဆုကိုပေးမည်ဆိုပဲ။

သူအသက်တောင်ပေးမည်တဲ့။

မိန်းမတွေများ စကားကို လွန်လွန်ကျူးကျူး ပြောတဲ့ နေရာမှာ ထိပ်ပဲ။

ဒီလိုပဲ (၉) နာရီထိ စိတ်တွေ ညစ်ငြူးစွာနှင့် ငရဲခံပြီးတော့ သူ ဝင်္ကျွတ်သွားသည်။

"အိုကေ"

(၉) နာရီကနေ (၁၂) နာရီအထိကတော့ မမဆီမှာ ဆက်ပြီးစာကြည့်ရမှာ။ အကြင်နာ နတ်သမီးလေးရဲ့ အကြင်နာသံစဉ်တွေမှာ ဆက်လက်စီးမျောရမှာမို့ ငိုက်ဖို့ဆိုတာ ဝေလာဝေး။

ပြူးနေသည့်မျက်လုံးများကို တစ်သက်တာ ထာဝရသာ မမှိတ်မသုန် ရှိနေချင်လိုက်ပါရဲ့။

ကိုယ့်ရဲ့ဆရာမကြီး တိမ်ယံမြင့်မိုရ်ကို အောက်ထပ်ထိ လိုက်ပို့ရသည်။ သည်စဉ်မှာပဲ ဖုန်းဝင်လာလေရဲ့။ တိမ်ယံမြင့်မိုရ်ရဲ့အိမ်မှ။

"သားရေ မမကို လိုက်ပို့လိုက်ပါကွယ်။ ဒရိုင်ဘာ သူ့ကလေးနေမကောင်းလို့ ပြန်သွားလို့ပါ" တဲ့။

ကေရာဇ် ခေါင်းခဲရပြီ။ ဒီအချိန် ကားကျပ်တာတွေနဲ့ဆို အချိန်တစ်နာရီလောက်တော့ ပုပ်မှာပဲ။ မမကို အဖော်ခေါ်သွားလျှင် ကောင်းမည်လား။

နောက်မှ ကြိုးကျယ်တယ်ပြောမှာစိုးလို့ သူတစ်ယောက်တည်းပဲ လိုက်ပို့လိုက်ရသည်။

သူပြန်လာတော့ (၁၀) နာရီကျော်နေပြီ။ သူကိုစာကြည့်စားပွဲမှာ ထိုင်စောင့်နေသည့် မမကိုမြင်တော့ သူရင်ထဲ နင့်ခနဲ။

မမ ရန်လုပ်လျှင် သူ ခံယူဖို့အသင့်။ သို့သော် မမက သူ့ကို ရန်မလုပ်ပါ။ စာအုပ်ဖွင့်ပြီးသား။ စာကို အချက်အလက်နှင့် ရှင်းပြဖို့ပြင်သည်။

ပို့ကဘုတ်မှာ အချက်အလက်ကလေးတွေ ရေးပြီးပြီး ခေါင်းထဲရောက်အောင် ရှင်းပြ၊ စာကျက်ပေးသည်မမ။

www.burmeseclassic.com

www.burmeseclassic.com

တိမ်ယံပြင့်မိုရ်ဟာ ကိုယ်တိုင်တော်ကောင်းတော်မှာပါ ပေမယ့် စာ နားလည်အောင်ရှင်းမပြတတ်။ ကျောင်းသားနှင့် ရန်ပြန်ဖြစ်၊ စိတ်အနှောင့်အယှက်ဖြစ်စေသောသူ။

သူ ဒယ်ဒီ့ကို အားနာနေလို့မရတော့။ အချိန်တွေကုန်၊ တာဝန်တွေပိုနေတာမို့ ရပ်သင့်ပြီ။

မမကတော့ တကယ့်ကို ရင်ထဲမှ စေတနာ။

''ကောဇ် မောလာရင်လည်း ငါရှင်းပြတာ နားထောင်နော်။ မျက်စိကလည်းကြည့်''

ပို့ကဘုတ်ပေါ်မှာ ရေးပြ၊ ရှင်းပြ၊ (၂) ခါလောက် ထပ် ရှင်းပြတော့ သူ စာတစ်ပုဒ်ရသွားပါပြီ။

မမက အရေးကြီးသည့်ပုံတွေ၊ စာတွေကိုလည်း စာရွက် တွေနှင့်ရေးပြီး သူ့စာကြည့်ခန်း၊ သူ့အိပ်ခန်းနံရံတွေမှာ ယာယီ ကပ်ထားပေးသည်။

မမ၏စေတနာတွေကို သူ တကယ်ပဲ ကြက်သီးထရပါ သည်။

ည (၁၂) နာရီထိုးသည်အထိ သူ့ကို လက်ဖက်ခပ်ပေး ကော်ဖီဖျော်ပေးရင်း စာကြည့်စေခဲ့သည့်မမ။

တကယ်ပဲ သူ့ရင်ကို ဆို့နင့်စေခဲ့တာ။

(၁၂) နာရီထိုးတော့ သူ မမကို တစ်ခုခုတောင်းဆိုခဲ့သည်။

''ကျွန်တော် ဆယ်တန်းအောင်ရင် မမက မမအသက် ကိုတောင် ဆုချမယ်လို့ ပြောခဲ့ဖူးတယ်နော်''

''ငါပြောတာက အဲလိုမဟုတ်ပါဘူး။ လိုချင်တဲ့ဆုကို တောင်း။ ငါ့အသက်ကို တောင်းလည်း ပေးမယ်လို့ ပြောတာ ပါ''

''အဓိပ္ပာယ် အတူတူပါပဲဗျာ''

''တူသလိုလို ထင်ရပေမယ့် မတူပါဘူးဟာ။ ဘာလဲ နင်က ငါ့အသက်ကိုတောင်းမလို့လား''

''မဟုတ်ပါဘူးဗျာ။ မမ ကိုယ်ပေးထားတဲ့ကတိကို ဖျက် မှာစိုးလို့ပါ''

''မဖျက်ဘူး ... မဖျက်ဘူး။ ဒါပေမဲ့ အောင်ရုံလေး အောင်လို့ကတော့ ဆုမပေးချင်ဘူးပေါ့ဟာ။ ဂုဏ်ထူးလေး ဘာ လေး ပါတယ်ဆို ဟုတ်တုတ်တုတ်''

''မမနော် စကားကိုလွဲမပစ်နဲ့။ မင်းမှာ သစ္စာ၊ လူမှာ ကတိတဲ့ဗျ။ ဂုဏ်ထူးလည်းပါချင်ပါမှာပေါ့''

''အေးပါ ... အေးပါ၊ ဘယ်လိုအဖြစ်မျိုးနဲ့ပဲကြုံကြုံ နင် ဒီနှစ်အောင်အောင်ကို ဖြေရမယ်နော်''

''အိုကေဗျာ ... မမကလည်း ဆုချဖို့သာ မမေ့ပါနဲ့''

''မမေ့ပါဘူး၊ နင့်အိမ်က လူမှုရေးနည်းနည်းရှုပ်တော့

www.burmeseclassic.com

www.burmeseclassic.com

နှင် အာရုံတွေထွေပြားပြီး စာမေးပွဲ မဖြေဖြစ်မှာ အရမ်းစိုးရိမ်တယ်''

''ဟုတ်ပါတယ်၊ မမစေတနာကို နားလည်လေးစားသော အားဖြင့် ကျွန်တော် ကတိပေးပါတယ်''

''ကျေးဇူးပါ ဇကရာဇ်ရယ်။ နင် ဆယ်တန်းမအောင်ရင် ငါ အသေဖြောင့် အနေဖြောင့်မှာမဟုတ်ဘူး''

ပိုလိုက်တာ မမရယ်လို့ မပြောရက်ပါ။ သူရင်ထဲ နင့်ခနဲ နေအောင် ခံစားလိုက်ရလို့ပဲ ဖြစ်ပါသည်။

သူ အခန်းထဲသို့ တည်ငြိမ်စွာ ဝင်သွားသည့်မမကို ငေးရင်း ဇကရာဇ် မျက်ရည်စို့လာခဲ့ရတာတော့ အသေအချာ။

အခန်း (၁၉)

''ကိုကို မေမေ ဆေးရုံတက်ရပြန်ပြီ။ ဒီတစ်ခါတော့ အခြေအနေမကောင်းဘူးတဲ့။ အဲဒါ ကိုကိုနဲ့နွယ်တို့ ဒီညနေပဲ လိုက်သွားရမယ်''

အလုပ်ကပြန်လာသည့် ဦးအေးကျော်သူ အမောဆို့သွားရသည့်သတင်း။

''ဘယ်တုန်းက ဖုန်းဆက်တာလဲ။ နွယ်ကလည်းကွာ တို့ပြောရောပေါ့။ ကြိုပြီးစီစဉ်ရအောင်''

''ကိုကိုကလည်း ခုလေးမှ သူတို့ကလည်း ဖုန်းပေက်တာ။ ညကြီးမောင်းရမှာဆို ကိုကိုမမောင်းနိုင်ရင်လည်း အုပ်စိုးကို

www.burmeseclassic.com

www.burmeseclassic.com

ခေါ်သွားရတာပဲ။ ကိုကိုနဲ့နွယ်က နောက်ဘက်မှာထိုင်၊ နွယ်က ဇတ်ကား သွားမှဖြစ်မှာကိုကို။ ကိုယ်က သမီးအကြီးဆုံးလေ။ ပြေလည်းအပြေလည်ဆုံး''

''အင်းလေ ... ဒါဆိုလည်း သွားကြပေါ့''

''ဟင် ... ဘာ ကိုကို၊ ပြန်ပြောစမ်းပါဦး။ ရှင် ဘာပြောလိုက်တယ်''

ညည့်ခန်းထဲမှာ ကေရာဇ် သချိုင်္ဂါတွက်နေရင်း ကြားနေရတော့ နားထဲမှာ ကန့်လန့်၊ ဒီမိန်းမကြီး ဘာဖြစ်လို့ ဒီလောက် ထောင်လွှားနေရတာလဲ။

သူအမေကရော ဘယ်တုန်းက ဆေးရုံတင်လိုက်ရတာလဲ။ ဒယ်ဒီပြန်မရောက်ခင်အထိ ကလေးနှင့်ကလူကျီစယ်နေသည့် မိန်းမကြီး။ ဒယ်ဒီပြန်ရောက်လာကာမှ အကယ်ဒမီရှော်လိုက်တာ သူမြင်နေရသားပဲ။

ဒီမိန်းမကြီးဟာ သူ့ကို ဘာများအောက်မေ့နေသလဲ။ မပြောတတ်၊ မဆိုတတ်၊ ဘာမှနားမလည်သည့် နလပိန်းတုံးကြီးများ မှတ်နေသလားမသိ။

''ဘာဖြစ်လို့လဲ၊ ကိုကို့အလုပ်တွေ အရေးကြီးနေတယ်လေ။ နွယ်တို့သားအမိ အုပ်စိုးကို ကားမောင်းခိုင်းပြီး သွားလိုက်ကြလည်း ပြီးတာပဲ''

''ဘာ ... ဘာပြောတယ် ကိုကို''

အသက် (၄၀) ကျော် ဒယ်ဒီကို အသက် (၂၀) ကျော် မိန်းမတစ်ယောက်က ရန်လိုသည့် ရန်သူနှင့်တူသည့် အပြောတွေ၊ အမူအယာတွေနှင့် အနားသို့ ကပ်ကာ စားတော့မယောင်ငါးတော့မယောင်။

ကေရာဇ် သချိုင်္ဂါတွက်နေတာကို ချထားပြီး ဒယ်ဒီတို့ကို ကြည့်နေမိပြီ။ သူဟာ ကျားဆိုးတစ်ကောင်လို သွေးဆူလာပါပြီ။

''ကိုယ်ပြောတာ ဘာများလို့လဲ''

''ဩော် ... ဒီခရီး၊ ဒီလမ်းကြီး မိုင်တစ်ရာကျော် ခရီးကြီးကို ညကြီး မင်းကြီး နွယ်က အုပ်စိုးနဲ့ (၂) ယောက်တည်း သွားရမှာတဲ့လား''

''မင်းမောင်ဆို၊ မောင်ဝမ်းကွဲဆို။ သွားလို့တင့်တယ်ပါဆယ်။ ခါတိုင်းလည်း မြို့ထဲတွေ၊ ညည့်ခံပွဲတွေ သွားနေတာပဲ''

''ဩော် ... ရှင်က ဒါကို မကျေမနပ် ဖြစ်နေတာကိုး။ ဘာပါတော့လေ။ အခုကတော့ ညကြီးသန်းခေါင်မှ ရောက်မှာမို့ (၂) ယောက်တည်း မသွားရဲဘူး။ ကလေးကလည်း ပါဦးမှာ''

''ကလေးထိန်းပါ ခေါ်သွားပေါ့။ မင်းတို့မသွားရဲရင် ကိုယ့်ရုံးက အလုပ်သမားတင်... ယောက်လောက် အဖော်းသည့် ဆိုက်မယ်''

www.burmeseclassic.com

www.burmeseclassic.com

"ဦးအေးကျော်သူ"

မူယာနွယ်စိုး အော်ထည့်လိုက်ပုံက ကိုယ့်အဖေအရွယ်ကြီးကို မလေးမစား၊ မခန့်မညား။ ကောစ် ထရပ်လိုက်ပါပြီ။

သူအသွင်က ဖခင်ဘက်မှ တိုက်ပွဲဝင်ရန်အသင့်။

"ခင်ဗျား ဘာဖြစ်နေတာလဲ။ ကိုယ့်အမေဆေးရုံတက်တာ ကိုယ်သွားလည်းပြီးတာပဲ မဟုတ်လား။ ဒယ်ဒီက ခင်ဗျားအတွက် အဆင်ပြေအောင် အားလုံးစီစဉ်ပေးနေတယ်လေ။ ဘာတွေ ပြဿနာထပ်ရှာ၊ ထပ်ရစ်နေတာလဲ"

"နင် အိမ်ထောင်ရေးကိစ္စတွေ နားမလည်ဘဲ ဝင်မပါနဲ့။ ဒါ သူယောကျ်ားရဲ့ သေရေး ရှင်ရေး နားလည်လား"

"ဟုတ်ပါပြီ၊ ဒါဆိုလည်း ခင်ဗျားသွားလိုက်ပေါ့။ ဒယ်ဒီ အရမ်းပင်ပန်းနေတာ ခင်ဗျား မမြင်ဘူးလား။ ခင်ဗျားဟာ ရန်သူနဲ့တူသော ဝိန်းမပဲ။ ကိုယ့်အကြောင်းပဲ ကိုယ်ကြည့်တဲ့မိန်းမကြီး"

"သား တော်တော် ဒယ်ဒီ့ကိစ္စ၊ ဒယ်ဒီရှင်းပါ့မယ်။ နွယ်ကိုယ့်ကို ရန်လုပ်နေမယ့်အစား ကိုယ့်ဘာသာသွားဖို့ ပြင် တော့။ ကလေးထိန်းခေါ်သွား။ ကိုယ့်အလုပ်သမားတစ်ယောက် လည်း ခေါ်ထားလိုက်ပြီ"

ဦးအေးကျော်သူ တည်ငြိမ်စွာပင် စီမံခန့်ခွဲနေတော့ မူယာနွယ်စိုး ဒေါသတွေကို မြိုသိပ်နေရသည်။

သူမ၏အကြံအစည်တွေ လွဲချော်ကုန်ပြီ။ နောက်တစ်နည်း ကြံရဦးမှာပေါ့လေ။

ဦးအေးကျော်သူက ဘယ်လိုမှ သူတို့ဆင်သည့်ခွင်ထဲသို့ ဝင်မလာ။

နေနှင့်ဦးပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

မူယာနွယ်စိုးတို့အဖွဲ့ ည (၇) နာရီမှာ ကားနှင့်ထွက်ခွာသွားကြတော့ ဦးအေးကျော်သူ အသွင်က ခြေပစ်၊ လက်ပစ်၊ ညည်းခန်းထဲမှာ ပက်လက်လန်တော့မတတ်။

ကေရာဇ် ကိုယ့်ဒယ်ဒီကို အကဲခတ်နေတုန်းကြာပြီး ဒယ်ဒီ့ကြည့်ရတာ သည်ရက်ပိုင်းအတွင်း ပိုပြီးနွမ်းဖတ်နေသလို၊

"ဒယ်ဒီ"

"ဘာလဲ သား၊ မုန့်ဖိုးလိုလို့လား"

"မဟုတ်ပါဘူး ဒယ်ဒီရယ်၊ ဒယ်ဒီ့ကြည့်ရတာ ဒီရက်ပိုင်း မလန်းဘူးလား။ ဘာတွေခံစားနေရသလဲဗျာ"

"ဘာမှမဟုတ်ပါဘူး သားရယ်၊ သားတာဝန်က စာကျက်။ ဒီနှစ်စာမေးပွဲအောင်အောင်လုပ်"

"ဟာ ... ဒယ်ဒီကလည်း ဒယ်ဒီနဲ့သား (၂) ယောက်တည်း ရှိတဲ့ဟာ။ ဒယ်ဒီ့ကိစ္စလည်း သားကိစ္စပေါ့။ ဒယ်ဒီ့ပြဿနာလည်း သားပြဿနာပဲပေါ့။ သားလည်း အကြံပေးနိုင်ပါတယ်ဗျာ။ ဟိုဒိန်းမကိစ္စမှ ဟုတ်ရဲ့လား ဒယ်ဒီ"

"ထားလိုက်စမ်းပါကွာ၊ နောက်ဆုံးတော့လည်း ဘူးပေါ်သလိုပေါ်ပြီး သူစရိုက်နဲ့သူ သွားလိမ့်မှာပေါ့"

"ဗျာ"

သူက သံသယတွေဝင်စုံရှိသေး။ ဒယ်ဒီက ကောက်ချက်တွေဆွဲလို့ပါလား။ ဒါကြောင့်လည်း စီးပွားရေးနယ်ပယ်မှာ ဆရာစားဆရာဖြစ်နေရတာပဲ။

"ဒယ်ဒီ သူကိုမချစ်တော့ဘူးလား။ မျက်စပ်ပိုးဝင်၊ ဆံစပ်ပင်တင်း၊ ချစ်ခြင်းမယား ဆိုတာမျိုးတွေ မခံစားရဘူးလား"

"ခံစားရတာပေါ့ကွာ။ ဒါပေမဲ့ ကြာတော့ ထုံသွားပါပြီ။ သေလေးမျက်နှာထောက်ပြီး အရှုပ်ဆိုးအကျည်းတန်တဲ့အဖြစ်အပျက် မဖြစ်စေချင်ဘူး။ ဒီဇာတ်ကို မနာမကျင်ဘဲ ဖြတ်စေချင်ပါ"

"ဟင် ဒယ်ဒီ ... ဒီမိန်းမကို ကွာမလို့လား"

www.burmeseclassic.com

www.burmeseclassic.com

"သူမှာအပြစ်ရှိကြောင်း ဒယ်ဒီ သက်သေပြနိုင်တဲ့နေ့ အကွဲပဲပေါ့ကွာ"

"ကလေးကရော ဘာပဲဖြစ်ဖြစ် ဒယ်ဒီ အချိန်မီ ဘရိတ်နင်းသင့်တယ်"

"သစ္စာမရှိတာ ငါ အမုန်းဆုံးပဲ။ မလွမ်းပါဘူး။ သူ့အရှိန်နဲ့သူ လွှတ်ပေးထားတာ။ အရှိန်ကုန်တော့မှ သူဘာသာ အဝိစီဇောက်ထိုးဆင်းပါစေ"

"ဩော်"

ဒယ်ဒီ့ကိုကြည့်ပြီး ကောရဇပင် ဖျားချင်ချင်။ ဒေါ်မူယာနွယ်စိုးကို အသည်းအသန် ချစ်ခဲ့ပေမယ့် သစ္စာမဲ့သွားမှန်းသိတော့လည်း သူ့စိတ်ကို သူ ဆင်ခြင်နိုင်သားပဲ။

"ကဲပါ ဒယ်ဒီရယ် ... လာ သားတို့ ထမင်းစားကြမယ်။ မမကို လှမ်းခေါ်လိုက်ဦးမယ်"

သူ အပေါ်ထပ်ရှိ မမထံ ဖုန်းနှင့်အကြောင်းကြားလိုက်ပြီး ထမင်းစားခန်းထဲသို့ သားအဖ (၂) ယောက် ဝင်ခဲ့ကြသည်။

ဒေါ်ထားနှင့်သက်ချို့တို့က ထမင်းပွဲအဆင်သင့်ပြင်ပေးကြသည်။

သားအဖ (၂) ယောက် စားပွဲမှာထိုင်ပြီး စကားစပြီဆက်ပြောကြ၏။ သည်လို တဆွေးတနွေး မရှိရတာတောင်

ကြာပြီပဲ။

"သားရော ... ကျောင်းတက်ရတာ၊ ဂိုက်တက်ရတာ အဆင်ပြေရဲ့လား"

"ဒယ်ဒီ့တိမ်းပါမြင့်မိရင်ကာ မမိုက်ပါဘူးဗျာ။ သူတော်တိုင်း သူတစ်ပါးကို နှိမ်တယ်"

"ဩော် ... သား မခံချင်စိတ်ပေါက်ပြီး ကြိုးစားချင်လာအောင် လုပ်ပေးတာပါကွာ"

"မဟုတ်သေးပါဘူး ဒယ်ဒီရာ။ တစ်နေ့ တစ်နေ့ ကုသိုလ်တစ်ပဲ ရဲတစ်ပိဿာဆိုတာ သူပြောတာ။ သားတော့ စိတ်ကုန်ပါပြီ။ မမကျတော့ သားကို စိတ်ရှည် လက်ရှည် စာပြ၊ စာကူကျက်ပေးတယ်။ သူကိုမခေါ်ပါနဲ့တော့ ဒယ်ဒီရယ် နော်။ သား ဘွားတော်နဲ့ပဲ အဆင်ပြေနေပါတယ်"

"ဘွားတော်နဲ့လည်း သင်၊ တိမ်းယိုလေးနဲ့လည်းသင်။ ရွေးရေးတွေရှိသေးတယ် သားရဲ့။ ဒယ်ဒီ့မှာ အကြံအစည်တွေ မရှိသေးတယ်"

ဦးအေးကျော်သူ လေးလေးနက်နက် ပြောနေလျှင် ကောရဇ မျက်လုံးပြူးရ၏။

"ဒယ်ဒီ ပေါက်ကရတွေတော့ လျှောက်မလုပ်နဲ့နော်။ သားတော့ အခုစာသင်ရတာကိုပဲ ရဲကျသလို ခံစားနေရတာ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဘဝလုံးဆိုရင်တော့ မတွေးရဲစရာပဲ။ သေတာထက်တောင် ဆိုးမလားဘဲ''

''မင်းကွာ ငါ့သားဖြစ်ပြီး ဒီလောက်တောင် စိတ်ဓာတ် ပျော့ညံ့လှချည်လား''

သားအဖ (၂) ယောက် စကားတွေပြောလို့မပြတ်သေး ပေမယ့် ရွှေပန်းချီ ဝင်လာနေပြီမို့ စကားတွေ ဘရိတ်အုပ်လိုက် ကြသည်။

အပြာနုရောင်ဝမ်းဆက်လေးနှင့် ချစ်စရာ ရွှေပန်းချီကို ကောဖီ ခရီးဦးကြိုပြု၏။

''လာ မမ ထိုင်''

နောက် သူပင် ထမင်းထည့်ပေး၊ ဟင်းထည့်ပေးနှင့် ဦးအေးကျော်သူကတော့ မသိမသာ အကဲခတ်လျက်။ ကောဖီ တစ်ယောက်ကတော့ မိုးမမြင် လေမမြင်။

လောကကြီးတစ်ခုလုံး သာယာလင်းပွင့်နေလိုက်တာ။ သည်လိုပဲ မမနှင့်အတူ ကျော်ဖြတ်နေရမည်ဆိုလျှင်တော့ သူကမ္ဘာဟာ လှပနေမှာမလွဲ။

အခန်း (၂၁)

မူယာနွယ်စိုး၊ အုပ်စိုးနှင့် ကလေးထိန်းရယ်၊ သမီးလေး သဲသဲရယ်။ နောက် ဦးအေးကျော်သူ ထည့်လိုက်သည့် စပိုင်ရယ်။

မူယာနွယ်စိုးကလည်း လည်ပြီးသား။ သူယောကျ်ား၊ သူ့အပေါ် အချစ်တွေလျှံနေပြီဆိုတာ သိနေရပြီ။

အခြေအနေက မောင် အရင်လိုမဟုတ်တော့ဘူး ဆို သလိုး

သူကလည်း သူလေ။ မည်မျှပင် ဝိဝိရိရိနေကြသည်ဆိုစေဦးတော့ အုပ်စိုးနှင့် မောင်နှမရယ်လို့ မည်မျှပင်ပြောထား သော်။ ဟာကွက်တွေရှိနေမည်မို့ ဦးအေးကျော်သူ တစ်ချိန်ချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

သိသွားမယ်ဆိုတာလည်း တွေးမိရဲ့။

သည်အချိန်ကစပြီး မူယာနွယ်စိုးတစ်ယောက် လိမ္မာပါးနပ်စွာ လှုပ်ရှားရတော့မယ်ဆိုတာလည်း သဘောပေါက်ခဲ့ပြီ။

ငါးမရဘဲ ရေချိုးပြန်လို့တော့မရ။

ဘဝကို အလကားဖြစ်စေလို့မရ။

အနိုင်နှင့်မပိုင်းနိုင်တောင် အရှုံးတော့ မပေးချင်။

မူယာနွယ်စိုးဟာ သူမေမေ တကယ်ဆေးရုံမတက်တာမို့ ကားပေါ်ပါလာသည့် အုပ်စုကြီးကို ကိုယ့်မြို့ထိ ခေါ်သွားလို့ မဖြစ်။

သည်လူတွေမှတစ်ဆင့် ဦးအေးကျော်သူဇာနားသို့လည်း ပြန်ပေါက်လို့မဖြစ်။

အုပ်စိုးနှင့်တိုင်ပင်ရအောင်လည်း ရန်သူတွေကများလှပါဘိ။ အင်း နောက်ဆုံးတော့လည်း ဉာဏ်နီဉာဏ်နက်တွေထုတ်ရသည်ပေါ့။

ဦးအေးကျော်သူ ထည့်လိုက်သည့် စပိုင်နှင့် ကလေးထိန်မယုကို ကားရှေ့ခန်းမှာ စီးစေကြပြီး သူတို့က ကားနောက်ဘက်မှာ စီးကြသည်။

"ဦးကိုကြီးနဲ့မယု တစ်လှည့်မောင်းကြဦး။ အုပ်စိုး ခဏမှေးမယ်။ နောက်ဘက်မှာ"

နောက်ရောက်လာတော့မှ တိုးတိုးတိတ်တိတ် ခေါင်းချင်းဆိုင်ကြ၊ တိုင်ပင်ကြရသည်။

"ဒီဟာတွေ ဟိုထိခေါ်သွားလို့မရဘူး။ ဘယ်လိုလုပ်ကြမလဲ"

"လွယ်ပါတယ်၊ ပရိယာယ်သုံးပြီး တစ်နေရာမှာ ထားခဲ့ပေါ့။ မကရော မြို့ထိ ပြန်မလို့လား"

"မပြန်ပါဘူး၊ စဉ်းစားစမ်းပါဦး ဘယ်လိုလုပ်ကြမလဲ"

"အင်း ... နေဦး၊ မောင်စဉ်းစားဦးမယ်"

အချိန်အတန်ကြာအောင် စဉ်းစားနေသည်ဆိုပြီး အုပ်စိုးလုပ်နေသည်က မူယာနွယ်စိုး၏ ရင်ခွင်ထဲမှာ ပွေ့ချီထားသည့် အိပ်ပျော်နေသည့်ကလေးကို ကလူကျီစယ်နေမိတာ။

"ကဲ အုပ်စိုး ... ကလေးအိပ်နေတာ မနှောင့်ယှက်နဲ့။ တစ်ခုခုပဲ စဉ်းစား။ အဖြေထုတ်"

"ဟုတ်ကဲ့ပါ မရဲ့၊ နေစမ်းပါဦး"

နောက်ဆုံး အုပ်စိုးပေးသည့်အကြံမှာ -

"သူတို့ (၂) ယောက်ကို ဘုရားဖူးကားနဲ့ထည့်ပေးလိုက်ပြီး ကျွန်တော်တို့ပဲ ခွဲထွက်လိုက်မယ်"

"အံမယ် ... အဘိုးကြီးကို ပြန်တိုင်နေမှာပေါ့"

"ရတယ်၊ မောင် ကြည့်လို့မှ့်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ရှေ့က ကားရပ်စခန်းတစ်ခုမှာ သူတို့နားကြ၊ စားကြရင်း အုပ်စိုး ဦးကိုကြီးနှင့် မယုကို ကမ်းလှမ်းလိုက်သည်။

"မမန္တယ် အိမ်က အဆင်မပြေဘူး။ သူအမေက အခြေအနေ မကောင်းဘူး။ ဦးကိုကြီးတို့ကို အားနာတယ်"

"ရပါတယ်"

"ရပါတယ် မမန္တယ်ရဲ့။ မယုတို့ နေတတ်ပါတယ်"

"မဟုတ်ဘူး အိမ်မှာ ညည့်သည်လက်ခံဖို့ အဆင်မပြေလို့ပါ။ ဒီတော့ ဒီလိုလုပ်။ ဦးကိုကြီးနဲ့မယုတို့ ဘုရားဖူးလိုက်သွားကြ။ ကျွန်တော်တို့ မမန္တယ်အမေ ဆေးရုံဆင်းမှ ပြန်ချိန်းပြီး အိမ်ပြန်ကြမယ်။ ဘုရားဖူးမထွက်လည်း ကိုယ့်အိမ်ကိုယ်ပြန်ချင် ပြန်ကြဗျာ။ ရော့ တစ်ဓယာက် ငွေတစ်သိန်းစီယူ။ ဘိုးတော်တော့ မသိစေနဲ့"

"ဒီလိုဆိုလည်း အိမ်ပြန်ရတာပေါ့ဗျာ။ စိတ်သာချပါ"

တစ်ယောက်တစ်သိန်းစီပေးပြီး သူတို့ (၂) ယောက်ကို စည်းရုံးရေးဆင်းလိုက်တာ။

"အိုကေ"

လိုင်းကားတွေ ပြောင်းစီးကြပြီး (၂) ယောက်သား ဝမ်းသာအားရ ထွက်ခွာသွားကြတော့ မူယာနွယ်စိုးနှင့် အုပ်စိုးတို့ ကားကိုလမ်းကြောင်းပြောင်းလိုက်သည်။

ဂိုးတူ ချောင်းသာ။

အမေ နေကောင်းနေတာပဲလေ။

နိုးချစ်ရသည့် အုံ့ပုန်းချစ်မှ ပြောင်ချစ်ရသည့်အဖြစ်သို့ ခေတ္တပြောင်းချစ်ရသည့်အဖြစ်သို့ ခေတ္တပြောင်းရင်း ရှေ့ရေးတွေ တိုင်ပင်လိုက်ဦးမည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

(၅) ရက်ကြာတော့ မူယာနွယ်စိုးတို့အုပ်စု ကားနှင့် ပြန်ရောက်လာကြသည်။

ချောင်းသာမှာပင်လယ်ရေစိမ်ပြီးအ ပျော်ကျူးခဲ့ကြတာမို့ အသားတွေညိုလို့။

စတိုင်လ်ကတော့ မိခင် ဆေးရုံတက်ရလို့ အသည်း အသန် ပင်ပန်းလာခဲ့သည့်စတိုင်လ်။

အိမ်ကိုလည်း ငွေပို့၊ လှမ်းပြီးစည်းဝါးကိုက်ထားပြီးနဲ့ သည်ကိစ္စဟာ ဝိဝိရိရိ ဘယ်တော့မှ မပေါ်တော့ဘူးပေါ့။

သူတို့ကားဝင်လာတော့ ဦးအေးကျော်သူ ညည့်ခန်းထဲက ခပ်တင်းတင်းထိုင်ကြည့်နေ၏။ အုပ်စိုး မျက်နှာတစ်ချက်ပျက်ပြီး

ခြေလှမ်းမှားချင်ချင်။

အပျော်ကြူးခဲ့တာက လတ်လတ်ဆတ်ဆတ်။

ကိန္နရီမောင်နှံလို အတောင်ချင်းယှက်၊ လည်ချင်းဖက်ပြီး ချောင်းသာမှာ အပြတ်ကဲခဲ့တာက ပူပူနွေးနွေး မဟုတ်ပါလား။

သူမယားလိုချင်လို့ သူလင်လုံခဲ့ထိုးဖို့ အစီအမံတွေလည်း လုပ်ခဲ့ပြီ။ တိုင်ပင်ခဲ့ပြီး။

အစီအစဉ်ကတော့ သိန်းယိုပြည်ကို မီးနှင့်ရှို့မည့် ဟန်မန်ထက်ဆိုးမည်။

အပြောကသာ မိုးလား ကဲလား။

ယခုကျ အုပ်စိုးတစ်ယောက်ခြေလှမ်းမှားချင်ချင်။ ဒုးတုန်ချင်ချင်။

"ဘယ့်နယ် ... တော်တော်ပျော်ခဲ့ကြရဲ့လား"

ဦးအေးကျော်သူအသွင်က အေးအေးဆေးဆေး။ ခါတိုင်းလို မူယာနွယ်စိုးကိုလည်း ဖက်လဲတကင်းမလုပ်။ သမီးကိုလည်း လှမ်းမချီ။

မူယာနွယ်စိုး ပျက်ချင်သည့်မျက်နှာကို ချက်ချင်းပြင်ပြီး ပိန်းမမာယာ သဲကိုးဖြာကို စတင်ပြီး သုံးသည်။ ကြမ်းလွန်းမဖြစ်။

"ကိုကိုရယ် ... ကိုကို့သမီးကလေ သူ့အဖေကို အောက်

www.burmeseclassic.com

www.burmeseclassic.com

မေ့လို့ ဖျားတောင်ဖျားတယ်သိလား။ နွယ်လည်း မေမေ ဆေးရုံက ဆင်းတာနဲ့ ချက်ချင်းပြန်လာခဲ့တာ''

''ကိုကိုကလည်း ဘယ်လိုကြီးမေးလိုက်တယ် မသိဘူး။ မအေ ဆေးရုံသွားတက်တာ ပျော်စရာလားလို့။ ကဲပါ နွယ် ကိုကို့ကို အရမ်းအောက်မေ့လာတာပါ''

မျက်စောင်းလေးချီရင်း မာယာတွေ လှိုင်လှိုင်သုံးကာ သမီးကို ဦးအေးကျော်သူလက်ထဲ ထိုးထည့်ပေးပြီး သူမက အိပ်ခန်းထဲသို့ ဝင်သွားသည်။

သည်လူကြီးကို မာယာတွေနဲ့ မျှားရဦးမည်။ လျော့နေသည့် နှောင်ကြိုးတွေကို ဆွဲပြီးတင်းရဦးမည်။

ရည်မှန်းချက်တွေ မရောက်သေးတာမို့ အနေအထိုင်တွေ ပြင်ပြီး ကျော့ကွင်းထောင်ရဦးမည်။

မျက်စပိုးဝင်း ဆံတစ်ပင်တင်းတဲ့။ အုပ်စိုးကို ဘရိတ် အုပ်ခိုင်ဦးမှ။ ဒီကောင်ကလည်း လွန်ပါတယ်။ လူငယ်ပီပီ ခပ်ထထ၊ ခပ်ကဲကဲ။

ချောင်းသာမှာနေခဲ့တာတွေ ပြန်တွေးမိတော့ မူယာနွယ်စိုး လွေးတွေ တဖျင်းဖျင်း ဆူပွက်လာရသည်။

ဟင်း ... တော်တော်ဆိုးတဲ့မောင်။

လောလောဆယ်တော့ ဦးအေးကျော်သူကိုပဲ ချစ်ပြ၊ မြတ်နိုးပြရပါဦးမည်။

အဝတ်အစားလဲပြီး မူယာနွယ်စိုး ရေချိုးခန်းဝင်သည်။ ရေချိုးခန်းမှ ထွက်တော့ သူမ၏ sexy အပြည့်နှင့် ကိုယ်ဟန်ကို မှန်ရှေ့မှာ ကြည့်လိုက်သည်။

နောက် sexy အကျဆုံး အဝတ်ကိုရွေးဝတ်သည်။ မမြင်ဝံ့၊ မရှုဝံ့အောင်။

ကလေးအမေမို့ ဖွံ့ထွားနုဉာဏ်သည့်အသားစိုင်တွေကို ၅၀% လောက်ဖော်ထားသည့်ဝတ်စုံက သူ့အလှတွေကို ဖိတ်စင်ထက်ဝက်ဖော်လို့။ မာယာ စပြီ။

''အား ကိုကိုရေ ... ကိုကို လာပါဦး''

ဦးအေးကျော်သူ ကလေးကို ကလေးထိန်းလက်ထဲထည့်ခဲ့ပြီး အိပ်ခန်းထဲသို့ အပြေးတစ်ပိုင်း ဝင်လာခဲ့သည်။

''နွယ် နွယ် ... မူးလို့ပါ ကိုကိုရယ်။ နည်းနည်းလေးက်နှာ့ ... နှိပ်ပေးပါနော်''

အိပ်ရာပေါ်မှာလူးရင်း လိမ်းရင်း မူယာနွယ်စိုး ဖြားယောင်းနေတော့ ဦးအေးကျော်သူ သက်ပြင်းချမိသည်။

မာယာမှန်းသိလည်း မရှောင်နိုင်တာ ငါတို့ယောကျ်ားတွေရဲ့ ပျော့ကွက်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၂)

အုပ်ပြည့်နိုင် ဂျပန်က ပြန်လာပြီ။ အလုပ်သွားလုပ်သည့် (၃) နှစ်ကလည်း သိပ်ပြီးအရောထင်လှတယ်တော့မဟုတ်။

မိဘတွေကို ထောက်ပံ့ရတာထက် ညီ၊ ညီမတွေကို ထောက်ပံ့ရတာက များနေသည်။

သူက တိုက်ခန်းဝယ်ဖို့၊ ကားဝယ်ဖို့ ဆိုပြီးပို့ပေမဲ့ သည်မှာ ရေမျောမီးလောင်ဖြစ်နေရသည်။

သူမမေမေက မကျွမ်းကျင်သည့်လုပ်ငန်းကို သမက်အားကိုးနှင့်လုပ်သည်လေ။

အလိမ်ခံရသလား၊ တကယ်ပဲအဆင်မပြေတာလား

မသိရပေမယ့် သူပြန်လာတော့ မိဘတွေမှာ ဘာမှလည်း မယ်မယ်ရရ ပြစရာမရှိ။

သူပင်ပန်းတာပဲ အဖတ်တင်သည်။ လောလောဆည် ဒါလာသည့် ငွေလေးကို ချစ်သူထံအပ်မည်ပြင်တော့ သူမမနှင့် ယောက်ဖက အသည်းအသန် ကန့်ကွက်ခဲ့သည်။

''နင် နွားကျမလို့လား။ နင့်ချစ်သူက အခုကောင်လေး တစ်ယောက်နဲ့ တတွဲတွဲ နေနေတာ။ နေတာလည်း အဲဒီအိမ်မှာ။ ကျောင်းပို့ ကျောင်းကြို။ နေရာတိုင်းမှာ သူတို့မျက်ခွက်ကြီးပဲ''

''သိတယ်မလား။ ခုခေတ်က လက်မထပ်ခင်ကတည်းက ဆွဲစားနေကြတဲ့ခေတ်။ မင်းကောင်မလေးက အိမ်ပေါ်ရောက် နေတော့ တွေးသာကြည့်တော့''

''ငါတော့ လုံးဝ သဘောမတူဘူးနော်။ နင်ပါလာတဲ့ ငွေနဲ့ ကားလေးတစ်စီးလောက်ဝယ်ပေး။ ငှဲ့ယောက်ျားကို တက္ကစီ ဆွဲခိုင်းမယ်။ နင်တို့က အုံနာကြေးယူပေါ့။ ဒါမှမဟုတ် ရတဲ့ငွေရဲ့ တစ်ဝက်စီ ယူချင်လည်းယူ။ တစ်သောင်းရရင် ငါးထောင်စီ။ နှစ်သောင်းရရင် တစ်ယောက်တစ်သောင်းစီ''

သူအစ်မနှင့်ယောက်ဖက အသည်းအသန် ပုံစံချနေ ဆော့ အုပ်ပြည့်နိုင် အခြေအနေကို သဘောပေါက်မိသည်။

မမမေ့ထံမှ သူငွေတွေကိုလည်း သူတို့ပဲ ဖြားယောင်း

www.burmeseclassic.com

www.burmeseclassic.com

လှည့်ပတ်ယူလိုက်ကြတာ ဖြစ်မည်။ သူ စိတ်တိုလှပေပြီ။

"ဒီမှာအစ်မ ... မေမေ့မှာကိုသာ လိမ်လို့ ညာလို့ ပတ်လို့ရ မယ်။ ကျုပ်ကိုတော့ မရဘူးမုတ်။ ကားဝယ်တောင်မှ ကျုပ်ကိုယ် တိုင် တက္ကစီဆွဲမှာ။ ကျွန်လိုရွန်းလာရတဲ့ပိုက်ဆံကို သူများတော့ အလကားပေးမပစ်နိုင်ဘူး"

"ဟင် ...။ နင် နင် မိုက်ရိုင်းတာ ကြည့်စမ်း မေမေ။ မေမေ့သား အောက်ခြေလွတ်လာတာ တွေ့လား။ သူငွေ ထိ တောင် မထိရသေးဘူး။ အကြံပေးရုံနဲ့တောင် လူထွေကို စား တော့ ဝါးတော့မတတ်ဘဲ"

"ဒီမှာ ... ဒီမှာ ... နင် ဂျပန်သွားနေတုန်း မေမေ တို့ကို ငါတို့လင်မယားဘဲ ရှာကျွေးခဲ့ရတာပါဟဲ့"

"တော်ပျာ၊ အသံကောင်းဟစ်မနေနဲ့။ ဒါဆို ကျုပ်ပို့တဲ့ ငွေ သိန်းပေါင်း ရာချီပြီး ကုန်သွားတာ ဘာဖြစ်တာလဲ။ ပြော စမ်းပါဦး"

"အို ... အဲဒါကတော့ စီးပွားရေးလုပ်ငန်းလုပ်ရင်း ထူ လိမ်ခံရတာပဲ"

"မယ်မင်းကြီးမရယ် ... အခု ခင်များတို့ကျ တိုက်ခန်း တွေ၊ ဘာတွေဝယ်ပြီးပြီ မဟုတ်လား။ မစားကောင်းတာစား မလုပ်သင့်တာလုပ်ရင် ခင်များတို့ တစ်နေ့ဒုက္ခရောက်မယ်"

ဆွေးနွေးပွဲကတော့ ဝေ့လည်လည်။

အုပ်ကြည့်နိုင်ရဲ့အစ်မက သူပါလာသည့် ငွေကို ကားဝယ် ပြီး တက္ကစီဆွဲစားဖို့သာ တွင်တွင်တိုက်တွန်းသည်။

ရွှေပန်းချီကိုလည်း ရစရာမရှိအောင် ပြောလိုက်တာ။ ခုပဲ ကလေးတင်ဒါဇင်လောက် ဖျက်ချပြီးသည့်စတိုင်လ်။

ကိုယ့်အစ်မ ကိုယ်အံ့ဩခြင်း အုပ်ပြည့်နိုင် ချစ်သူထံသို့ သာ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေပန်းချီ။

သည်နေ့ ကျောင်းဆင်းတော့ ကျောင်းပေါက်ဝသို့ လူရှင်းမှ လျှောက်လာခဲ့သည်။ ကရောဖ်လာကြိုချိန်ဟာ သူတို့ ကျောင်းဆင်းချိန်ထက် နည်းနည်းနောက်ကျတတ်တာမို့ပါ။

သူကျောင်းပေါက်ဝရောက်တော့ ကားတစ်စီး ဘေးမှာ ရပ်ပြီး သူမကို လက်ပိုက်ကြည့်နေသူတစ်ယောက်။

အသားတွေညိုပြီး မျက်နှာမှာ အမွေးအမျှင်တွေရယ်၊ နောက်မှ ဆံပင်ကို စုစည်းထားတာရယ်ကြောင့် ဒီဇိုင်းက ခပ်ပိုက်ပိုက်။ မျက်မှန်လည်း တပ်ထားလိုက်သေး။

ဘဲကြီးက အလန်းစား။ အမိုက်စားမို့ ရွှေပန်းချီ ရှုပ်ခနဲ

ကြည့်ပြီး ကရောဖ် ကြိုနေကျနေရာသို့ သွားလိုက်၏။

အုပ်ပြည့်နိုင် ထောင်းခနဲဒေါသထွက်ရ၏။ သူအစ်မဟာ ဝန်တို့ မစ္စရိယစိတ်တွေနှင့် ပြောတာမို့ မယုံပေမယ့် ချစ်သူကို သူ စူးစမ်းသည့်အကြည့်နှင့် ကြည့်နေတာ။

အုပ်ပြည့်နိုင်က ရွှေပန်းချီထက် (၃) နှစ်လောက်ကြီးပါသည်။ သူ ဘီအီးဘွဲ့ရပြီးချိန် ရွှေပန်းချီ ပညာရေးတက္ကသိုလ် ကျောင်းသူဘဝမှာ ချစ်ခဲ့ကြတာ။

သူ ဂျပန်မသွားခင်က ပိန်ပိန်ပါးပါးလေးသာရှိသည့် ရွှေပန်းချီ။ ယခုတော့ ဖွံ့ထွားလှပလို့။ အစွမ်းကုန်ပွင့်လန်းလှပနေသည့် ပန်းလိုပေါ့။

သို့သော် သူအစ်မ မချိမဆန့် ပြောထားတာမို့ သူ ရွှေပန်းချီကို စူးစမ်းနေမိ၏။ သူကောင်လေးဆိုတာနှင့်ရော အနေအထားက ဘယ်လိုလဲ။

သူကို ရွှေပန်းချီ ရုတ်ခနဲမမှတ်မိသည့်အတူတူ သူ စားထဲ ပြန်ဝင်ပြီး သူမတို့ကိုစောင့်ကြည့်နေဖို့ ဆုံးဖြတ်လိုက်၏။

မကြာမီ ကားဖြူလေးတစ်စီး လျောခနဲရောက်လာပြီး စားထဲမှ ထွက်လာကာ ရွှေပန်းချီ့ဆွဲခြင်းကို ယူ၊ ကားတံခါးကို အဆီတာသေဖွင့်ပေးသည့် ကောင်လေးကို မြင်လိုက်ရ၏။

အုပ်ပြည့်နိုင် ခေါင်းထဲမိုက်ခနဲ။ ရင်ထဲလည်း ဗလောင်ဆူ

www.burmeseclassic.com

www.burmeseclassic.com

သွားတော်။

ကောင်လေးက ချောလွန်း၊ ဖြောင့်လွန်းသည့်အပြင် လူငယ်ပီပီ ဘာတွေနှင့် ဆွဲဆောင်ညှို့ငင်နေသည်မသိ။

တော်ရုံတန်ရုံမိန်းမဆို ကြွေမှာပဲ။ သူ့ရွေပန်းချီကရော။

ဘယ်ပန်းချီရေးလို့မမီအောင်ပင် လှပနေသည့် ပန်းပု သူဇာ။

ကောင်လေးကလည်း မင်းသားလုပ်လို့ရမည့်ရုပ်။ သူ ကိုယ့်ကိုယ်ကို ငို့ကြည့်မိပြန်သည်။ (၃) နှစ်လုံးလုံး အလုပ်တွေ နင်းကန်လုပ်ခဲ့ရလို့ သူ့ရုပ်က ခပ်ကြမ်းကြမ်း။

ဂျန်းတဲလ်မန်းပုံကိုမထွက်တော့။

ကောင်လေးပုံစံက အရိပ်တကြည့်ကြည့်။ ဖြစ်နိုင်လျှင် ကောက်မျိုချတော့မည်ပုံ။

မျက်စပိုးဝင် ဆံတစ်ပင်တင်း ချစ်ခြင်းမယားတဲ့။

ချစ်သူအတွက်လည်း ပူရတာ မီးပင်လယ်ကြီးထဲ ဝင်နေရသည့်နှယ်။

ကိုယ့်မှာတော့ နိုင်ငံရပ်ခြားမှာ ရှာလိုက်၊ ဖွေလိုက်ရတာ။

သို့သော် ရှာဖွေခဲ့သမျှကလည်း အရာမထင်။ မိတ်ဆွေကလည်း ခဲ့ရင်း ခဲ့ရင်း။ ကြားထဲက အစ်မကသာ တိုက်ခန်းဆွေ

ဘာတွေဝယ်နိုင်ပြီး ပြေပြေလည်လည်။

အစ်မကတော့ သူယောကျ်ားပဲ အမွေရသလိုလို။ အလုပ် အကိုင်ကောင်းသလိုလို။ ကိုယ့်ယောက်ဖအကြောင်း ကိုယ်သိပြီးသား။

ရမယ်ဆို ဘနဖူးသိုက်တူးမယ့်ကောင်။ ဘဝက ဘာတစ်ခုမှ အဆင်မပြေ။

အနေဝေးပြီး ဖုန်းခဏခဏမဆက်ဖြစ်သည့် ချစ်သူကလည်း အနေမတတ်၊ အစားမတတ်။

သူ ရွှေပန်းချီကို ဖုန်းခေါ်လိုက်ပါသည်။

ရွှေပန်းချီတို့ကားနောက်သို့ သူ သူငယ်ချင်းထံမှ ငှားလာသည့် ကားနှင့် လိုက်ရင်း ဖုန်းဆက်နေ၏။

"ရွှေပန်းချီ"

"အို ကို ကို ဘယ်ကနေ ဆက်တာ"

"ကိုယ်ပြန်ရောက်နေပြီ။ ပန်းချီနဲ့တွေ့ချင်တယ်။ အခု ပန်းချီ ဘယ်မှာနေသလဲ"

ကိုယ်ကသာ သူတို့ကိုမြင်နေရပေမယ့် သူတို့ကတော့ ကိုယ့်ကို ဘယ်မှာမှန်းသိမှာမဟုတ်။ ရွှေပန်းချီ ကိုယ့်ကို အမှန် အတိုင်းပြောမလား၊ ညာမလား။ သူ စတင်စစ်ဆေးပြီ။

"ဩော် ... ကို ... မူယာနွယ်စိုးကိုသိလား။ ... ပန်းချီ့

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း။ သူဌေးနဲ့ရသွားတာပါရော''

''သိတယ်၊ သူနဲ့ပန်းချီ ဘာဆိုလို့လဲ''

ကားက မီးပွိုင့်မိနေတာမို့ ရွှေပန်းချီတို့ ကားရော၊ သူ ကားပါ ရပ်နေကြရသည်။ ကား ၃-၄ စီးခြားပေမယ့် သူ ပန်းချီကို လှမ်းမြင်နေရပါသည်။

''ပန်းချီနေတာ သူအိမ်မှာ ကိုရဲ့''

''အခု ပန်းချီ ကျောင်းမှာလား။ ကိုယ်လာကြိုရမလား''

''ကျောင်းကပြန်လာနေပြီကို''

''ဖယ်ရီနဲ့လား၊ ဘာနဲ့ပြန်တာလဲ။ နောက်နေ့တွေ ကိုယ် ကြိုပို့လုပ်မယ်''

''ဟို ... ကို ဘာတွေလုပ်မယ်၊ ရှေ့ရေးတွေ ဘာတွေ ပန်းချီ့ကို မပြောပြတော့ဘူးလား။ မတိုင်ပင်တော့ဘူးလား''

''ပန်းချီကရော ကိုယ့်ကိုတွေ့ချင်သေးရဲ့လား။ တွေ့ရင်ရော မှတ်မိဦးမှာလား''

''တွေ့ချင်တာပေါ့ ကိုရယ်။ ပန်းချီ ကို့ကိုစောင့်နေတာပဲ။ ကို စကားပြော စိမ်းလိုက်တာနော်''

ရွှေပန်းချီထိုင်နေရတာ ကေရာဇ်ဘေးနားမှာပါ။ သူ့ မောင်ဘွားတစ်ယောက်လို သဘောထားတာမို့ ကိုနှင့် စကား ပြော နေရတာ အားနာပါသည်။

သို့သော် မြန်မာပြည်သို့ ခုမှပြန်ရောက်လာသည့် ချစ်သူ နှင့်လည်း ရွှေပန်းချီ စကားပြောရမည်သာ။

ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာရမှာပေမယ့် အရွယ်ကြောင့် လား။ ကွန်ဒြေကြောင့်လား။ အနားမှ ကေရာဇ်ရှိနေတာကြောင့် လည်း ရွှေပန်းချီအသံက ထိန်းထိန်းသိမ်းသိမ်း။

ချစ်သူကရော မြန်မာ့မြေနင်းမယ်ဆိုကတည်းက အကြောင်းမကြားသင့်ဘူးလား။ သူ ပြန်ရောက်တာ ဘယ် လောက်ကြာပြီလဲ။

၃-နှစ်တာ ခွဲခွာခဲ့ကြရသည့်ချစ်သူ (၂) ယောက်၏ဘဝ ကို ဘယ်အရာတွေက သွေးအေးစေတာလဲ။ ဘယ်အရာတွေက ဝေးကွာစေတာလဲ။

''ကို အခု ထားပါတော့လေ၊ ပန်းချီ့အကြောင်းတွေ ပြောပြပါဦး။ ကိုနဲ့ ဝေးနေရတဲ့ (၃) နှစ်အတွင်း ပန်းချီ့ဘက်က ဘာတွေပြောင်းလဲသွားခဲ့သလဲ။ ကို့ကိုရော အရင်လိုချစ်သေးရဲ့ လား''

ရွှေပန်းချီ အနားမှာ ကေရာဇ်ကို အားနာပါသည်။ စကားပွဲလည်း နီးပြီ။ ယခုပဲ ဇန်နဝါရီကုန်တော့မည်။ မတ်လ ဆန်ဆို သူတို့ဖြေတော့မည်။

ကေရာဇ်ကို အနီးမှာထားပြီး ချစ်သူနှင့် ချစ်စကားတွေ

www.burmeseclassic.com

www.burmeseclassic.com

ပြောနေဖို့အထိတော့ သူမ မရက်စက်နိုင်။

"ကိုရယ် ... ဖုန်းထဲကပြောနေရတာ မဇောင်းပါဘူးနော်။ တွေ့မှပဲပြောကြရအောင် နော်"

"ဒါဆို ကိုတို့ ဘယ်မှာတွေ့မလဲ။ မနက်ဖြန် ကျောင်းမတက်နဲ့တော့။ ကို လာခေါ်မယ်"

"ဘယ်ဖြစ်မလဲ၊ စာမေးပွဲတွေနီးနေပြီ ကို။ မလိုအပ်ဘဲ ပန်းချီ ခွင့်တွေမယူချင်ဘူး"

"ဘာ ... မလိုအပ်ဘူး ဟုတ်လား။ ပန်းချီက ကိုယ့်ကို အရေးမပါတဲ့လူတစ်ယောက်၊ ပန်းချီဘဝအတွက် အရေးမပါဘူးလို့ ဆိုလိုက်တာလား"

"ခက်တော့တာပဲ ကိုရယ်။ ခွင့်မယူပေမယ့် ကျောင်းဆင်းချိန်မှာ ကိုနဲ့စကားပြောရအောင်"

ရွှေပန်းချီ စကားပြောနေရင်းမှ ရပ်သွားရတာ ကေရာဇ်က သူ့ဖုန်းကို ဆတ်ခနဲ လှမ်းယူပြီး ပိတ်လိုက်လို့ပါပဲ။

"ဟင် ကေရာဇ် ... နင် နင်"

"ကျုပ်ကို အနားထားပြီး ဘွားတော်ချစ်သူနဲ့ စကားပြောနေတာ ကျုပ်ကို စော်ကားတာပဲ။ ကျုပ် နှလုံးသားကို စော်ကားလိုက်တာပဲ"

သူ့အသွင်က မျက်နှာတစ်ခုလုံး ရဲတွတ်နေပြီမို့ ဘူ

ပေါက်ကွဲတော့မည်မှန်း ရွှေပန်းချီ သိသည်။ သူဟာ ကိုယ့်ရဲ့ လေးစားအပ်သော လူကလေးတစ်ယောက်ပါပဲ။

"နင်ကလည်း တစ်မျိုး။ ငါတို့နှစ်ယောက် စကားပြောတွေ့ မဖြေလည်ရသေးတဲ့အထဲ၊ နင် စားခုတ်ရာလက်ဝင်လှုံနေရသေးတယ်"

"ဘဲကြီးက မမိုက်ပါဘူးဗျာ။ ဘွားတော်ကို ဝံပုလွေသိုးငယ်ကိုအပြစ်ရှာသလိုမျိုး အပြစ်တွေ လှည့်ပတ်ရှာနေတယ်"

"ယောက်ျားဆိုတာ လိုက်ရင်ပြေးတယ်ဗျ။ လွတ်ထားလိုက်စမ်းပါ"

"ဘွားတော် ... ကျုပ်ကိုတော့ နည်းနည်းလေးစားသင့်တာပေါ့ဗျာ"

"ကေရာဇ်နော် ... နင့်ကိုငါ ဘယ်တုန်းကမှ မမိုးမသားဆောက်ဆဲခဲ့ဘူး။ မဟုတ်တဲ့မျှော်လင့်ချက်တွေလည်း မပေးခဲ့ဘူး။ ဒီမှာ ချစ်သူရှိပါတယ်လို့လည်း ကြေညာပြီးသား"

"ဘာပဲဖြစ်ဖြစ် ကျုပ် ဘွားတော်ကို ချစ်နေတာပဲ။ ဘွားတော် ကျုပ်ကို သံယောဇဉ်ရှိတယ်ဆိုရင် ကျုပ် ရင်ကွဲရမယ့် အပြောအဆို၊ အပြုအမူတွေ ကျုပ်ရှေ့မှာတော့ ရှောင်သင့်တာ ချို့"

"ဟဲ့ ... ငါကလည်း နင့်ကို တမင်ရက်စက်နေတာမှ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တာ။ သူ ဖုန်းဆက်တာကို ငါက ဘာမှပြန်မပြောဘဲ နေရမှာလား။ သူက ငှါချစ်သူလေ။ ငါတို့နှစ်ယောက် မတွေ့ရတာ (၃) နှစ်ကျော်ပြီ''

''လူချင်းမတွေ့လည်း နှလုံးသားချင်း နီးနေကြတာပဲ မဟုတ်လား။ အပိုတွေဟျာ''

''ကောရှဲ ... နင် မသိုရင်လည်း ဘာမှ ဝင်မဆွေးနွေးနဲ့။ ငှါဖုန်းကို နင်ဖြတ်လုလိုက်တာကတော့ လွန်လွန်းပါတယ်။ တုံးတိကြီး ဖြတ်ချတော့ သူ ငှါကို တစ်မျိုးထင်မှာပေါ့''

''ထင်ထင်ဟျာ၊ ကျုပ်ကို အနားထားပြီး ခင်ဗျားတို့ နှစ်ပါးသွားနေ၊ သစ္စာတိုင်နေတာ ကျုပ်အသည်းကို မီးရှို့ခံနေရတာထက် အဖြစ်ဆိုးတယ်ဗျ၊ သိရဲ့လား''

''မသိဘူး၊ ငါကတော့ သူကို ပြန်ဆက်ရမှာပဲ ပေး''

''မပေးတူး၊ ကျုပ်ကွယ်ရာကျမှ ခင်ဗျား ဆက်၊ ကျုပ် ရှေ့မှာတော့ မဆက်နဲ့''

''နင်က ငှါအဖေလား၊ ငှါအဖေတောင် ငှါကို ဒီလောက် မချုပ်ချယ်ဘူး''

ကားပေါ်မှာ သူတို့ (၂) ယောက် စကားများနေကြတာ အုပ်ပြည့်နိုင် လှမ်းမြင်နေရသည်။ နှစ်ယောက်သား နင်ပဲဆတွေ့ပြောနေတာ မြင်ရသည်။

အဲကောင်က ပန်းချီကို တော်တော်လွမ်းပိုးနေပါလား။ တောက် ဘယ်ခြေအနေထိ ရောက်နေပြီလဲ။ တစ်အိမ်တည်း အတူနေတာရယ်၊ ကောင်လေးက ဖွတ်တရွတ်နိုင်တာရယ် ပေါင်းလိုက်တော့ ရလဒ်က မကောင်း။

ရွှေပန်းချီ ကောရှဲကို စိတ်တိုလွန်းလို့ ကားပေါ်မှာပင် ထုရိုက်၊ ကုတ်ဆွဲပစ်လိုက်ချင်သည်။ ကိုယ့်ကွာန္ဒြေကို ထိန်းနေရလို့သာ။

သည်တော့ နှုတ်ခမ်းကိုပြုတ်မတတ်ကိုက်ရင်း လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ရွှေပန်းချီ မျက်ရည်တွေ ကျနေတော့ ကောရှဲရင်ကွဲရသည်။

သို့သော် မမရဲ့ချစ်သူလေသံက အကြောကြီးနှင့်မို့ သူ ဘယ်လိုမှ မကြည်ဖြူ။

ကိုယ့်အတွက်ဆိုသည့် အတ္တထက် မမနှင့်မသင့်လျော်သည့် လူလို့ သတ်မှတ်လိုက်တာမို့ သည်လူရဲ့ အသွင်အပြင်၊ အကျင့်စာရိတ္တတွေ၊ စိတ်ဓာတ်တွေကို သူ လေ့လာရဦးမည်။

သည်ထက်အရေးကြီးတာက (၃) နှစ် (၃) မိုး ခွဲထားရသည့် ချစ်သူတွေမို့ ပြန်တွေ့ကြသည့်အခါ အချစ်နယ်တွေ ကျဲနာန်မှာလည်း ကောရှဲ အလွန်စိုးရိမ်သည်။

သခွပင်က မီးတကျိကျိလို့ပဲပြောပြော၊ မယောင်ရာ

www.burmeseclassic.com

www.burmeseclassic.com

ဆီလူးလို့ပင်ဆိုဆို၊ မမကို သူ ပစ်စလက်ခတ် သဘောမထားနိုင်။

မမက သူ့ကိုယ်သူ ထိန်းသိမ်းနိုင်မည့်ဆိုဦးတော့ ခေတ်ကြီးက ယုံရတာမဟုတ်။

သူတို့ယောကျ်ားလေးတွေဟာ မာယာတစ်သိန်း အပလိန်း အနှစ်နှစ်နှင့် sex ကို နည်းအမျိုးမျိုးနှင့် အငမ်းမရ ဆွဲယူစားသုံးနေကြတာ။

ကျွာက်ခေတ်က မုဆိုးတွေလိုပါပဲ။

ရရာလက်နက်ကိုဆွဲကိုင်ပြီး အပြိုင်အဆိုင် အနိုင်ကြိုနေကြတာ။

သည်မြောင်းပုပ်ရေစီးကြောင်းထဲ မမကို သူ အပါမခံနိုင်။

"ကဲ ... ငိုမနေနဲ့။ ရော့ ... ဖုန်းပြော၊ ဒါပေမဲ့ စပီကာဖွင့်ပြောရမယ်"

"ဟဲ့ ... ချစ်သူချင်းစကားပြောတာ နင်က နားထောင်နေချင်ရသလား။ ပြီးတော့ ငါ့ကို ဘာမဆိုင် ညာမဆိုင် ပြဿနာရှာဦးမယ်"

"မရှာဘူး၊ မမ လက်မထပ်ရသေးဘဲ နစ်မွန်းသွားမှာ ကျုပ်မခံနိုင်ဘူး"

"သူစိတ်ဓာတ်က အဲလိုမဟုတ်ပါဘူးဟယ်"

ချစ်သူဘက်မှ ရွေပန်းချီ ကာကွယ်ပေးပေမယ့် လေသံက မတင်းနိုင်ရှာ။ လူဆိုတာ လူစိတ်ဆိုတာ အမျိုးမျိုးပြောင်းလဲတတ်တာမို့ (၃) နှစ်အတွင်း သူရော ဘာတွေပြောင်းလဲခဲ့ပြီလဲ။

သူ့စိတ်တွေဟာ အဆိုးဘက်ကို ရွေ့သလား။

အကောင်းဘက်ကို ရွေ့သလား ... မသိ။

ဇကရာဇ်ကလည်း လူငယ်ပေမယ့် အကြား အမြင် ဗဟုသုတက မငယ်။

သူကိုယ်တိုင်ကိုက ဂျစ်ပစီ။ ဂျပစီ အပေအတေဘဝမှာ နစ်မွန်းခဲ့သေးတာမို့။

"မမ လောကအကြောင်း ယောကျ်ားတွေအကြောင်း ဘယ်လောက်နားလည်လို့လဲ။ ခုခေတ်က နည်းပညာတွေ မြင့်မားလွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် ဘာမှန်းသိလိုက်ရမှာမဟုတ်ဘူး။ အဲဒီလို ချစ်သူတွေကပဲ ဒုက္ခပေးနေကြတာ။ ရိုင်းရိုင်းပြောရရင် ခုခေတ်ကောင်တွေက sex ကိစ္စအတွက် ပြည့်တန်ဆာတွေဆီ မသွားကြတော့ဘူး။ ချစ်သူတွေ တစ်ယောက်ပြီးတစ်ယောက် ထားလိုက်ရုံပဲ"

"ဟယ်"

"အာမေဍိတ်သံတော့ ကြားနေနဲ့။ ကျုပ်ပေါင်းနေတဲ့ ကောင်တွေဆို အဲလိုတွေချည်းပဲ။ အဲလိုနည်းနဲ့ စားနေကြတာ"

www.burmeseclassic.com

www.burmeseclassic.com

''ဒါကြောင့် ဘွားတော် ဘယ်သူမှ လျှော့မတွက်နဲ့။ ခံသွားရလိမ့်မယ်။ ကျုပ်ရှေ့မှာပဲ ပြော။ ကျုပ်ကတော့ ဘွားတော်ကို လိုက်ပြီးစောင့်ရှောက်ရမှာပဲ။ ကျုပ်ဘဝမှာ ဘွားတော်လောက် ဘယ်အရာမှ အရေးမကြီးဘူး''

ဖုန်းကို ပြန်ထိုးပေးရင်း ကောရဖ်ပြောနေတော့ ရွှေပန်းချီ ခေါင်းခါလိုက်ပါသည်။

''အိမ်ရောက်မှ ပြန်ဆက်တော့မယ်''

''ဘွားတော် ဘာပဲလုပ်လုပ် ကျုပ်ကိုတော့ မောင်ဘွားတစ်ယောက်လို အသိပေးပါ။ ယုတ်စွအဆုံးဗျာ ခင်ဗျားတို့ ချိန်းတွေ့ရင်တောင် ကျုပ်ကိုအဖော်ခေါ်ပါ။ တစ်ယောက်တည်း အရဲကိုး၊ အယုံလွန်ပြီး သွားမတွေ့ပါနဲ့။ ကျုပ် စိတ်မချဘူး''

''နင်နဲ့ဘာဆိုင်လို့လဲ''

''မသိဘူးဗျာ၊ ဘွားတော်ရဲ့ဘဝလေးကို မညစ်မနွမ်းစေချင်ဘဲ ထာဝရ ဖြူစင်သန့်ရှင်းတဲ့ပန်းလေးတစ်ပွင့် ဖြစ်နေစေချင်တာ ကျုပ်ရဲ့အဆုံးစွန်သော ဆန္ဒပဲ''

ကားမောင်းထွက်လာခဲ့ပြီမို့ မကြာမီ အိမ်သို့ ပြန်ရောက်ခဲ့ပါသည်။

အခန်း (၂၃)

ယူနီဖောင်းနှင့်ဆို သိက္ခာကျမည်၊ အဝတ်လဲပါဆိုလို့ ကျောင်းလာကတည်းက အပြင်ဝတ်စုံတစ်စုံ ယူခဲ့ရသည်။

ကောရဖ်ရဲ့ အစီအမံပါပဲ။

သူဟာ ကိုယ့်ကိုလိုက်ပြီးကျုပ်နေတယ်ဆိုပေမယ့် ကိုယ့်ကောင်းကျိုးအတွက် လိုလားသူမို့ ရွှေပန်းချီ လိုက်နာရပါသည်။

ကျောင်းဆင်းသည့်နှင့် အပြင်ဝတ်စုံလေးလဲခါ ရွှေပန်းချီ ကျောင်းပြင်သို့ ထွက်ခဲ့သည်။ သည်ညနေ အုပ်ပြည့်နိုင် လာမည်ဟု ဆိုသည်။ တစ်နေရာမှာ စကားပြောမည်။ ရွှေရေး၊ နောက်အရေးတွေ ဆွေးနွေးမည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဇကောဖ်က အိမ်ကိုပဲလာပြောပါလို့ ပြောခိုင်းပေမယ့် သူမ အိမ်ရှင်တွေကို လေးစားရမည်။ ကိုကိုလည်း အားနာမိပါသည်။

ရွှေပန်းချီနှင့် အုပ်ပြည်နိုင်ဟာ ချစ်သူအရင်းခေါက်ခေါက် ကြီးတွေပေါ့။

သို့သော် ခေတ်ရေစီးကြောင်း မြောင်းပုပ်ထဲက ချစ်သူတွေများတော့မဟုတ်။

ရွှေပန်းချီဟာ ဗိုင်းကောင်းကျောက်ဖိုကြီးပြင်းခဲ့တာရယ်၊ ဖတ်ရသည့် စာပေတွေရယ်၊ မြင်နေရသည့် ချစ်ဇာတ်လမ်းတွေ၊ ကြားနေရသည့် ချစ်ဇာတ်လမ်းတွေရယ်ကြောင့် သူမဟာ ကဲသည်၊ သည်းသည့်အတွဲတွေထဲမှာ မပါ။

ပြီးသူမသည် ပညာရေးတက္ကသိုလ်ကျောင်းသူကြီး၊ ကလေးတွေရဲ့ ဆရာမ၊ အနာဂတ်လူငယ်လေးတွေရဲ့ဆရာမ လုပ်မည့်သူမို့ ခေတ်နောက်ကျတယ်ပြောပြော

ကိုနှင့် တစ်ခါမှ လွတ်လပ်စွာ ချိန်းမတွေ့ခဲ့ပါ။ သည်လိုပဲ အဆောင်မှာ လာတွေ့၊ ဖုန်းပြော၊ သူကို လေယာဉ်ကွင်းလိုက်ပို့။

(၃) နှစ်တာခွဲခွာပြီးကြတော့ ယခု ပြန်တွေ့ရမှာ ပင်ငြီးဆုံးအကြိမ်။

ဖုန်းတွေထဲမှာ ချစ်စကားတွေ ကြားရ ပြောရခဲ့ပြီမို့ မစိမ်းကြပေမယ့် အပြင်မှာ နဖူးတွေ့၊ ဒူးတွေ့ တွေ့ရမှာ ရွှေပန်းချီလည်း ယန္တိပါသည်။

(၃) နှစ်အတွင်း ကို အတော်များတွေ စုံလာလေမလား။ ရက်ပေါင်း (၁၀၀၀) ကျော်ဆိုတာ နည်းတာမဟုတ်။

သူ စိတ်ဆိုးမှာစိုးလို့ သူခေါ်ရာလိုက်စကားပြောပါမည်လို့ ပြောပြီးခါမှ ရွှေပန်းချီ အကြောက်တွေလွန်ကာ နေမထိ ထိုင်မသာ။

အမှုအယာတွေမှုန်ပြီး တုန်တုန်လှုပ်လှုပ် ဖြစ်နေသည့် ရွှေပန်းချီ့ကို ကောဖ်က အမိဖမ်းခဲ့တာပါပဲ။

ညက သူ့ကို ဂိုက်လုပ်ပေးရင်း အမှုအယာပျက်နေသည့် သူမကို ကောဖ် အကဲခတ်၊ ငေးကြည့်နေခဲ့သည်။ အချိန်ကုန်ခါနီးကျမှ သူက အရွယ်နှင့်မလိုက် တည်ငြိမ်စွာပင် တောင်းဆိုခဲ့သည်။

"မမကို ကျွန်တော် ချုပ်ချယ်တာ၊ ကျပ်တာ မဟုတ်ပါဘူး။ မမ ကျွန်တော့်ကို လူရင်းထားပြီး အရာရာဂိုင်ပင်နိုင်ပါဆယ်။ တကယ် သံယောဇဉ်ထားတယ်ဆိုရင်ပေါ့"

"နင်ကလည်းဟယ်၊ ငါ စိတ်ညစ်နေတာ"

"ပြောလေ ... ဘာလဲ အောက်စောင့်လိုတာလား။

www.burmeseclassic.com

www.burmeseclassic.com

အပေါ်စောင့်လိုတာလား''

''ကြည့်စမ်း ... ကြည့်စမ်း ပြောချလိုက်တာ ငါက အဲလိုအစားလား''

''ဒါဖြင့် ဘယ်လိုအစားလဲ။ တည်းခိုခန်းတော့ မလိုက်ဘူး။ ဟိုတယ်မှလိုက်မှာလား''

''ကောရာဇ် ... သွား နင့်ကိုမုန်းတယ်။ နင် ငါ့သိက္ခာကို စော်ကားတယ်။ ငါ့ကို မလေးစားဘူး''

ကုလားမနိုင် ရခိုင်မဲ ရွှေပန်းချီ ငိုချမိတာ စိတ်တွေ ထွေပြားလွန်းလို့ပါ။

ကိုက မနက်ဖြန် ကျောင်းဆင်းချိန်လာခေါ်မတဲ့။

''စားသောက်ဆိုင်တစ်ခုခုမှာ ထိုင်ပြီးစကားပြောကြမယ် နော်''

သူမက အောက်လိုင်းပေးတော့ ဖုန်းထဲမှာ ကိုအသံက သံသယအပြည့်နဲ့ပဲ။

''ဘာလဲ ... ပန်းချီက ကိုကိုတောင် မယုံတော့ဘူးလား။ စားသောက်ဆိုင်ဆိုတော့ ဆူတာပေါ့။ အေးအေးဆေးဆေး စကားပြောလို့ရမယ့်နေရာ။ စိတ်ချ ပန်းချီကို ကို တစ်နပ်စာ မကြေဘူး၊ ရာသက်ပန် ရိုးပြေကျ ရည်စူးတာ။ ဘာမှ တွေးဉီးပူပန်မနေနဲ့''

ကို ရွှေပန်းချီကို ဘယ်ခေါ်သွားမှာလဲ။

ချစ်သူချင်းမို့ ယုံကြည်ရသည်ဆိုပေမယ့် ရွှေပန်းချီ အရဲမကိုးချင်ပါ။

ခေတ်ကြီးကိုက တော်တော်မကြားဝံ့ မနာသာတွေများနေသည့်ခေတ်။

အရွယ်သုံးပါးမရွေး သောင်းကျန်းနေကြတာ။

ချစ်ခြင်းမေတ္တာဆိုသည့် အပေါ်ယံအချိုကော်လေးအုပ်ပြီး အတွင်းမှာ sex တွေနှင့် ပွက်ပေါက်နေကြတာ။

သည်တော့ ရွှေပန်းချီကြောက်တာပေါ့။

ကိုယ့်ရဲ့ချစ်သူ ကိုကလည်း ကျပန်မှာ (၃) နှစ်ကျော် နေလာခဲ့ပြီး ဘာတွေ အမြင်ကျယ်၊ ဘာတွေပြောင်းလဲ တိုးတက်လာမည်မသိ။

ရွှေပန်းချီမှာ ဆုပ်လည်းစူး၊ စားလည်းရူး ပဒိုင်းသီးစားရမည့်သူလို။

သည်အချိန်မှာ ဇကရာဇ်ကလည်း ကျောင်ပြီး ပက်ပက်စက်စက်တွေ လာပြောနေတော့ ရွှေပန်းချီ ကုလားမနိုင် ရခိုင်မဲ မီတာမလွန်။

ရွှေပန်းချီ မျက်ရည်ကျပြီး ကိုယ့်အခန်းဆီထွက်သွားဖို့ ပြင်တော့ ဇကရာဇ် သူမကိုဆွဲထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"မမ ဘာတွေ ခံစားနေရသလဲ၊ ပြော။ ကျွန်တော့်ကို ကလေးဆိုပြီး အရာမသွင်းဘဲ မနေပါနဲ့ဗျ။ ကျွန်တော် အကြံပေးနိုင်ပါတယ်။ မမ စိတ်ထဲမှာ ဒီကောင်ကတော့ ငါ့ကို အသေကြိုက်နေတယ်။ ငါတို့ချစ်ခြင်းကို ဖျက်ဆီးလိမ့်မယ်။ ဖြိုခွဲလိမ့်မယ်လို့ မတွေးပါနဲ့၊ မထင်ပါနဲ့။ ကျွန်တော် မမကို ကိုယ့်အစ်မ တစ်ယောက်လိုလည်း သဘောထားပြီး မဖြစ်သင့်တာမဖြစ်အောင် ကာကွယ်ပေးသွားချင်တာပါ"

"ချစ်သူဆိုပေမယ့် အနိုင်အထက်ပြောဆိုမှာ၊ အနိုင်အထက် ပြုကျင့်မှာတွေ မမကို မခံစားစေချင်ဘူး။ အိုဗျာ ... မမ သူနဲ့လက်ထပ်မယ်ဆိုရင်တောင် လက်ထပ်မယ့်နေ့ လက်ထပ်တဲ့နေ့အထိ မမရဲ့ဘဝလေးကို သန့်စင်အောင် ကျွန်တော် ကာကွယ်စောင့်ရှောက်ပေးချင်တယ်"

"အိုးကမပူ စလောင်းကပူတယ်လို့ပဲ ပြောချင်ပြောတော့ သခင်ရင်ထက် သူခိုးက နှမြောတယ်ပြောလည်းခံမယ်။ မမကို မမချစ်သူနဲ့တောင် စိတ်မချနိုင်တာ ကျွန်တော့်ရဲ့အဆီးအတားမဲ့ စေတနာတွေပါ"

အံကိုတင်းတင်းကြိတ်ပြီး ကေရာဇ်ပြောပြနေတော့ ရွှေပန်းချီ သူ့စေတနာကို အလေးထားမိပြီး ရင်ထဲမှာ နင့်ခနဲ။

"ပြောပါ မမကို သူ ဘယ်ကိုချိန်းသလဲ"

"ဘယ်ခေါ်သွားမယ်တော့မသိဘူး။ ညနေ ကျောင်းဆင်းရင် လာခေါ်မယ်။ သူက မနက်ဖြန်ခွင့်မယူလို့တောင် ငါ့ကို စိတ်ဆိုးနေတာ။ (၃) နှစ်လုံးလုံး ခွဲနေရတဲ့ ချစ်သူကို စိတ်မဝင်စားလို့တဲ့"

"ယောကျ်ားတွေက ကိုယ့်အတွက်ကိုပဲ ကိုယ်ကြည့်ကြတယ်။ တစ်ဖက်ကို မတွေးပေးဘူး"

"နင်လည်း ယောကျ်ားပဲလေ။ သိမ်းကြုံးမပြောစမ်းပါနဲ့ဟာ"

"ဟား ... ကျွန်တော်က ယောကျ်ားပေမယ့် ခင်ဗျားကို သေလုမတတ် မြတ်နိုးတွယ်တာမိလို့ သမီးမွေးထားတဲ့အဖေလို ဟုန်းခနဲ ရင့်ကျက်သွားပြီဗျ။ ခင်ဗျားအတွက် ကျုပ် အနေမဖြောင့်၊ အသက်ရှူမဖြောင့်။ အိုဗျာ သေရင်တောင် အသေဖြောင့်မှာ မဟုတ်ဘူး။ ခင်ဗျားသိလား"

"အရေးထဲဟာ ... နင်ကတစ်မျိုး"

"ဆောရီး ... ကျုပ်က ပွဲလန့်တုန်းဖျာခင်းတတ်တဲ့ လူစားမဟုတ်ပါဘူး။ ပွဲကလည်း မလန့်ပါဘူး"

"ပြော ခင်ဗျား တစ်ခုခုကို မထွေးနိုင် မမြိုနိုင် ဖြစ်နေပြီဆိုတာ ကျုပ်သိတယ်။ တကယ်ဆို သူ ဘယ်ခေါ်သွားမယ်မှန်း မသိရင် ခင်ဗျား ငြင်းသင့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါတို့ တွေ့ကိုတွေ့ရဦးမယ်။ သမိုင်းပေးတာဝန်အရ (၃) နှစ်ခွဲနေရတဲ့ ချစ်သူနဲ့ ငါ စကားတွေ ပြောရဦးမယ်။ ရှေ့ရေးတွေ တိုင်ပင်ရဦးမယ်"

"မည်သို့ပင်ဖြစ်စေပေါ့ ဟုတ်လား"

"အဲလိုလည်း ဘယ်ဟုတ်မလဲ။ လူမြင်လို့ သင့်တော်မယ်၊ သိက္ခာရှိမယ့်နေရာကိုပဲ ငါရွေးမှာပေါ့"

"ဒီလိုနဲ့ပဲ အမျိုးကောင်းသမီးတွေ ဘဝမှာ စုန်းစုန်းမြုပ် သွားကြရတာ ဒုနဲ့ဒေးပဲ"

"ငါ့ကို နင် ဘယ်လိုကူညီနိုင်မလဲ ပြော"

"စောစောကတည်းက မေးရမှာ။ မမဘဲကြီး သွားရာ နောက်ကို ကျွန်တော် လိုက်မယ်။ တစ်ခုခုဆို ကျွန်တော့်ကို ဖုန်းနှိပ်လိုက်။ ဘာမှ မပြောနိုင်တောင် ဖုန်း နှိပ်လိုက်ဗျာ။ အဲဒါဆို ကျွန်တော် သဘောပေါက်လိုက်မယ်။ တစ်ခုပဲရှိတယ်။ ဖုန်းတောင်မနှိပ်နိုင်တဲ့ဘဝမျိုးရောက်မသွားပါစေနဲ့လို့ ကျွန်တော် ဆုတောင်းပေးပါတယ်"

"နင်ကလည်း ပြောလိုက်မှာဖြင့် အလွန်အကျွံပဲ"

"ခေတ်ကြီးက မလွယ်ဘူးလေ။ အချိုရည်ထဲလည်း ဆေးခပ်နိုင်တယ်။ အစားအသောက်ထဲ ရေထဲလည်း ဆေးခပ်နိုင်တယ်"

"သေဆေးလား"

"သေဆေးထက်ဆိုးတဲ့ စိတ်ကြွဆေးတွေ၊ ရမ္မက်ကြွဆေးတွေ။ မိန်းကလေးကိုယ်တိုင်က စိတ်ပါပြီး"

"တော် ... တော်ပါတော့ဟယ်။ နင် နင် အဖော်လိုက်ခဲ့ပါလားဟင်"

ကိုယ့်ချစ်သူရဲ့ အနေအထားကို မသိရသေးသည်မို့ ရွှေပန်းချီ အကြောက်တွေလွန်ခဲ့ပါ၏။

"ကောင်းပြီ ... ကျုပ် မိန်းမလိုဝတ်ပြီး ဘွားတော်ကို လိုက်စောင့်ရှောက်ပေးမယ်။ ဘွားတော်တို့ အနားမကပ်ပါဘူး။ ခပ်လှမ်းလှမ်းက စောင့်ပေးမယ်"

"အဖော်ပါတော့ တော်သေးတာပေါ့။ သူကတော့ စိတ်ဆိုးမှာပဲ"

"ဘာဆိုးစရာလိုသလဲဗျာ။ (၁၆) နှစ်သမီးလေး ချစ်သူနဲ့ ချိန်းတွေ့တာမျိုးမှ မဟုတ်တာ။ ချစ်သူကို ကြောက်သင့်မှ ကြောက်ပါ။ အလွန်အကျွံကြောက်ရင် ဘွားတော်ပဲ ခံသွားရလိမ့်မယ်"

ညက စည်းဝါးကိုက်ထားခဲ့တာတွေကို ပြန်ပြီး သတိရရင်း ရွှေပန်းချီ သူတို့ကားတွေအလာကို စောင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

လှုပ်နေပါသည်။

သူ ကိုယ့်ကားထဲမှ ရွှေပန်းချီကို ငေးကြည့်နေတာ။ သည်စဉ် အုပ်ပြည့်နိုင်၏ကား ရောက်လာပြီး အောက်သို့ ဆင်းလာခဲ့သည်။

"ဟင်း"

ကေရာဇ် သက်ပြင်းချမိတာမလွန်။ အုပ်ပြည့်နိုင်ရဲ့ဒီဇိုင်းက ခပ်လန်းလန်း။ မိန်းကလေးအများစု ကြိုက်တတ်ကြသည့် ပုံစံ။ ခပ်မိုက်မိုက်။

လူကလည်း လူချော။ အဲ ကြမ်းနေတာပဲရှိသည်။ ဆံပင်ကို နောက်မှစည်းထားပြီး ဝတ်ပုံ၊ စားပုံကအစ စမတ်။

ကားကတော့ တက္ကစီ ဆွဲစားတတ်ကြသည့် ခပ်ညံ့ညံ့ကား။ ကေရာဇ်လို အမြင့်စား၊ အကောင်းစားကားမဟုတ်။

အုပ်ပြည့်နိုင်၏ကားနှင့် သူ့ကားက နီးနီးမို့ သူ မမတို့ စကားပြောတာ ကြားရ၊ မြင်ရပါသည်။

"ကို"

"ပန်းချီ ... လာ ဒီကားက ကို ဝယ်လိုက်တာ။ ဒီတစ်ခေါက်ပါလာတဲ့ငွေနဲ့ ဝယ်လိုက်တာလေ။ ကို အပြင်ပြန်မှာက် တော့တူး။ ဒီမှာပဲ တက္ကစီမောင်းတော့မယ်"

"ကိုကလည်း ပညာတွေ နှမြောစရာ။ ကဲပါ ...

အခန်း (၂၄)

ပန်းနုရောင် ကချင်ဝမ်းဆက်အသားပျော့ပျော့လေးနှင့်မို့ ရွှေပန်းချီအသွင်က အထူးယဉ်ကျေးလှပနေ၏။ ဖြူစင်ဝင်းနုသော အသားအရေနှင့် ကိုယ်လုံးလေးက ကျော့ရှင်းနေသလို မျက်နှာနုနုလေးက စိုးရွံ့ထက်သန်မှုတို့နှင့် ဝင်းဝင်းပပ။

မိန်းကလေးလိုဆိုပေမယ့် ကေရာဇ်အသွင်က ခေတ် ရှေ့ပြေးသည့် ကောင်မလေးဒီဇိုင်း။ ဘောင်းဘီအရှည်ကဆွဲသား။ အပေါ်မှ ရယ်ဒီမိတ်က ခပ်ဖားဖား။

မျက်မှန်အဝိုင်းကြီးကိုတပ်ပြီး ဆံလင်းဘက်ကိုလွယ်ထား တော့ ဖိတ်ကပ်မျက်နှာနှင့် ပေါင်းစပ်ပြီး ကေရာဇ် တော်တော်

www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ တိုင်ပင်ရဦးမှာပေါ့။ ပန်းချီမှာ အဖော်ပါလာတယ်ကို။ အပြန်ကျ, အဆင်ပြေ''

သူမစကားပင်မဆုံး။ အုပ်ပြည့်နိုင် ဒေါသဖြစ်သွားပုံက မြွေဟောက်ကို ပါးပျဉ်းနင်းမိသည့်နှယ်။

''ဘာ ... အပြန်လည်း ကိုလိုက်ပို့ပေးမှာပေါ့။ ပန်းချီနော် မင်းလုပ်ပုံတွေ မဟုတ်တော့တူး''

''မဟုတ်ပါဘူး ကိုရယ်။ သူက ပန်းချီနေတဲ့လမ်းထဲက ဆိုတော့ ကို လိုက်ပို့ရသက်သာအောင်လို့ပါ။ သူကားနဲ့သူလိုက်မှာပါ''

ရွှေပန်းချီ ကြားချင် မြင်ချင်တာက ချစ်သူဟာ သူမကို မြင်မြင်ချင်း ဝင်းလက်သော မျက်လုံးများနှင့် ရွှန်းရွှန်းစားစား ကြည့်ကာ ချိုသာကြည်မြသော စကားတွေ ပြောစေချင်တာပါ။

ပုံစံကြည့်ရတာ ကို ရွှေပန်းချီကို တစ်နေရာရာမှ စောင့်ကြည့်ပြီး သတင်းတွေလည်း ကြားပြီး မဖွယ်မရာ အလိုလို ဒေါသတွေ ကြီးနေတာဖြစ်ရမည်။

သူပုံက ယခုမှ စမြင်ရသလိုမဟုတ်။

ရွှေပန်းချီကတော့ ကို့ကို စပြီးမြင်လိုက်ရသည့်အခါ မှန်တာပြောရလျှင် လန့်သွားပါသည်။ သူမနှင့်မခွဲခင် (၃) နှစ်ကလို လူယဉ်ကျေးလေးမဟုတ်တော့ဘဲ။

အရာရာကို တတ်သိ၊ နှံ့စပ်ပြီး ဒေါသဦးစီးနေသည့်ရုပ်။ နောက်တော့ ရွှေပန်းချီကိုလည်း အထင်သေး အမြင်သေးပုံစံ။ ဝတ်ပုံ၊ စားပုံကအစ ခပ်မိုက်မိုက်ဆိုပေမယ့် လူတစ်ကိုယ် အကြိုက်တစ်မျိုးရယ်ပါ။

ခေတ်ကောင်မလေးတွေက တော်တော်လန်းသည့် ဘဲကြီးဆိုပြီး ကြွေသွား ခိုက်သွားနိုင်ပေမယ့် သူမကတော့ ယဉ်ကျေးသိမ်မွေ့၊ နူးညံ့တာကိုမှ နှစ်သက်ပါသည်။

ယခုလို ခေတ်လွန်အဆင်အပြင်တွေကို မကြိုက်ပါ။ တက်တူးတွေလည်း အများကြီးနှင့်။

လူတစ်ယောက်၏စိတ်ဓာတ်ဟာ ဝတ်စားဆင်ယင်ပုံနှင့်လည်း အနည်းနှင့်အများ ဆိုသလို သက်ဆိုင်မှာပါပဲ။

သူ ဘယ်လောက်ပဲ စိတ်ဆိုးဆိုး ရွှေပန်းချီ ကောရင်ကို ကောရီဟခေါ်ကာ လိုက်ခိုင်းလိုက်တာပါပဲ။

''ကောရီရေ မမနောက်လိုက်ခဲ့မှာမလား''

''ဟုတ်''

အုပ်ပြည့်နိုင်ကတော့ ဒေါသတွေကို အတင်းပြန်မျိုချနေရ၏။ ဘာစကားမျှ မပြောတော့။

''တက်''

ရွှေပန်းချီ သူကားထဲ ဝင်ထိုင်လိုက်ရပါသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com

ထိုင်ပြီးသည်နှင့် သူ ကားကိုမောင်းထွက်လိုက်ပုံက မြန်လွန်းလို့ ရွှေပန်းချီ ထိတ်လန့်ရတယ်။

"ကို မောင်းနိုင်ပါတယ်။ သေတော့လည်း (၂) လောင်း ပြိုင်ပေါ့ကွာ"

"အလကားနေရင်း ဘာလို့ သေရမှာလဲ ကို။ ဖြည်းဖြည်းမောင်းပါ"

"အေးပါ"

တကယ်က အုပ်ပြည့်နိုင် နောက်ကြ ရွှေပန်းချီအဖော် ကောရီဆိုတဲ့ကောင်မကို မျက်ခြည်ဖြတ်ချင်လို့ပါ။

ယခုခေတ်က ယုံရတာမဟုတ်။ ကောရီပုံစံက boy ဆန်သည်။ ယောကျ်ားစိတ်ကြီးလားမသိ။ ကေန္တ ပန်းချီနှင့် လိင်တူချစ်သူတွေလားပင်မသိ။

သူ ကိုယ့်အစ်မသွေးထိုးထားတာရယ်၊ ကောရီပုံစံရယ် အပြင် ပန်းချီကလည်း သူ့ကို ဆက်ဆံတာ ဟက်ဟက်ပက်ပက် မရှိဘဲ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသည်ဟု ခံစားနေရသဖြင့် လူက အလိုလို ဒေါသထွက်ချင်ချင်။

ပန်းချီဟာ နဂိုကတည်းက နူးညံ့သိမ်မွေ့၊ အရွက် အကြောက်ကြီးသည့်ပုံစံလေးပါပဲ။ သူကလည်း ဒါကိုပဲ အသည်း စွဲခဲ့တာ။

သို့သော် ချစ်သူနှင့် ပထမဆုံးပြန်တွေ့သည့်အခါ သည့်ထက် နွေးထွေးရမည်။ ရုပ်ရှင်ထဲကလို ပြေးမဖက်တောင်မှ ချစ်ရည်ရွှန်းသော မျက်ဝန်းများနှင့် ပျော်ဝင်ညွတ်နူးရမည် မဟုတ်ပါလား။

ခုတော့ သူကိုကြည့်သည့်အကြည့်က အသက်ခံရမည့် သမင်မ မုဆိုးကို ကြည့်သလိုမျိုး။ တွေ့မယ် သင်းတော့ ပညာပါးပါးလေးပြရမည်။

ရွှေပန်းချီကိုရော သူ့ရဲ့ယောကျ်ားလျာမကိုရော။ အုပ်ပြည့်နိုင် ကားကို အရှိန်မြှင့်ပြီး ကောရီကို မျက်ခြေဖြတ်ဖို့ ကြိုးစားသည်။

သို့သော် နောက်မှကောရာဇ်ကလည်း အထာတွေကို ပေါက်သည်။ ဘဲကြီးရယ် ကျုပ်က ဂျလေပီ၊ အပေအတေပါဗျ။ ကားကို (၁၄) နှစ်သားအောက်ကတည်းက ခိုးမောင်းလာခဲ့တာ။

တစ်နိုင်ငံလုံး ပတ်မောင်းပြရမလား ပြော။ ကိုယ်ပိုင် ရှိုင်ကားတောင် ဒယ်ဒီ မောင်းခွင့်ပိတ်ထားလို့။

ဘဲကြီး ဘယ်လိုပင် ပညာပြပြ ကောရာဇ် နောက်မှ အေားဆေးလိုက်နိုင်သည်။

ရှေ့မှကား ဟိုတယ်တစ်ခုဝင်သို့ ဝင်သွားတော့ ကောရာဇ် ဆိုက်လိုက်တာအလွန်။

www.burmeseclassic.com

www.burmeseclassic.com

အေးလေ စားပွဲတစ်ခုခုမှာထိုင်ပြီး ရှေ့ရေးတွေ ဘာတွေ ဆွေးနွေးချင်လို့ ဖြစ်မှာပေါ့။

အခန်းတစ်ခုခုထဲ ခေါ်သွားလို့ကတော့ အဲသည်အခန်းထဲ မဝင်မီ အခန်းဝမှာပင် ဘဲကြီးကို မျက်နှာတစ်ခုလုံး ပြုတ်ထွက်သွားအောင် သူ ထိုးကြိတ်ပစ်လိုက်သည်။

ကေရာဖ်ဆိုတဲ့ကောင်က ဘောက်ဆင်လည်းပလေးခဲ့သည့် အပျော်တမ်း လက်ဝှေ့သမား။ အပျော်တမ်း ကီလားတစ်ယောက်ပါ။

သူလို အပေအတေတစ်ကောင်၊ အော့ကြောလန် တစ်ကောင်ကတောင် မမကို ပန်းလေးတစ်ပွင့်လို တယုတယ မြတ်နိုးကိုးကွယ်နိုင်ပါလျက် –

ကိုယ့်ချစ်သူဆိုတာနှင့် ပါမစ်ရသလို အသုံးချချင်သည့် ဂျပန်ပြန်ဘဲကြီးအား ကေရာဖ် စိတ်ထဲမှ လက်သီးစာကျွေးနေမိတာ အမှန်ပင် ဖြစ်လုမတတ်။

သူတို့သွားရာနောက်သို့ ကေရာဖ် လိုက်တာပါပဲ။

သူတို့နှစ်ယောက် စားပွဲတစ်ခုမှာ နေရာယူသလို ကိုယ်လည်း စားပွဲတစ်ခုမှာ နေရာယူသည်။

မမရေ သတိ။

ဂျပန်ပြန်ဆိုပြီး အထင်မကြီးလိုက်ပါနဲ့ဟု။ သူ (၃) နှစ်

ရှာလာတဲ့ပိုက်ဆံဟာ ကေရာဖ်ဆိုတဲ့ကောင် (၃) လဖြုန်းပစ်နိုင်ပါတယ်။

ကေရာဖ် လိမ္မာနေပါပြီ။

ရှေ့လျှောက်ပြီး တကယ့်ကိုကြိုးစားတော့မှာပါ။ ဒယ်ဒီ့အလုပ်တွေကို လေ့လာပြီး ဒယ်ဒီ့ခြေရာကို နင်းမှာပါ။

မမသာ ကျွန်တော့်ဘဝကိုလက်ခံပြီး ပဲ့ကိုင်မောင်းနှင်မယ်ဆိုရင်ပေါ့။

ရွှေပန်းချီမှာလည်း အုပ်ပြည့်နိုင် ဟိုတယ်ထဲ ကားမောင်းဝင်လိုက်ကတည်းက မျက်စိမျက်နှာပျက်လျက်။ သို့သော် ဟန်ကိုယ့်ဖို့ပေါ့။

သူက စားပွဲတစ်ခုမှာပဲ နေရာယူသဖြင့် ရွှေပန်းချီသက်ပြင်း ကြိတ်ချရသည်။ အချိန်ကတော့ ညနေ (၅) နာရီ။ ကျောင်းဆင်းကတည်းက (၄) နာရီမှလေ။

ကေရာဖ်ကို စားပွဲတစ်ခုမှာ ထိုင်နေတာ လှမ်းမြင်ရသဖြင့်သာ ရွှေပန်းချီ နေသာထိုင်သာ ရှိသွားရတာ။

''ပြော ... ကို ပန်းချီတို့အတွက် ဘာတွေ စီစဉ်ထားသလဲ''

ရွှေပန်းချီမေးတော့ သူက ပန်းချီကို အရင်မေးမြန်းစုံစမ်းစစ်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမေးတာ အရင်ဖြေ။ ပန်းချီသတင်းတွေကမကောင်းဘူး"

"ပန်းချီ ဘာဖြစ်နေလို့လဲ ကို"

"ကောင်လေးတစ်ယောက်နဲ့ တတွဲတွဲဖြစ်နေရတာ။ ပြီးအဲဒီကောင်လေးရဲ့အိမ်မှာနေတာ။ လူတွေက ပန်းချီကို အပျို မဟုတ်တော့ဘူး။ အဲကောင်လေးနဲ့ ညားနေတယ်လို့တောင် စွပ်စွဲနေကြတာ"

"ရှင်"

တကယ်က အုပ်ပြည့်နိုင် စိတ်ဆာဆာနှင့် ပြောပစ်လိုက်တာပါ။ လူတွေဆိုတာလည်း သူအစ်မတစ်ယောက်ကသာ ပက် ပက်စက်စက် စွပ်စွဲနေတာပါ။

သို့သော် သူအပြောက ပက်စက်လွန်းသဖြင့် ဖြူစင်သည့် အပျိုစင်လေးအတွက် လိပ်ပြာလွင့်စဖွယ်။ စွပ်စွဲချက်ကြီးက မကြားဝံ့ မနာသာ။

ရွှေပန်းချီ မျက်နှာလေးရဲတွတ်သွားပြီး ပါးစပ်လေးဟကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာမိတော့ပြီ။

"ဆောရီး ... ကိုစကားပြော လောသွားတယ်။ ဘယ်သူတွေ ဘာပြောပြော ကို ပန်းချီ့ကိုယုံပါတယ်။ ပန်းချီကလည်း ကို့ကို ယုံတယ်မဟုတ်လား"

သူမ ခေါင်းညိတ်မိလေသလား။ မျက်ရည်တွေနှင့် ပူလောင်နေရသည့်ဘဝဟာ အချစ်တဲ့လား။

"ကို အမြဲနှစ်ဆုံး တိုက်ခန်းငှားလိုက်မယ်။ ပြီးရင် ပန်းချီ့ကို အမြဲနှစ်ဆုံးလက်ထပ်မယ်။ ကို့ကိုယုံတယ် မဟုတ်လား"

ရွှေပန်းချီ ရှက်ရွံ့ပူထူနေတာမို့ ဘာမှန်းညာမှန်းပင် တွေးမရတော့။ ခေါင်းချည်း ညိတ်မိလေသလား။

"ကို ဂျပန်ကို ထွက်သွားတာကိုက ပန်းချီနဲ့ လက်ထပ်ဖို့ ရည်ရွယ်ချက်နဲ့နော်။ ဒါကို ပန်းချီလည်း သဘောကျခဲ့တယ် မဟုတ်လား"

စကားတွေက ခုညပြီးတုတ်ပြီ။ ရွှေပန်းချီ နေရတာ မကြည်နူးနိုင်တော့။ ချစ်သူနှင့် ဆုံတွေ့နေရတာဆိုပေမယ့် အဖြစ်က နာဂစ်မုန်တိုင်း။

ရင်ထဲမှာ စမ်းရေတွေဖြတ်မစီး။ ပန်းတွေပွင့်မလာ။ ရနံ့တွေ မစီးဆင်း။

မချစ်လို့တော့လည်းမဟုတ်။ သို့သော် (၃) နှစ်ကြာခဲ့သည့်အတွင်း ကိုစိတ်တွေ ကြမ်းတမ်းလာပြီး အမြင် အထင် ဆွေလည်း လွဲနေသေးသည်။

ချစ်ခြင်းက မညင်သာ၊ မချောမွေ့တော့။ မုန်တိုင်းထန်ချည် အရိပ်အယောင်တွေ မြင်နေရပြီ။ ကိုယ်က ဝိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

ဗိုင်းကောင်းကျောက်ဖိစံနှင့် ကြိုးပြင်းလာခဲ့သည့် ကုန်ဖြေ ရှင်။ ယခုလို ဟိုတယ်ထဲမှာ စားသောက်ဖို့ စောင့်နေရတာတောင် ကုန်ဖြေပဲလုပြီ။

ချစ်သူက တန်ဖိုးမထားလိုက်တာ။ အမြန်ဆုံး တိုက်ခန်း ငှားပြီး အမြန်ဆုံးလက်ထပ်မယ်တဲ့။ ဟင်းရွက်ကန်စွန်းနယ်။

ချောမောလှပသည့် အထက်တန်းပြ ဆရာမလေး။ ချစ်သူနဲ့အတူ ထမင်းရည်ပူပူသောက်ရစေဦးတော့ ဆိုသည့် ဆယ်ကျော်သက်အရွယ်လေး မဟုတ်တော့။ သူမခေါင်းထဲမှာ ဦးနှောက်က အပြည့်။

ချစ်သူက သူမကို သံသယအပြည့်နှင့် ကြည့်နေသလို သူမကလည်း သံသယဖြင့် ကြည့်မိနေပြီ။

"ကို အခုဝယ်ထားတဲ့ကားနဲ့ တက္ကစီဆွဲမယ်။ ကို့ဘက် က ပန်းချီကို ငြိုငြင်နေကြပြီ။ ကိုတို့နှစ်ယောက် အမြန်ဆုံး လက်ထပ်ကြရအောင်နော်။ အဆင်ပြေပါတယ်ကွာ။ ချစ် ဘာမှ ပူစရာမလိုပါဘူး"

စကားကို ပေါ့ပေါ့လေးပြောနေတာလား။ လေထဲမှာ တိုက်အိမ်ဆောက်နေသလို ဘာမှ အခြေအမြစ်မရှိ။ တိုက်ခန်းက ငှားမှာ၊ မရှာရသေး။ သူအိမ်ကလည်း ငြိုငြင်သတဲ့။

"ပန်းချီ ... ကိုယ်တို့ ညစာစားလိုက်ကြမယ်နော်"

"အိမ်ကျမှစားတော့မယ်။ ကို ဆာရင်စားလေ"

"အရည်တစ်ခုခုတော့ သောက်ကွာ။ ဂျူစ်တစ်ခုခု သောက်ပါ"

"ဂျူစ်"

ကြားဖူးနားဝတွေနှင့်မို့ သူမ လန့်ပါသည်။ ဂျူစ်ထဲမှာ ဆေးခပ်ရင်း သူမက မူးဝေပြီး သူက ဟိုတယ်အခန်းတစ်ခုခု ထဲ ခေါ်သွား။

သွားပါပြီ။

ချစ်သူဆိုတာလည်း တန်ခိုးရှင်မဟုတ်။

မိန်းမသားတွေကို အများဆုံး ဒုက္ခပေးတတ်ကြတာ "ချစ်သူ" လို့ တံဆိပ်ကပ်ထားသည့် ယောကျ်ားသားတွေ။

သူတို့မှာ အခွင့်အရေးတွေရှိပြီးသား။

ပါမစ်ရသည်လို့ သဘောထားကြတာ။

ရွှေပန်းချီ ညှိုးငယ်သောမျက်နှာလေးနှင့် အုပ်ပြည့်နိုင်ကို မော့ကြည့်နေမိတာ။

သတ်ရင်လည်း သေရပါမည်။

ထားရင်လည်း ရှင်ရပါမည်ဟုတော့ ရွှေပန်းချီ မထင်ပါ နိုင်ပါ။ သူမမှာ အသည်းနှလုံးရှိသလို ဦးနှောက်လည်း ရှိပါ သည်။

www.burmeseclassic.com

www.burmeseclassic.com

"သောက်လေ၊ ဘာလဲ ကို ဆေးခပ်မှာစိုးလို့လား။ ဒဲတ်ချ ပန်းချီမကြည့်ဖြူရင် ပန်းချီကို လက်ဖျားနဲ့တောင် မထိ ဘူး"

"ဟုတ် ... ကျေးဇူးပါ ကို"

"နေစမ်းပါဦး။ မင်းက ငါ့ကို မယုံသက်သာအကြည့်တွေ၊ သံသယအကြည့်တွေနဲ့ ငါတို့နှစ်ယောက်ကြားမှာ ဘယ်အရာတွေက ဝေးကွာစေတာလဲ။ ဟိုကောင်လား"

"သူက ပန်းချီကိုက်လုပ်ပေးနေရတဲ့ ကလေးပါ ကိုရယ်။ မဥပါဒ်ပါနဲ့နော်။ သူ ကျောင်းသွားရင်း ပန်းချီကိုပါ တစ်ခါတည်း ကျောင်းပို့၊ ကြိုပေးတာပါ။ ကျောင်းချင်းနီးတော့"

"ဆင်ခြင်ဆိုတာ အပြစ်ကျူးလွန်သူတွေပေးတဲ့စကားပါ။ မင်းကို ကို ဘာမှ မမေးသေးဘူးနော်။ မလုံမလဲတွေ ဖြစ်မနေနဲ့"

အုပ်ပြည့်နှိုင်၏စကားတွေက တစ်ဖက်စောင်းနင်း။ ရွှေ ပန်းချီ ရှင်းပြရမှာပါပဲ။ ကိုယ်က သစ္စာတရားကို ကိုးကွယ်လို သူ။

"ပန်းချီမှာ ရှင်းပြရမယ့်ဝတ္တရားရှိလို့ပါ ကို။ ဘာပဲဖြစ် ဖြစ် ပန်းချီအကြောင်း သူများတွေ ဘေးအမြင်နဲ့ပြောတာ နား ထောင်ရတာထက် ပန်းချီကိုယ်တိုင် ရှင်းပြတာကို ကို နားထောင် ရမှာပေါ့"

"တစ်ခါတစ်ရံမှာ ဓာတ်းလုံးပေါင်းများစွာထက် အမှု အယာနဲ့အလုပ်က လက်ပေ့ွဖြေရှင်းပေးသွားတယ်"

"ရှင်"

"ပန်းချီ ကိုယ့်ကို တကယ်ချစ်လား၊ တကယ်လက်ထပ် မှာလား၊ တကယ် တန်ဖိုးထား မြတ်နိုးသလား"

"အဲဒါက ပန်းချီ ကို့ကိုမေးရမှာပါ။ ပန်းချီတို့က မိန်းမ သားပါ"

"အဲဒီအယူအဆဟောင်းတွေ ထားခဲ့လိုက်ပါတော့ကွာ။ ကိုယ်တို့ အမြန်ဆုံးလက်ထပ်ရအောင်။ တစ်ယောက်အကြောင်း လည်း တစ်ယောက်သိပြီးကြပြီပဲ။ ခုပဲ ပန်းချီကို ကို ခိုးလာတယ် လို့ သဘောထားလိုက်။ ကို အခန်းတစ်ခန်းယူလိုက်မယ်။ မနက် ဖြန်ကစပြီး ဟန်းနီးမွန်းအဖြစ် ကို့ကားသစ်လေးနဲ့ တစ်ပတ် လောက် ထွက်မယ်။ ပြန်လာရင်တော့ ငှားထားတဲ့တိုက်ခန်းမှာ နေကြမယ်"

"ရှင်"

သူစကားက ပေါ့ပျက်ပျက်။ ပေါ့လွန်းလို့ ကြားလို့တောင် မရ။

မိန်းကလေးတစ်ယောက်ကို လမ်းဘေးပြုတ်ကျခဲ့သည့် ပန်းကို ကောက်ယူနည်းမျိုး။

www.burmeseclassic.com

www.burmeseclassic.com

"ပန်းချီမှာ မိဘရှိတယ်။ ကိုမိဘတွေက ပန်းချီမိဘ တွေဆီလာပြီး တောင်းရ ရမ်းရမယ်။ လူသိရှင်ကြား မင်္ဂလာ ဆောင်ရမယ်လေ ကို"

"အဲဒါတွေက ဟိုးရှေးခေတ်က အန်းဒိတ်တွေပါကွာ။ ဒီခေတ်ကြီးထဲမှာ ဒါတွေမလိုတော့ပါဘူး။ အဲတူနေလိုက်ကြရင် လင်မယားအရာ ဖြာက်ကြတာပဲ။ ဘယ်စာချုပ်စာတမ်းမှ မခိုင်မြဲပါဘူး။ နှလုံးသားချင်း ချည်နှောင်ခိုင်မြဲတတ်ကြတာပါ"

တစ်ကိုယ်လုံးမှာ တက်တူးတွေ ပွထနေသည့် ကြက် တောင်စီးနှင့် ကိုကို ပန်းချီ မျက်ရည်ပြည့်သော မျက်ဝန်းများနှင့် နမြောတသစွာကြည့်မိလိုက်ပါသည်။

အယူအဆတွေကတော့ တော်တော့်ကို လွဲ။ ပြဒါးတစ် လမ်း သံတစ်လမ်း။

သူက ထရော်လိုက်ပြီး ပန်းချီလက်ကို ဆွဲကာ –

"ထ ... သွားကြစို့၊ ကိုတို့ အခန်းတစ်ခု ယူလိုက်မယ်။ ပြီးရင် ရှမ်းပြည်ဘက်ကို ဟန်းနီးမွန်းထွက်ကြမယ်၊ အိုကေ"

ပန်းချီ သူ့ထံမှလက်ကို ပြန်ရုန်းယူပြီး ခေါင်းကို ဖြည်း ညင်းစွာခါတော့ မျက်ရည်စများ ပြုတ်ကျရပြီ။

"ဆောရီးပါကို၊ ကျွန်မကို ဒီလို လမ်းဘေးကမိန်းမ တစ်ယောက်လို ပေါပေါလောလော ဆက်ဆံတာ ဝမ်းနည်းစရာ

မဆုံးပါဘူး။ ကျွန်မ ပြန်ပါရစေတော့"

သူမ ဟိုတယ်ထဲမှ အပြေးတစ်ပိုင်း ထွက်လာခဲ့တော့ အုပ်ပြည့်နှိုင် ခေတ္တကြောင်သွားသည်။ သွေးထိုးစကားတွေကြောင့် သူက တန်ဖိုးမထားဘဲ ဆက်ဆံနေသမျှ သူမက သူ့ကိုထားခဲ့ပါပကော။

"ပန်းချီ"

သူ နောက်မှပြေးလိုက်တော့ သူ့အနားသို့ ဖျတ်ခနဲ ကပ်လာသူက ရွှေပန်းချီရဲ့ သက်တော်စောင့်မ။ ကေရီ။

"မနောင့်ယှက်နဲ့တော့ ဟေ့ကောင်"

"အံမာ ... ယောကျ်ားလျာမကများ"

သူက နှိုင်ရုပ်ခြားမှာ လူကြမ်း၊ လူဆိုးများနှင့် အပြိုင် ကျဲခဲ့ရသူမို့ ခပ်ကြမ်းကြမ်းတို့ပြန်လျှင် သူထက်လျင်သည့် ကေရီ ကြောင့် သူရင်ဘတ်ကြီး 'အွတ်' ခနဲ။

ကေရီ သူ့ကိုကျောခိုင်းပြီး ရွှေပန်းချီ့ကို ကားတံခါးဖွင့် ပေး၊ တစ်ဟုန်ထိုး မောင်းထွက်ခဲ့ပါသည်။

နေရစ်တော့ ဂျပန်ပြန်ကြီးရေ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၅)

အကျိုးအကြောင်းတွေသိရတော့ ကေရာဇ ဒေါသူပုန်ထလို့မဆုံး။ ရွှေပန်းချီကတော့ မျက်ရည်မဆည်နိုင်။ သူ့ရင်ထဲမှာ ချစ်သူကို နှမြောတသလို့မဆုံး။

ချစ်သူရဲ့ကာရိုက်တာဟာ ဂျပန်ကိုသွားသည့် (၃) နှစ်အတွင်းမှာ လုံးဝပျက်စီးသွားခဲ့ပြီ။ မြန်မာအမျိုးသမီးကောင်းလေးတစ်ယောက်ကို ဃမ်းဘေးက ဖိနပ်လို လွယ်လွယ်လေးကောက်စွပ်လိုက်မှာလား။

ကေရာဇ်ကတော့ သွားသတ်မည်တကဲကဲ။

"ခွေးကြီး ခွေးစိတ်ပေါက်လာတာ။ မငိုနဲ့ဗျာ။ ကျုပ်က

ပွဲလှန့်တုန်း ဖျာခင်းချင်တဲ့ကောင် မဟုတ်ပါဘူး။ မမဘက်က နာလို့ပါ။ ဒီလို ကိုယ့်ကို တန်ဖိုးမထားတဲ့ကောင်မျိုးအတွက် မမရဲ့တန်ဖိုးရှိတဲ့ မျက်ရည်တွေ မကျစမ်းပါနဲ့ဗျာ။ ဖြတ်လိုက်တော့။ သူကို လှည့်မကြည့်နဲ့တော့"

"ငါ ရှက်လို့ပါဟယ်။ သူက ငါ့ကို"

ရွှေပန်းချီ မျက်ရည်တွေမနိုင်ရင်ကာကျလေ ကေရာဇ်ဒေါသတွေထွက်လေ။

"မရှက်နဲ့၊ အပုပ်အပွနဲ့တန်တဲ့ကောင်။ မမလို အကောင်းစားကို သူ ဘယ်နားလည်မလဲ။ အကုသိုလ်များတယ်။ တိတ်ပါတော့ဗျာ။ ခေါင်းထဲမှာ သူ့ကို လုံးဝထုတ်လိုက်တော့"

"အေးပါ။ ကဲ ... နင် စာကျက်ဖို့ပြင်တော့"

ယခုဆို တိမ်ယံမြင့်မိုရ်လည်း မလာတော့ပြီမို့ ရွှေပန်းချီ တစ်ယောက်တည်း ဂိုက်လုပ်ပေးနေရပါ၏။

သည်စဉ် သူမထံ ဖုန်းဝင်လာတော့ ကေရာဇ် ဆတ်ခနဲ ဆွဲယူကြည့်လိုက်သည်။

"အုပ်ပြည့်နိုင်"

သူ ဖုန်းကို ပါဝါပြတ်ပစ်လိုက်သည်။

"ဖြေရှင်းချက်တွေ နားထောင်ချင်သေးလို့လား။ မမ အမြင်ပဲနော်။ ဒီကောင် ဘယ်လောက်မိုက်ရိုင်းတယ်ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ... သူ ငါ့အတွက် ကြိုးစားခဲ့တာ"

"တော်ပြီ ... ကျွန်တော်စုံစမ်းပြီးပြီ။ အဲဒီဘိုးတော်နေတဲ့ ရပ်ကွက်ထဲမှာ ကျွန်တော့်သူငယ်ချင်းတွေရှိတယ်။ ဟိုက ငိုသရွေ့ သူအိမ်က သုံးပစ်တာ။ အလကားကလေကချေတွေ။ အပေအတေတွေ။ သူတစ်ယောက်ပဲ လူလူသူသူ။ ဒါပေမဲ့ 'အခုကျ ဝိဒေဟရာဇ် ပုတ်သင်လို ငွေလေးတစ်ပဲနှစ်ပြားရှာနိုင်လာတာနဲ့ ဘဝင်မြင့် အောက်ခြေလွတ်"

"ဒီလိုလည်း မဟုတ်ပါဘူးဟာ"

"ဘာလဲ ... မမက ကျွန်တော်လုပ်ကြံဖန်တီးပြီး ကျပ် နေတယ်မှတ်သလား။ ကိုယ်တိုင်ခံစားနေရပြီပဲ။ တော်ပြီဗျာ။ ကျွန်တော် ဗီလိန်မလုပ်ချင်ပါဘူး။ မမဘာသာ စဉ်းစားဆုံးဖြတ်ပါ။ ဒါပေမဲ့ မမကို ကျွန်တော် အဝီစိတော့ ခုန်ဆင်းခွင့်မပြုဘူး။ မုဆိုးလက် အကျမခံနိုင်ဘူး။ တစ်ဘဝလုံး မျက်ရည်ဖွားသုတ်နေရ မှာ မကြည့်နိုင်ဘူး"

"နင့်ဘာသာ စာကျက်မှာ ကျက်စမ်းပါဟယ်။ စာမေးပွဲ နီးပြီ။ တစ်လလောက်ပဲရှိတော့တယ်"

"မမကို ခွေးဆွဲတော့မှာပဲဗျ။ ကျွန်တော် ဘယ်လို စာ ကျက်နိုင်မှာလဲ။ ညစ်တယ်ဗျာ"

"မညစ်နဲ့၊ စာမေးပွဲအောင်ဖို့သာ ခေါင်းထဲထည့်။ ငါ

ဘာမှမလုပ်ဘူး"

"ကတိပေးလား"

"ပေးတယ်၊ နင် အောင်စာရင်းထွက်မှ ငါ့ဘဝအတွက် ငါ စဉ်းစားမယ်"

"ဒီလူကြီးနဲ့တော့ လုံးဝ သဘောမတူဘူးဗျာ"

"ကဲပါ ... စာပဲကြည့်စမ်းပါ"

"ဒါဆို မမလည်း ပျော်ပျော်နေတော့"

နှစ်ယောက်အတူ စာကြည့်နေကြခိုက် အောက်ထပ်မှ အော်သံများကြားရသဖြင့် ဇကရာဇ် ပြေးဆင်းလိုက်တာ လျှင်မ လျှင်။ ကိုယ်က ဖအေရှင်လေ။ ရွှေပန်းချီက နောက်မှ အပြေး လိုက်တာပါပဲ။

အသံကြားရာအရပ်မှာ ဇကရာဇ်နှင့် ရွှေပန်းချီတို့ ကြက် သေသေလျက်။

"အုပ်စိုး"

ညည့်ခန်းထောင့်ရှိ ဗီရိုစောင်းနှင့်ခိုက်မိပြီး အုပ်စိုး ခေါင်း ကွဲပြီး သွေးတွေနှင့် နေရာမှမလှုပ်တော့။ ပွဲချင်းပြီးပြီထင်သည်။

ဒေါ်မူယာနွယ်စိုးက ဘီလူးသရဲစီးသလို အော်ဟစ်နေပြီး ဦးအေးကျော်သူကတော့ တောင့်တောင့်ကြီးရပ်လျက်။ မတ်တပ် သတိလစ်နေသည့်နှယ်။

www.burmeseclassic.com

www.burmeseclassic.com

"လာကြပါ ... လာကြပါ။ အုပ်စိုးကို သူသတ်တာ။ သူ တွန်းလိုက်လို့ သေသွားတာ။ ကျွန်မမောင်လေးကို သူသတ်တာပါ"

မူယာနွယ်စိုးပါးစပ်မှ ဒေါသတကြီး ရေရွတ်စွပ်စွဲနေလိုက်တာ ကြောက်စရာ။

ကောရဖ် ခေါင်းခဲရသည်။ ဒီမိန်းမကိုပါ ဆက်သတ်ပစ်ရလျှင် မကောင်းရှိရော့မည်။

ရွှေပန်းချီကတော့ နေရာမှာတင် ဒူးတွေ တဆတ်ဆတ် တုန်လျက်။

ကောရဖ် ဒေါ်မူယာနွယ်စိုးကို ပိတ်ဟောက်ပစ်လိုက်ပြီး ဒယ်ဒီ့ကို ဆိုဖာတစ်ခုသို့ တွဲခေါ်ထိုင်ပေးလိုက်ရသည်။

ညတွင်းချင်းပင် စိတ်ထိခိုက်၊ အိုစာသွားသည့် ဒယ်ဒီ့ကို သူ မကြည့်ရက်။

"ခင်ဗျား စွတ်အော်မနေနဲ့။ ကျုပ်ကိုပြောကြပါဦး၊ ဘာဖြစ်ကြတာလဲ"

သူ ဒယ်ဒီ့ကို မေးပေမယ့် မူယာနွယ်စိုးကသာ ကက်ကက်လန် ဂျက်ဂျက်လန်နေခဲ့သည်။

"ငါတို့မောင်နှမ ညီညွတ်ခင်းထဲမှာ စကားပြောနေကြတုန်း နှင့်ဖအေဝင်လာပြီး အုပ်စိုးကို ဆွဲထိုး၊ တွန်းထည့်လိုက်တာ

မြင်တဲ့အတိုင်းပဲ။ အမယ်လေး ငါ့မောင်လေး ငယ်ငယ်ရွယ်ရွယ်နဲ့ အစ်မကိုလာပြီးစောင့်ရှောက်တာ ခုတော့ သေပါပြီကော"

ဝိုရင်းမှပင် သူအော်ဟစ်ခဲ့တာကြောင့် လူတွေ၊ ရဲပတ္တရောင်တွေလည်း အိမ်ထဲသို့ ဝင်လာကြပေပြီ။

ကောရဖ် မယုံကြည်ပါ။ သည်မိန်းမဟာ စိတ္တမာဏလို မိန်းမမျိုး။ ဒယ်ဒီ့ကို သက်သက် စွဲချက်တင်တာ။

ဖြစ်နိုင်ခြေကတော့ သူနှင့်အုပ်စိုး၏ မဖွယ်မရာအနေအထိုင်ကြောင့် ဒယ်ဒီ ဒေါသဖြစ်ပြီး ပေါက်ကွဲတာ၊ ရုန်းရင်းဆန်ခတ်ဖြစ်တာ ဖြစ်ရမည်။

"ဒယ်ဒီ ပြောလေ၊ ပြောလိုက်လေ။ အဲဒီကောင်ဟာ ဒီမိန်းမကြီးရဲ့လင်ငယ်ဆိုတာ သားရိုပ်မိတယ်။ သားခံစားမိတယ်၊ အဖြစ်မှန်ကို ပြောလိုက်ပါဗျာ။ ဘာမှဖုံးကွယ်မနေပါနဲ့တော့။ ဘာကုဏ်သိက္ခာကိုမှ ငဲ့မနေပါနဲ့တော့"

ကောရဖ် ဒယ်ဒီ့ကို ငိုကြီးချက်မနှင့်ပြောလည်း ဦးအေးကျော်သူအသွင်က ဂူဂူကြီး။ ဘာစကားတစ်ခွန်းမျှ မပြော။

သည်အခါ ဒေါ်မူယာနွယ်စိုး၏နှုတ်မှ ဇာတ်နာအောင် ဇာတ်လမ်းတွေဆင်ပြီး သူတို့မောင်နှမအား ဦးအေးကျော်သူက မူးမူးနှင့် နှိပ်စက်သည့်အပေါ်၌ ကွင်းတွင် စွပ်စွဲလေတော့သည်။

အကယ်ဒမီရော့ခ်။

www.burmeseclassic.com

www.burmeseclassic.com

ကောရာဇ်ကတော့ ဒယ်ဒီကိုဖက်ပြီး အမှန်တွေပြောဖို့ တိုက်တွန်းသည်။ ရွှိက်ကြီးတငင် ငိုသည်။

မူယာနွယ်စိုးက သက်သေအဖြစ် ရွှေပန်းချီကိုပါ ဆွဲထည့်လို့။

"အုပ်စိုးနဲ့ကျွန်မက မောင်နှမဝမ်းကွဲပါ။ အဲဒါကို သူတို့သားအဖက အမြဲ မယုံသင်္ကာဖြစ်ပြီး ဒီတစ်ခါတော့ အုပ်စိုးကို သတ်လိုက်တာပါ။ ဒါကို ရွှေပန်းချီလည်း သိပါတယ်၊ မြင်ပါတယ်"

ရွှေပန်းချီ တစ်ကိုယ်လုံး ရေခဲနွေးကန်ထဲ ပစ်ချခံလိုက်ရသလို ခံစားလိုက်ရပါ၏။ မူယာနွယ်စိုးဟာ သူငယ်ချင်းဆိုပေမယ့် မူမမှန်သူ၊ မဖြောင့်မတ်သူ၊ ကောက်ကျစ်သူ။

သူမ မမှန်သည့်ဘက်မှ မရပ်တည်နိုင်ပါ။ သူမ ဒေဝဒတ်ဘက်မှ မာရ်နတ်ဘက်မှ မရပ်တည်နိုင်။ ဘက်မှားလို့ မဖြစ်။

ဖြစ်နိုင်ချေရှိတာကတော့ ရှန်းရင်းဆန်ခတ်ဖြစ်ရင်း အုပ်စိုး ဗီရိုစောင်းနှင့် ခိုက်မိတာပဲဖြစ်နိုင်သည်။

ပြောကြေးဆို ဦးအေးကျော်သူက လူကြီး၊ အုပ်စိုးတာ လူငယ်။ ကံကောင်းလို့သာ ခေါင်းကွဲသူဟာ ဦးအေးကျော်သူ မဖြစ်ရတာ။

ရဲအရာရှိတွေပါ ရောက်လာပြီး အိမ်ရှိလူစုံလူကုန်ကို စစ်ချက်ယူသည်။

ဒေါ်မူယာနွယ်စိုးကတော့ အညှိုးတကြီးနှင့် ဦးအေးကျော်သူကို စွဲချက်တွေ အမျိုးမျိုးတင်လို့။

တစ်ခါပြောရင်း ထပ်ဖြည့်ပြောရင်း မျက်ရည်လည်ရွဲနှင့် အငိုမင်းသမီးဖြစ်လို့။ သနားစရာဇာတ်ရုပ်ကို အပိုင်ယူထားသည်။

ဦးအေးကျော်သူကတော့ အရက်နည်းနည်း မူးနေတာရယ်၊ သွေးသံရဲရဲနှင့် ဦးနှောက်တောင် ပြူထွက်နေသည့်အုပ်စိုးရဲ့ အနိဋ္ဌာရုံကြီးရယ်ကို မြင်လိုက်ရလို့လားမသိ။

လူက စကားပင်ကောင်းကောင်းပြောမထွက်။ ကောရာဇ်နှင့် ရွှေပန်းချီကတော့ အမှန်အတိုင်းပင်ထွက်ဆိုကြပါသည်။

ရဲအရာရှိ၏မေးခွန်းကို သေချာစွာ ဖြေရသည်။ ဒေါ်မူယာနွယ်စိုး ဒေါသူပုန်တွေထ၊ ဟိန်းလိုက်၊ ခြောက်လိုက် လုပ်နေပေမယ့် ရွှေပန်းချီ သူမဘက်သို့ မပါပါ။

အမှန်အတိုင်းသာ သိသည့်အတိုင်းသာ ဖြေကြားခဲ့ပါသည်။

တစ်နှစ်ကျော်ပြီဖြစ်သည့် သဲသဲလေးပါ အိပ်ရာမှနိုးလာပြီးမှ ကလေးငိုသံက စူးစူးဝါးဝါး။ ဦးအေးကျော်သူ ကလေးကိုသာ စြင်နာသောအကြည့်နှင့် ကြည့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုညက ဦးအေးကျော်သူကို လက်ထိပ်ခတ်ခါ ဖမ်းသွားခဲ့သဖြင့် -

ဆတ်ဆတ်ခါအောင် ငိုကျွေး၊ ဒေါသဖြစ်ကျန်ခဲ့သူမှာ ကေရာဇ်ပင်၊ ဖြစ်ပါသည်။

အခန်း (၂၆)

အိမ်မှာ သောင်းကျန်းနေသူဟာ ဒေါ်မူယာနွယ်စိုးဖါ။ စိတ်ပဲဖောက်ပြန်သွားလေသလားမသိ။ တစ်နေ့ တစ်နေ့ ဆူပူသောင်းကျန်းလွန်းလို့ (၇) ရက် သားသမီး စိတ်မချမ်းသာ။

အိမ်အကူ ဒေါ်ထား၊ သက်ချို့နှင့် ကလေးထိန်းထည့် မယုတ်မို့ထက် ရွှေပန်းချီနှင့် ကေရာဇ်ကို ပိုပြီးငြိုးသည်။ ရွှေပန်းချီ့ကိုလည်း ပြောလိုက် ဆိုလိုက်တာ ရစရာမရှိ။

သူဘက်ကိုလိုက်ပြီး သက်သေမလိုက်လို့ပါ။ ဟိုစောင်းသည်စောင်း စကားမျိုးနှင့်။

"သားရေပေါ်အိပ် သားရေနှားစား၊ ကျွေးတဲ့လက်ကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်ကိုက်တယ်။ တစ်စက်ကလေးမှ ကျေးဇူးတရားကိုမသိဘူး။ အရှက်လည်းမရှိဘူး။ အကုန် အိမ်ပေါ်က မောင်းချမယ်''

''ငါ့ကို ဘာမှတ်နေသလဲ။ ဟိုလူကြီး လူသတ်မှုနဲ့ ထောင် အနှစ်နှစ်ဆယ်လောက်ကျရင် ထောင်ထဲမှာတင် ကိစ္စ ချောမှာ။ လင့်ပစ္စည်း မယားပိုင်တယ်။ သားသမီးဆိုတာ မိဘ ပေးမှ ရတာ။ ကောရဖ် ငါ စုံစမ်းပြီးပြီ။ နှင့်နာမည်ပေါက်တာ ဒီခြေနဲ့တိုက်ပဲရှိတယ်။ ကျန်တဲ့ပစ္စည်းတွေ၊ တိုက်ခန်းတွေ၊ လုပ်ငန်း တွေအားလုံး ဦးအေးကျော်သူနာမည်နဲ့ချည်းပဲ။ ဒီတော့ အကုန် ငါ့ပစ္စည်းတွေ။ နင်တို့ပြေးမယ့်သာပြင်။ ငါ ဘယ်လိုလုပ်ပြမလဲ ဆိုတာ ကြည့်နေ''

စာမေးပွဲကလည်း နီး၊ ဖခင်ကြီးကလည်း အချုပ်ထဲမှာ၊ အမှုခိုန်းကလည်း တစ်ပတ်တစ်ခါ။ ရှေ့နေတွေဌားရ၊ တရားသူ ကြီးတွေဆီ ဝင်ရ ထွက်ရ။

ကောရဖ်ရဲ့အဖော်၊ ရဲဘော်ရဲဘက်၊ အားပေးဖော် ကူညီ ဖော်ကတော့ မမရွှေပန်းချီပါပဲ။

မူယာနွယ်စိုးက ကောရဖ်တို့သားအဖကို ချောင်ပိတ်ပြီး အလဲထိုးချင်ပေမယ့် ဦးအေးကျော်သူ၏ မိတ်ဆွေများကို မာယာ အသေချိုဖြင့် နတ်သံနှောထားပေမယ့် –

ရွှေပန်းချီနှင့် သူမ၏မိတ်ဆွေများက အဖက်ဖက်မှ စီစဉ်

ပေးကြ၊ ကူညီပေးကသည်။ ကောရဖ်ကိုယ်တိုင်လည်း ပျော့ညံ့သူ မဟုတ်တာမို့ လောကဓံမုန်တိုင်းကို ကြံ့ကြံ့ခံရင်ဆိုင်နေကြပါ လေဆဲ။

ရွှေပန်းချီအတွက် မုန်တိုင်းတွေကလည်း တစ်နာရီ မိုင် (၁၂၀)၊ နာဂစ်ထက် ဆူနာမီထက်ဆိုးသည်။

မူယာနွယ်စိုးက အမြဲကျပ်နေသလို ချစ်သူကလည်း အမြဲစိန်ခေါ်သည်။

''ပန်းချီ ကို တိုက်ခန်းငှားထားပြီးပြီ။ ပန်းချီတစ်ယောက် တည်းနေပါ။ ကို ပန်းချီ့ဆန္ဒအတိုင်း ပန်းချီဖြစ်စေချင်တဲ့အတိုင်း လက်ထပ်ပေးမယ်။ လက်ထပ်ပြီးမှ တိုက်ခန်းမှာ လာနေမယ်။ ဆင်းခဲ့တော့။ ဒီညနေ ကို လာပြီးရွှေပေးမယ်''

''အခု ကို အလုပ်ရှာနေတယ်။ အလုပ်မရခင် ကိုယ်တိုင် တက္ကစီဆွဲနေတယ်။ အလုပ်ရရင် တက္ကစီကို အငှားမောင်းခိုင်း မယ်။ ပန်းချီ့ကို အဆင့်မြင့်မြင့်ထားပါ့မယ်''

ပြဿနာတွေက တစ်ခုပြီးတစ်ခု။

ရွှေပန်းချီ သစ္စာပျက်သူ မဖြစ်ချင်။

ကိုဟာ သူမရဲ့အိပ်မက်ဦးပါ။

အချစ်ရဲ့ ဟိုးအစကို ပြန်တွေးမိတိုင်း ရင်ခုန်ကြည်နူးမိ ဆဲ။ လွမ်းနေရဆဲရယ်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ရွှေပန်းချီ့အဖြစ်ကတစ်မျိုး။

ကိုယ့်နှလုံးသားကိုလည်း ကိုယ်နားမလည်တော့။

ကို့ကို သတိရလွမ်းဆွတ်နေမိပေမယ့် ရွှေပန်းချီ သတိရတာ လွန်ခဲ့သော (၃) နှစ်အလွန် ကာလက အုပ်ပြည့်နိုင်။

လောလောဆည် အုပ်ပြည့်နိုင်ကိုကော့ သူမ ကြောက်သည်၊ လန့်သည်။ ဘယ်လိုမှ သူ့ဘဝထဲကို ကိုယ့်ဘဝလေး ထိုးမပေးရက်။

သူမရဲ့အချစ်၊ သူမရဲ့ကိုဟာ သူမရဲ့ အနှက်ရှိုင်းဆုံးသော နှလုံးသားရဲ့ ထောင့်ကွေးလေးထဲမှာ ထာဝရ ကမ္ဘည်းတင်မြုပ်နှံထားမိပြီ။

ချစ်သူမို့ အားနာပေမယ့် ရွှေပန်းချီ အုပ်ပြည့်နိုင်ကို ကြောက်ပါသည်။

ကိုဟာ အရင်လို သိုးကလေးမဟုတ်တော့။ ယုန်ဖြူလေး မဟုတ်တော့။

ကိုဟာ နေရောင်ခြည်ကြောင့် ပိုမိုရင့်မှည့်သည့် သစ်သီးတစ်လုံး ဖြစ်လာခဲ့သည်ဆိုလျှင်လည်း။

သည် သစ်သီးကို သူမ မနှစ်သက်။

အသွင်သဏ္ဌာန်ရော၊ ဗဟိဒ္ဓပါ ရုန့်ရင်းကြမ်းတမ်းလာသည့် ကိုဟာ ပန်းချီ့ဘဝကို သာယာလှပစေလိမ့်မယ်လို့လည်း

သူမ မယုံကြည်တော့။

သစ္စာရှိတာ ကောင်းပါသည်။

သို့သော် ချဉ်ချဉ်တူးတူး မူးပြီးရော ဆိုသလို မျက်စိကို စုံမှိတ်ပြီး မိမိကိုယ်ကို ကျားစာကျွေးမပစ်သင့်ဟုတော့ ရွှေပန်းချီ ထင်ပါသည်။

ချစ်ခြင်းတစ်ခုမှာ ပြင်လို့ရသည့်အချိန် ပြင်ရမှာပေါ့။

ချစ်သူဆိုသည့် သူတွေကပဲ မိန်းကလေးတွေရဲ့ဘဝကို ကျားတွေလို ဝါးစားနေတတ်ကြတာ။

သစ်သီးထဲမှပိုးကြောင့် သစ်သီး ပျက်စီးရသလို အနီးကပ်ချစ်သူတွေကပဲ ရန်သူလို နှောက်ကျော် ဓားနဲ့ထိုးတတ်ကြတာ။

ကိုဟာ သူမကို တိုက်ခန်းသို့ ရွှေ့ပေးပြီးလျှင် အတူလာနေတော့မှာ အသေအချာ။ အမျိုးကောင်းသမီးလေးတစ်ယောက်ကို လမ်းဘေးပန်းလေးလို နင်းချေတော့မှာ အသေအချာ။

သည့်အပြင် ကေရာဇ်အတွက်လည်း သူမ အများကြီး နှောက်ဆံတင်းပါသည်။

ကေရာဇ်ခမျာ စာမေးပွဲက ရက်ပိုင်းပဲလိုအပ်နေချိန်မှာ ဖခင်က အချုပ်ထဲမှာ။ တရားရင်ဆိုင်နေရသည်။ မိုးပွေးက အတတ်နိုင်ဆုံး ရိုင်းပျသောင်းကျန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

တော်ရုံစိတ်ဓာတ်နှင့်ဆို ရှူးသွားနိုင်လောက်ပါရဲ့။ သည်တော့ ကို အထင်လွဲကာမှ လွဲရော ရွှေပန်းချီ ကေရာဇ်ကို မထားခဲ့ရက်။

သူမဟာ မာယာတွေနှင့် မလှည့်ဖြားတတ်သူမို့ အမှန်အတိုင်းပင် ကိုကို ရှင်းပြခဲ့ပါ၏။

''အိမ်သားတွေ အမှုရင်ဆိုင်နေရချိန်မှာ ပန်းချီ ရှောင်မပြေးချင်ဘူး။ ဦးအေးကျော်သူကလည်း သူသားလေးကို ပြီးဆုံးသည်ထိ တာဝန်ယူပြီး ဂိုက်လုပ်ပေးဖို့ တဖွဖွ တောင်းပန်တယ်။ ပန်းချီ သူတို့အမှုပြီးတဲ့အထိ ကေရာဇ် စာဖြေပြီးတဲ့အထိ နေပေးချင်တယ်''

''ပန်းချီက ကိုနဲ့ကေရာဇ်ဆို ကေရာဇ်ကို ဦးစားပေးလိုက်တဲ့သဘောလား။ သူက ကို့ထက်ပိုပြီး အရေးပါတဲ့ သဘောလား''

''မဟုတ်ပါဘူး။ ကို လိုရာဆွဲမပြောပါနဲ့။ သူတို့က အကူအညီလိုအပ်နေကြသူတွေပါ။ ကိုက ဘာပြဿနာမှ မရှိသေးပါဘူး။ ပန်းချီကို မလိုအပ်သေးဘူး''

''ဟာ ... ဒါဆို ကိုလည်း လူတစ်ယောက်လောက် သတ်မှဖြစ်မယ်ထင်တယ်''

''အို ... မပြောကောင်း မဆိုကောင်းရှင်''

''သေချာပါတယ်။ ပန်းချီ ဒီကောင့်ကိုချစ်နေတာ။ ကို့ထက်ပိုပြီး ဒီကောင့်ကို သံယောဇဉ်တွယ်နေတာ။ ပန်းချီ အဲဒီအိမ်က ထွက်ခဲ့တော့။ ကြာရင် ကို ပန်းချီ့ကို လက်လွှတ်ဆုံးရှုံးရတော့မယ်''

ကိုနှင့် ဖုန်းထဲမှာပြောဖြစ်ကြတာတွေ။

ကေရာဇ်ကလည်း သူမကို ကြက်သားအုပ်မကြီး ကြက်ပေါက်ကလေးကို စောင့်ရှောက်နည်းမျိုး စောင့်ရှောက်သည်။ သူဟာ ပန်းချီ့ကိုချစ်နေသည်ဆိုစေဦးတော့ တယုတယနှင့် တမွှန်တမြတ်။

စောင့်ရှောက်နေတာကလွဲလို့ ဘာတစ်ခုမှ စိတ် အနှောင့်အယှက်မပေးပါ။

သူ့အဖြစ်က သူမြတ်နိုးသည့် အရုပ်လေးကို မအိပ်မနေ စောင့်ရှောက်နေသလိုမျိုး။

ဖခင်အတွက် သောကပရိဒေဝတောက်လောင်နေရပေမယ့် ရွှေပန်းချီ့ကိုလည်း မေ့မထားပါ။

ကိုနှင့်ပန်းချီဟာ ဖုန်းထဲမှာပဲ စကားပြောဖြစ်ကြသည်။ သူက အပြင်မှာတွေ့ချင်ပေမယ့် ပန်းချီ အချိန်မပေးရဲ့။ တစ်ခါသေဖူးထားပြီလေ။

ပွဲသိမ်းတိုက်ကွက်တွေနှင့် ပန်းချီ့ကို သူလက်ခုပ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

ထည့်ချင်နေသည့်ကို။

ကောရာဇ်ကတော့ –

''အဲဒီဘဲကြီးက မမကို သူခြေထောက်အောက်မှာ နင်းချေထားချင်စာဗျ။ ချစ်သူတိုင်းနီးပါး ဒီလိုချည်းပါပဲလို့တော့ ဆင်ခြင်လာမပေးနဲ့။ ချစ်ခြင်းဆိုတာ sex မဟုတ်ဘူး။ အများး မိုးခါးရေသောက်တိုင်း ကျွန်တော်ကတော့ မမကို သောက်ခွင့် မပြုနိုင်ဘူး''

''ငါကလည်း မသောက်ချင်ပါဘူး ကောရာဇ်ရယ်။ လာနင် စာပဲခေါင်းထဲထည့်စမ်းပါ''

''ဒီလောက် စိတ်တွေညစ်နေရတာ စာလည်း ခေါင်းထဲမနေချင်တော့ပါဘူးဗျာ''

''မရဘူး၊ ယောကျ်ားဆိုတာ အခက်အခဲတွေ အားလုံးကို ရင်ဆိုင်ကျော်ဖြတ်နိုင်ရမှာပေါ့။ ဒါမှ ယောကျ်ားကောင်း။ အခု နင် ပန်းဝင်တော့မှာပါ''

''ဒါဆိုလည်း စိန်ဇိုက်ဗျာ။ မမသာ ကျုပ်ကို ပစ်မသွားနဲ့''

''အခုလည်း ငါ့မှာနတွေ ခဝါချပြီး ငါ နင့်အတွက် နေပေးနေတယ်လေ။ အလကားမဖြစ်စေနဲ့''

''အိုကေဗျာ''

သူမရဲ့လက်ဝါးကို သူလက်ဝါးတစ်ဖက်နဲ့ လာရိုက်ပြီး စာကို စိတ်ပါလက်ပါ ကြည့်ရှုသည်။ ကောရာဇ်ဟာ ရွှေပန်းချီ အတွက် ကရုဏာသက်စရာကောင်လေးပါ။

❁

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၇)

အခက်အခဲအမျိုးမျိုးတွေကြားမှပင် ကေရာဇ် စာမေးပွဲ ဖြေပြီးတော့မည်။ စာဖြေသည့်ရက်တွေမှာ ကေရာဇ်ကို ကား မမောင်းစေဘဲ ဦးကိုကြီးကို အကူအညီတောင်းထားရသည်။ သည်နေ့နောက်ဆုံးနေ့။

ရွှေပန်းချီ ကေရာဇ်ကို အစစအရာရာ ဂရုစိုက်ပေးမိသည်မှာ မိခင်တစ်ယောက်က သားကို ဂရုစိုက်နည်းမျိုး။

"ကျွန်တော့်ကို အပြင်ကစောင့်နေပေးနော် မမ။ ကျွန်တော် စာဖြေပြီးထွက်လာရင် မမမျက်နှာကို တန်းမြင်ချင်တယ်"

"နင့်ဘိုးအေ၊ နင်ကလည်း တကယ်လွန်တယ်။ ငါ့ကို များ နင့်အမေ မှတ်နေသလားဟဲ့"

ပြောပေမယ့် ရွှေပန်းချီ ဦးကိုကြီးနှင့်အတူ ကားနားမှာ စောင့်ပေးနေဖြစ်တာချည်း။

စာမေးပွဲခန်းစောင့်ဖို့အတွက် သည်နှစ် ကြိုတင်ပြီးငြင်း ထားခဲ့ရသည်။

ရွှေပန်းချီနှင့် ကေရာဇ်တို့၏ သံယောဇဉ်ကို ကြည့်ပြီး ဦးကိုကြီးမှာ ချီတုံ ချတုံ။ မူယာနွယ်စိုး၏ ရိုက်ချက်ကြောင့် သူဆရာကျောကော့နေရတာ။ သူ ဘယ်လိုကူညီရမလဲ။

ရိုးသားသူတွေကို ကောက်ကျစ်သူတွေက အနိုင်ယူကြ စတမ်းလား။ လောလောဆည် ကုမ္ပဏီမှာ မူယာနွယ်စိုး၏မျက်နှာ အငြိုငြင်မခံနိုင်ကြသူတွေကြားထဲ သူတော့ အမှန်တရား၏ ဘက် တော်သား ဖြစ်ချင်ပြီ။

သူနှင့်ရွှေပန်းချီတို့ လေးနက်စွာတွေးပြီး ငေးနေကြသည် က ကားဘေးမှာ။ နောက်ဆုံးနေ့မို့ ကျောင်းသားတွေလည်း တက်ကြွ၊ မိဘတွေလည်း သက်ပြင်းချရတော့မည်။

သည်စဉ် ကားတစ်စီး ဝင်လာပြီး အနားသို့ရောက်လာ သူကြောင့် ရွှေပန်းချီရော ဦးကိုကြီးပါ လန့်သွားသည်။

"ကို"

www.burmeseclassic.com

www.burmeseclassic.com

ရွှေပန်းချီ၏အသွင်က မုဆိုးကို မြင်လိုက်ရသည့် သမင်လို။ ဘာတွေ လွဲချော်နေပါလိမ့်။

''စကားပြောရအောင် ခဏလိုက်ခဲ့ပါ ပန်းချီ''

''(၁၀) နာရီခွဲနေပြီကို။ ကောင်လေး စာဖြေပြီးမှ လိုက်မယ်နော်။ ကို ခဏစောင့်''

''ဩော်... ငါက မင်းတို့ (၂) ယောက်လုံးကို ပင့်သွားရမှာလား။ ပန်းချီ တော်တော်တရားလွန်နေပြီနော်။ ကို မင်းကို ချစ်လွန်းလို့ သည်းခံနေတာ။ အတိုင်းအတာလွန်နေပြီ''

ရွှေပန်းချီ အားနာနေလို့မဖြစ်။ ကိုက ခဏဆိုပြီး ဘယ်နေရာကို ဘယ်လောက်ကြာအောင် ခေါ်သွားမှာလဲ။

ချစ်သူအရင်းခေါက်ခေါက်ကြီးကိုပင် စိတ်မချရသည့် နောက်။

သူဟာ ရွှေပန်းချီ့ကို မြန်မြန်ပွဲသိမ်း၊ အတောင်ချိုးပစ်ချင်နေတာ။ သူမ ရိပ်မိနေပါသည်။

''ဟိုကောင်နဲ့ကျ တစ်အိမ်တည်းတောင် အတူနေပြီး ကိုခေါ်တော့ ဟိုဝေ့ သည်ဝေ့နဲ့''

''ရှင်''

သူစကားအဓိပ္ပာယ်က ဘယ်အထိရောက်သွားပြီလဲ။ သံသယဆိုတာ လူနှစ်ဦးရဲ့ကြားမှာ အပြင်းထန်ဆုံးအဆိပ်။

''လိုက်ခဲ့၊ ငါ မင်းကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး ဘယ်လိုပဲဖြစ်နေနေ မင်းကို ရအောင်ယူမှာပဲ''

ဆည်လောက်ကြီး ကြီးဝါးနေသူရဲ့နောက်ကို ဘယ်လို အမျိုးကောင်းသမီးက လိုက်ရဲဦးမှာတဲ့လဲ။

ဦးကိုကြီးအနားမှာရှိနေသည်မို့ အခြေအနေတွေကို ရိပ်စားမိပါသည်။ ချစ်သူ (၂) ဦး စကားများနေရတယ်ဆိုပေမယ့် အခြေအနေက တစ်ဖက်သတ်။

ကောင်လေးကြည့်ရတာ ခပ်ဆိုးဆိုး။ ပန်းချီ့ကို နှိုင်စားမည့်ပုံ။ နေစမ်းပါဦး ဒီဆရာမလေးကို ကောရဖ်ကလည်း သေလုမတတ် ချစ်နေတာ မဟုတ်လား။

''ဆောရီး ကို။ ကျွန်မ စာမေးပွဲပြီးအောင် စောင့်ပေးရဦးမယ်''

''ဘာလဲ ပန်းချီး သူဆီက ခွင့်ပြုချက်ယူရဦးမှာလား''

သူစကားတွေက ဆူးနှင့်ရိုက်သည်နှယ်။ ရွှေပန်းချီဟာ ဗိုင်းကောင်းကျောက်ဖို မိန်းကလေးမို့ သူ ဘာပြောပြော ဒေါသမဖြစ်။ သည်းခံပါသည်။

''ကိုထင်ချင်သလိုထင်။ ကျွန်မ ခု မလိုက်နိုင်သေးဘူး''

''ကောင်းပြီ... မင်းကားနဲ့မင်းပဲ။ စာမေးပွဲပြီးရင် လိုက်ခဲ့တော့''

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ကိုလဲ ကျွန်မပြောတာ ကို စကားပြောမယ့် နေရာ"

"ဟုတ်ပါတယ် စကားပြောမလို့ပါပဲ"

တကယ်ပင် အုပ်ပြည့်နိုင် သူမတို့ကားနားမှာ စောင့်နေခဲ့လျှင် ရွှေပန်းခြို တော်တော်စိတ်ညစ်ရသည်။

အငိုလွယ် အရှိက်ခက် ဆိုတာဒါမျိုး။

ကေရာဇ် စာမေးပွဲဖြေပြီးတော့ လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွား၏။ သူ လှမ်းကြည့်တော့ မမက သူ့ကားနားမှာ ရပ်စောင့်လို့။

သူရင်ထဲမှာ နွေးခနဲ။ သူ့ကို မိခင်တစ်ယောက်လို ရင်အုပ်မကွာ စောင့်ရှောက်ပေးခဲ့သည့် မမ။

သို့သော် မမအနားမှာ အုပ်ပြည့်နိုင်ကို တည်တည့်တင်းတင်းနှင့် နသားပါးယားတော့မည့် ရုပ်ကြီးနှင့်မြင်လိုက်ရသောကြောင့် ကေရာဇ် ခေါင်းတွေ့ဆူညံသွားရသည်။

သည်လူကြီးကို သူ လုံးဝ သဘောမကျ။ မမကိုမျှား

www.burmeseclassic.com

www.burmeseclassic.com

သူ့ဒွေဝယ်ကျွန်ကျလို့။ သည်လောက် အတွက်ကြီးသည့် လူရဲ့ လက်ထဲမှာ မမတစ်သက်လုံး စိတ်ချမ်းသာရမည်လို့ သူ မယုံကြည်။

ကြားမှ ဆားဖျက်တယ်လိုပဲပြောပြော။

သူ မမဘက်မှ အသေကာကွယ်ရမည်။

သူ မမအနားသို့ အပြေးသွားလိုက်၏။

"မမ ကျွန်တော် ဖြေနိုင်တယ်။ အောင်မှာသေချာပါတယ်။ အောင်ရင် မမ ဆုချရမယ်နော်"

"အင်းပါ"

"ကဲ ... ပြန်ကြစို့။ ကျွန်တော်တော့ အိပ်ပြန်ပြီး သိုးနေအောင် ထိုးအိပ်ချင်လှပြီ"

သူ ကားရှေ့တံခါးကို ဖွင့်ပေးပြီး မမကိုကြည့်တော့ မမ မျက်နှာလေးမှာ ပြုံတော့မည့်မိုး၊ ငိုတော့မည့်မိုးနှယ်။

"လာလေ ပန်းချီ၊ တက် ကိုတို့ တစ်နေရာကို အေးအေးဆေးဆေး သွားလိုက်မယ်"

အုပ်ပြည့်နိုင်ကလည်း ခပ်တင်းတင်း။ သူက ရွှေပန်းချီကို အပိုင်ကိုင်ထားနိုင်တုန်းဟုထင်သည်။ ကားတံခါးဖွင့်ပေးပြီး ခပ်မိုက်မိုက်ကြည့်နေပုံက အပိုင်။

ရွှေပန်းချီ ဇကောဖ်ကို မျက်နှာငယ်လေးနှင့် အားကိုး

တကြီး ကြည့်တော့ သူနှလုံးသားတစ်ခုလုံး ပြောင်းဆန်သွားသလို ခံစားလိုက်ရသည်။

အရိုးကြေကြေ အရည်ခမ်းခမ်း။

အချစ်အတွက် ဦးထွေးဆံမြည့် ထမ်းရွက်လိုက်ဖို့အသင့်။

အနေအယားကို သူ နားလည်သည်။

အုပ်ပြည့်နိုင်ဟာ မမရဲ့ငယ်နိုင်သဘောမျိုး။ ချစ်သူလက်စွဲ မငြင်းနိုင်တာတွေ ရှိပေမယ့် အုပ်ပြည့်နိုင်၏ ကာရိုက်တာက ယုံကြည်စရာမဖြစ်တော့။

ချစ်သူအရင်းဆေါက်ခေါက်ကြီးတွေကပဲ ချစ်သူမလေးတွေကို တွင်းဆုံးကျအောင် ဒုက္ခပေးတတ်တာ သူနားလည်သလို မမကိုလည်း နားလည်စေချင်လိုက်တာ။

မမပုံစံကြည့်ရတာလည်း နားလည်နေပုံပါ။

သည်ဘော့ တပည့်လိမ္မာ၊ ဆရာအာပတ်လွတ်ပေါ့။

သူ ချစ်သူနှစ်ယောက်၏ မသင့်တော်သည့်အခြေအနေတွေကို ထိန်းသိမ်းပေးရမည်။

"မမ ဒယ်ဒီ့ရုံးချိန်းက မနက်ဖြန်နော်။ ဒီနေ့ ရှေ့နေနဲ့ တရားသူကြီးဆီသွားရဦးမယ်နော်။ ကျွန်တော် မအိပ်နိုင်တော့ပါဘူးဗျာ။ ရှေ့နေဆီ အရင်သွားကြရအောင်။ ဦးကိုကြီး ထမင်းကို လမ်းတစ်ဆိုင်ဆိုင်မှာပဲ ဝင်စားကြစို့ဗျာ၊ ကဲ ... မောင်း"

www.burmeseclassic.com

အုပ်ပြည့်နိုင် အလျှော့မပေး။ လက်ရှိက လက်မဲ့မလုပ်နိုင်။ သူ ပန်းချီအပေါ် မကျေနပ်တာတွေများပေမယ့် သူ့ရဲ့မာန က အလျှော့ပေးလိုက်ဖို့ ခွင့်မပြု။

သူလိုလူစားကို ဟင်းရွက်ကန်စွန်းလို လွှင့်ပစ်လိုက်မှာ သူ မခံရပ်နိုင်။

တုံးတိုက်တိုက် ကျားကိုက်ကိုက်ပါပဲ။ လက်ထဲရောက်မှ နှင်းချင်နှင်း၊ ချေချင်ချေမည်။ ရအောင်တော့ အတင်းလုရမှာပဲ။

သူ မျက်နှာထားကြီးနှင့် ဝိတ်အော်ပစ်လိုက်သည်။

''ပန်းချီ မင်းကိုယ်မင်း သိပ်တရားလွန်နေပြီလို့ မထင်ဘူးလား''

''ကို''

နှုတ်ခမ်းလေး တဆတ်ဆတ်တုန်ရင်း သူကို မျက်နှာငယ်လေးနှင့် ကြည့်နေသည့် ရွှေပန်းချီ။ အုပ်ပြည့်နိုင် သနားရ မည့်အစား ဒေါသတွေ ထွက်လို့။

''ပြော မင်းက အဲဒီကောင်နဲ့ ငါ့ကို ဘယ်သူ့ရွေးမှာလဲ။ တစ်ချိန်လုံး အဲဒီကောင်ကိုပဲ ပြုစုယုယနေတယ်။ သူကိစ္စချည်းပဲ လျှောက်လုပ်ပေးနေတယ်။ ငါ့ကို နွားတစ်ကောင်လောက်တောင် သဘောမထားဘူး''

''ကို''

''ငါ့နောက်လိုက်တော့လည်း မယုံမကြည်နဲ့။ သက်သေ စောင့်တွေပါ ပို့ခဲ့သေး။ ကဲ လာ တက်။ ဒီထက်ပိုပြီး အရှက် မကွဲချင် ငါ့နောက်လိုက်ခဲ့''

ကားတံခါးဖွင့်ပြီး အုပ်ပြည့်နိုင် နိုင်ထက်စီးနင်းပြောနေ တော့ ကေရာဇ်က သူထက်လျင်သည်။

မည်သူ့ခွင့်ပြုချက်မှမယူဘဲ ရွှေပန်းချီ့ကိုလက်ဆွဲပြီး ကားထဲ ဆတ်ခနဲထည့်သည်။

''မောင်း ဦးကိုကြီး''

သူကားကလေး ညှို့မှုလွတ်သည့်နှယ်။ အုပ်ပြည့်နိုင်ကမှ ကားပေါ်တက် စက်နှိုးနေရသေးသည်။ ကေရာဇ်တို့ကားက (၅) မိနစ်လောက် အကြာရခဲ့သည်။

(၅) မိနစ်ဆိုမှတော့ (၅) ကမ္ဘာ၊ (၅) အသချေပေါ့ ဘဲကြီးရေ။

တာ့တာပဲ။

ကေရာဇ်အပြီးမျက်နှာနှင့် ရွှေပန်းချီ့လက်ကို ဆုပ်ကိုင် ပြီး သူ့ရင်ဘတ်ပေါ် တင်ထားခဲ့သည်။

ရွှေပန်းချီ့မျက်နှာလေးက မနှံကျည်းရွှက်မျှ။

''နင်တော့ ရာဇဝတ်အိုး တုတ်ခဲ့ထိုးခဲ့ပြီ''

''ဟာ မမ အဲကောင်ကိုယုံသလား။ မရှင်းကတည်းက

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်နိုင်စား၊ ဒီလောက်ဟောက်စားလုပ်နေတဲ့ဘဲကြီးကို ခင်ဗျား ကိုယ့်ဘဝထိုးကျွေးမလို့လား။ ကျုပ် သူနဲ့တော့ လုံးဝ သဘောမတူနိုင်ဘူးဗျာ။ အသေခံပြီးတော့ကိုဖျက်မယ်''

''ငါ သူ့ကို မလွန်ဆန်ရဲဘူး။ ငါတို့နှစ်ယောက် သစ္စာ ဆိုထားခဲ့တယ်။ ငါ သစ္စာစူးလိမ့်မယ်''

မျက်ရည်တွေနှင့် ရွှေပန်းချီ ညည်းတွားတော့ ကေရာဖ် အော်ရယ်ခဲ့သည်။

''သွားစမ်းပါဗျာ။ သစ္စာတွေ၊ မေတ္တာတွေ နားထားလိုက်စမ်းပါ။ ဒီမှာ ဒေါ်ရွှေပန်းချီရဲ့။ လူတစ်ယောက်နဲ့ တစ်ယောက် ဖြူဖြူစင်စင် ချစ်ကြတာ ကောင်းပါတယ်။ သစ္စာရှိတာ ကောင်းပါတယ်။ ဒါပေမဲ့ ချစ်သူဘဝမှာ ရှေးခေတ်က (၃) နှစ် (၃) မိုး လေ့လာခဲ့ကြတာကိုရော ကြားဖူးရဲ့လား''

''အင်း''

''(၃) နှစ်အတွင်း မကောင်းတဲ့အကျင့်စရိုက်တွေ၊ ကာရိုက်တာတွေရှိနေရင် ကိုယ့်ဘဝကိုယ် ကျားစာကျွေးမစစ်ရဘူးဗျာ။ ကဲ အခု ဘွားတော် သူနဲ့ငြိစွန်းခဲ့ပြီလား။ မကင်းမရှင်းတွေ ဖြစ်ခဲ့ပြီလား''

''ဟာ ... ကြံကြံဖန်ဖန်။ ကေရာဖ်နော် နင့်ကိုငါ သတ်မိတော့မယ်''

''ဒါပဲ ဘွားတော်နိုင်တာ ကျွေးပဲ့။ ကျုပ်ပြောချင်တာက တစ်ယောက်နဲ့တစ်ယောက် နှစ်နာမှုတွေလည်းမရှိသေးဘူးဆိုရင် နောက်ဆုတ်သင့် ဆုတ်ရမှာပေါ့ဗျာ။ ဘွားတော်ရဲ့အတွေးအခေါ်တွေ မမိုက်ပါဘူးဗျာ''

ကေရာဖ် စိတ်ဆိုးလွန်းသဖြင့် ဘွားတော်တွေ၊ ကျုပ်တွေနှင့် ရင့်သီးနေသမျှ ရွှေပန်းချီကတော့ ခပ်ငေးငေး။

သူမထံ အုပ်ပြည့်နိုင်ထံမှ ဖုန်းတွေ ဝင်လာ၊ သူကားကတောက်လျောက်လိုက်နေတာ။

ကေရာဖ်က ရွှေပန်းချီ့ဖုန်းကို ပိတ်ပစ်လိုက်ပြီး သွေးခပ်အေးအေး။

''သူက ငါ့ကို သစ္စာဖောက်တို့သွားရာလမ်းဆိုပြီး ရင်ခွဲအသည်းကို အစိမ်းစားချင်နေတာ''

''သူက သိပ်ကောင်းနေရင်တော့ စားပေါ့ဗျာ။ အခုကျ ကျုပ်စုံစမ်းပြီးပြီ။ သူ့အသိုင်းအဝိုင်းရော သူပါ ဘွားတော်ကို နှိပ်ကွပ်ချင်နေကြတာ။ နားထားစမ်းပါဗျာ။ ကေရာဖ်ရှိနေသရွေ့ ဘွားတော်ရဲ့ဘဝကို ဆူးခြစ်ရာတောင် မရှိစေရဘူး''

''နင့်ကိုလည်း ငါက ဘာလို့အားကိုးရမှာလဲဟဲ့''

''ဩော်ဗျာ ... မိန်းမတွေ ဘယ်လောက်ရှုပ်စွန်းယောက်ျားတစ်ယောက်ရဲ့အရိပ်ကိုတော့ ခိုလှုံရတာပါပဲဗျာ''

www.burmeseclassic.com

www.burmeseclassic.com

''တော်စမ်း ကေရာဇ်ရယ် ... ငါ သေချင်နေတယ် သိလား''

''ဘွားတော် မသေနဲ့၊ ကျွန်ုပ်ပဲ သေပေးလိုက်မယ်''

''နင်က တစ်မျိုး''

လောလောဆယ် ရွှေပန်းချို မျက်စိမှိတ်ပြီး လိုက်လာမိခဲ့သည်။ ကေရာဇ် စာဖြေနေသည့်တစ်လျှောက်လုံး သူမပါ ရောပြီး စိတ်ရောကိုယ်ပါ ပင်ပန်းခဲ့သည်မို့။

အခန်း (၂၈)

ဒယ်ဒီရုံးချိန်းမှာ ကေရာဇ်၊ ရွှေပန်းချိနှင့် ဒယ်ဒီမိတ်ဆွေ ၄-၅ ဦး။ နောက် ရှေ့နေကြီး ဦးမြိမ်းအောင်။

မူယာနွယ်စိုးဘက်မှာတော့ သူအပေါင်းအသင်းတွေနှင့် ရှေ့နေ (၂) ဦး။

ရန်သူတွေလို စွပ်စွဲဆက်ဆံနေသည့်အတွက် တရားခံဖြစ်သည့် ဦးအေးကျော်သူနှင့် ကေရာဇ်တို့မှာ ကိုယ်စိတ်နှစ်ပါး ညှိုးချုံးလျက်။

(၁) နှစ်ခွဲသမီးလေးကို ရင်ခွင်မှာပိုက်ပြီး လင်ယောကျ်ားမကောင်းကြောင်း၊ နှိပ်စက်ကြောင်းတွေပြောပြီး မျက်ရည်လည်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည့် မူယာန္တယ်စိုး၏အိုက်တင်က အကယ်ဒမီရွေး။

ကေရာဖိမှာ စာဖြေထားလို့ လူပင်ပန်း စိတ်ပင်ပန်းနေရသည့်ကြားထဲ ဒယ်ဒီကိုသနားလိုက်တာလည်း ဖော်မပြတတ်အောင်။

သည်တစ်ပတ်တော့ သူတို့နောက်သို့ ဒေါ်ထား၊ သက်ချို၊ မယုနှင့် ဦးကိုကြီးတို့ပါ လိုက်မါလာခဲ့ကြသည်။

သူတို့အဖွဲ့ကိုမြင်သည်နှင့် မူယာန္တယ်စိုး မျက်စိမျက်နှာပျက်နေလိုက်တာ ရစရာမရှိ။

ဦးအေးကျော်သူ တရားခံခြေထဲမှာနေရပြီး အမှုရင်ဆိုင်နေရတာမကြည့်ရက်စရာ။ သူက မဖွယ်မရာမြင်ရသောကြောင့် ဒေါ်သအလျောက် ရုန်းရင်းဆန်ခတ်ဖြစ်ရပါသည်ဟု ထုချေသော်လည်း မူယာန္တယ်စိုးနှင့် သန္ဓေရှေ့နေက ကျားစီး ဖားစီး။

သည်စဉ်မှာပင် မခံမရပ်နိုင်သဖြင့် ဦးကိုကြီးနှင့် မယုတို့ ထရပ်ပြီး –

"ဘရားသူကြီးခင်ဗျား ဒေါ်မူယာန္တယ်စိုးနဲ့ အုပ်စိုးဟာ မောင်နှမ မဟုတ်ပါဘူး။ တိတ်တိတ်တိုးပုန်းလင်မယားတွေပါ"

"ဟင် ရှင် ရှင်တို့ ဘာမတရားသက်သေလိုက်တာလဲ"

ဒေါ်မူယာန္တယ်စိုး ဆွေ့ဆွေ့ခုန်နေရပေမယ့် ဦးကိုကြီးနှင့် မယုက အထောက်အထားအပြည့်အစုံနှင့်။ သူတို့ခရီးသွားရင်း

မအေ့ဆေးရုံတက်သည့်ဆိုကာ ချောင်းသာသို့သွားကြပုံ။ သူတို့နှစ်ယောက်တို့ ငွေတစ်သိန်းစီပေးကာ ရွာပြန်လွှတ်ပုံတို့ကို ပြောပြလေ၏။

သက်သေ (၂) ယောက်ထပ်တိုးပြီး အမှုက ရုတ်ချည်း ပြောင်းလဲသွား၏။

ဒေါ်မူယာန္တယ်စိုး အရှုံးမီးခဲနှင်းမိသလိုဖြစ်နေစဉ် ရှေ့မှ (၂) ယောက်၏နောက်မှ သက်ချို မဝံ့မရဲ ထရပ်ပြန်သည်။

ဒေါ်မူယာစိုး အော်လိုက်တာမြှာနေ၏။

"နင် နင်တို့ အာတွေ လီဆယ်ကြဦးမလို့လဲ"

သို့သော် သက်ချိုကို ဦးကိုကြီးနှင့်မယုက အားပေးသလို ကေရာဖိနှင့် ရွှေပန်းချီကလည်း အားကိုးတကြီးကြည့်ရှာ၏။

"ကျွန်မ သူကိုကြောက်လို့ ထိန်ချန်ထားရတာပါ။ အဲဒီနေ့က ကျွန်မ အကုန်မြင်လိုက်ပါတယ်ရှင်"

"ဒေါ်မူယာန္တယ်စိုးနဲ့ အုပ်စိုးတို့"

ဒေါ်မူယာန္တယ်စိုး သတိလက်လွတ်ဖြစ်ရချေပြီ။ သက်ချိုကို ပြေးပြီး ရန်ပြုဖို့ပြင်နေသဖြင့် ရဲများလာပြီး ထိန်းသိမ်းထားရ၏။

"သူတို့နှစ်ယောက်ရဲ့ မဖွယ်မရာပုံစံကို ဦးလေးမြင်ပြီး အော်ကြ၊ ဟစ်ကြ၊ ထွေးလုံးသတ်ပုတ်ကြရင်း အုပ်စိုး သူဘာသာ

www.burmeseclassic.com

www.burmeseclassic.com

အားလွန်ပြီး ဗီရိုစောင်းနဲ့ ခိုက်မိတာပါ''

''အစက ဘာလို့မပြောသလဲ''

''သူကိုကြောက်လို့ပါ။ ခုကျမှ မယုတ်မှအဖော်ရှိလို့ အမှန်အတိုင်းလည်း ဖြစ်စေချင်တယ်။ အစ်ကိုလေးကိုလည်းသနားတယ်။ ကျွန်မတို့ကြောက်နေရင် အမှန်တရားပျောက်ကွယ်သွားမယ်ဆိုပြီး''

နောက်ဆုံးမှာတော့ အမှန်တရားကပဲ အောင်ပွဲခံရမှုယာနွယ်စိုး လီဆယ်သမျှ အားလုံး သဲထဲရေသွန်ဖြစ်ခဲ့ရပေါ့။

မူယာနွယ်စိုး၏ မူယာမာယာတွေက မကယ်နိုင်တော့ပါ။ သူမ ဘယ်လိုပင် မျက်ရည်ကျပြပြ ဘီလူးမင်းဇာတိကို သိသွားပြီမို့ ကျောတစ်ရာ ရင်တစ်ရာ ရိုက်ကာ မြိုင်ရပ်အနှင်ခံရပါချေပြီ။

ကလေးကလည်း ကိုယ့်ကလေးမဟုတ်။ ဦးအေးကျော်သူနောင်တကြီးစွာ ရနေရသည်။ သို့သော် သူတို့ အဆင်ပြေရေးအတွက် တိုက်ခန်းတစ်ခန်းနှင့် ငွေနည်းနည်းပေးလိုက်ပါသေးသည်။

မူယာနွယ်စိုး ကိုယ့်အပြစ်နှင့်ကိုယ် သည်အိမ်မှ လွှင့်ရပါချေပြီ။ မလွှင့်ခင် ရွှေပန်းချီကို ပြောလိုက်၊ ဆိုလိုက်တာလည်း

www.burmeseclassic.com

www.burmeseclassic.com

ရစရာမရှိ။

''နင့်မှာ မိန်းမသိက္ခာ၊ ဆရာမသိက္ခာ ဘာမှမရှိတော့ဘူး။ ကိုယ်အဆောင်ပြေရေးအတွက် ယောကျ်ား (၂) ယောက်ရှိတဲ့အိမ်မှာ ဆက်ပြီးကပ်နေဦးပေါ့။ ငါကတော့ နင့်ကို သူငယ်ချင်းအဖြစ်မှစွန့်လွှတ်လိုက်ပြီ။ နင့်လို နောက်ကျောနဲ့ထိုးတတ်တဲ့ သူငယ်ချင်းမျိုးလည်း မလိုချင်ဘူး''

ရွှေပန်းချီ မျက်ရည်စက်လက်နဲ့ ကျန်ခဲ့ရတာ။ သူမရဲ့ တာဝန်တွေလည်း ပြီးဆုံးသွားပါပြီ။ ဦးအေးကျော်သူ အမှုမှ ကွင်းလုံးကျွတ်လွတ်သလို ဇကာဇ်လည်း စာဖြေပြီးပါပြီ။

ရွှေပန်းချီ သည်အိမ်မှခွာမှဖြစ်မည်။ အန္တရာယ်မှ ရှောငဖို့ကတော့ လိမ္မာပါးနပ်စွာ ကြည့်စီစဉ်ရုံပါပဲ။

ကိုဟာ သူမဘဝအတွက် အတိတ်တစ္ဆေ။

အိပ်မက်ဦးဖို့ စွဲလန်းခဲ့ရပေမယ့် ယခုလက်ရှိဘဝနှင့် ဘယ်လိုမှ မအပ်စပ်တော့သလို။

ကိုကို ရင်ထဲမှ တမ်းတလွမ်းဆွတ်ရပေမယ့် ကိုနှင့်သူမ ဘဝချင်းခြားနေရသည့်နှယ်။

အိမ်မှာ အန်ကယ်ဦးအေးကျော်သူက ဦးကိုကြီး၊ မယ့်နှင့် သက်ချို၊ ဒေါ်ထားတို့အားလုံးကို ပျော်ရွှင်စရာ ပါတီပွဲလေး လုပ်ပေးသည်။ သည်ညပေါ့။

ဦးအေးကျော်သူ အချုပ်ခံရ၊ အုပ်စိုးသေဆုံးကတည်းက အိမ်မှာ ပုဏ္ဏကတိုက်ခံရနေသည်မို့ သည်နေ့ဟာ တိမ်မည်းညို့တွေ လွှမ်ခဲ့ရသည့်ညည်။

ဦးအေးကျော်သူက အားလုံးကို ကျေးဇူးတင်စကားတွေ ဆိုပြီး လက်ဆောင်တွေပေးသည်။ တစ်ယောက်ကို ငွေသား (၁၀) သိန်းဆီ။

''အားလုံး အမှန်တရားဘက်က ပါကြတာမို့ ခုလို စိတ်ချမ်းသာမှုတွေနဲ့ ဆုံစည်းကြရတာပါ။ အားလုံးကို ကျေးဇူးဆပ်၊ အပန်းဖြေတဲ့အနေနဲ့ အန်ကယ်တို့အဖွဲ့ ချောင်းသာကို သွားကြရမယ်''

''ဝေး ဟေး ဟေး''

အားလုံးပင် ပျော်ရွှင်သွားကြပေမယ့် ပျော်ရွှင်သွားကြသူတွေထဲမှာ ရွှေပန်းချီမပါ။

အရိပ်မည်းလိုက်နေသလို သူမ၏ နောက်မှာ အမြဲတစေ အုပ်ပြည့်နိုင် ရှိနေသည်။

ဘယ်လိုမှ ရှောင်လွှဲလို့မရ။

ကိုယ်ဟာ ကေရာဇ်ကို ချစ်နေလို့ သူကိုရှောင်တာမျိုး လည်းမဟုတ်။ သူကိုကြောက်လို့ ထိတ်လန့်နေရတာက သူရဲ့ နာထားစီးရတာထက်ဆိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ဦးက ချစ်သူရေး၊

နေရောင်ခြည်လာလို့ နှင်းကလေးတွေ ပျောက်ကွယ်သွားသလိုပဲ။

တစ်ခါက တို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းလေးဟာ နွေကန္တာရရဲ့ တံလျှပ်တွေလို ပျောက်ကွယ်ခဲ့ရပြီပေါ့ကွယ်။

အိမ်သားအားလုံး ပျော်ရွှင်စွာ စားကြ၊ သောက်ကြ၊ ရယ်မောနေကြပေမယ့် ရွှေပန်းချီ အခန်းထောင့်လေးမှာ ငြိမ်သက်စွာ ထိုင်ရင်း ပြတင်းမှတစ်ဆင့် လောကကြီးကို ငေးရော်နေမိသည်။ မမြင်သောမျက်လုံးများနှင့်ပေါ့။

''မမ''

''ဟင်''

''မပျော်ဘူးလားဗျာ။ ကျွန်တော်တို့ တစ်ဖွဲ့လုံး ချောင်းသာ သွားရမှာလေ။''

''ငါ မလိုက်ချင်ဘူး''

''ဟာဗျာ ... ဘွားတော် ဒါတော့ သက်သက်ဂျစ်တာ။ ကျွန်တော်နဲ့ နှစ်ယောက်တည်းသွားတာမှ မဟုတ်ဘဲဗျာ။ မကြောက်ပါနဲ့''

သူမ အနားကပ်ထိုင်ပြီး သူပြောနေပုံက ရွှဲယိုတူချင်နယ်။ ရွှေပန်းချီ သူ့ကိုမဲ့ပြုရင်း –

''နင့်များ ဘယ်တုန်းကမှ မကြောက်ဘူး။ အိပ်မက်ထဲတောင် မကြောက်ဘူး''

''ဟော ... ပေါ်ပြီ၊ ဘွားတော် ကျွန်တော့်ကို အိပ်မက်ထဲ ထည့်မက်တယ် အိုကေ''

ကေရာဖ်နေရာမှ ထခုန်နေတော့ ဦးအေးကျော်သူ ခေါင်းတည်တည်တိတ်။

''သွားစမ်းပါဟာ၊ ငါ ညစ်နေတယ်သိလား။ သူနဲ့ မပြေလည်ရတဲ့ကြားထဲ''

''စိတ်ချ၊ ဒီလူနဲ့တော့ ဘွားတော်ကို တစ်သက်လုံး သဘောမတူဘူး။ ကိုယ့်ချစ်သူကို ဘယ်သူက ကျားစာကျွေးနိုင်မလဲဗျ''

''အဲ့မယ် ... အဲ့မယ် ... ကြည့်စမ်း''

''အိပ်ချင်ယောင်ဆောင်တဲ့သူ အနှိုးရခက်ပါတယ်ဗျာ။ မမ သဘောကျ စာကိုပဲကြိုးစားရင်း ကျွန်တော့်အချစ်တွေ သိုစုက်သိမ်းဆည်းခဲ့ရတာ။ ခုတော့ မရတော့ဘူး၊ ကျွန်တော် ကျွန်တော်''

ကေရာဖ် ခြေသံ့အကောင်နှစ်ဆယ်လောက်နှင့်သာ ဇက်သတ်လိုက်ချင်ပါရဲ့။ မမကုချစ်စကားပြောရတာမလွယ်။ ယခုလည်း သူ့ကို ငယ်နိုင်မို့ ဟောက်ထည့်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com

များလေ။ တကယ့်ကို ဖီးငုပ်ပါရဲ့။

''ကောရာဇ် ... နင်ဇနော်။ လူကဖြင့် (၁၈) နှစ်တောင် မပြည့်သေးဘူး''

''မသိဘူးဗျာ။ (၁၈) နှစ်လည်း ကျော်ပါပြီဗျ။ ဒယ်ဒီကို စေ့စပ်ကြောင်းလမ်းခိုင်းမယ်။ မမ မယူသေးချင်နေ။ အသက် (၂၀) ပြည့်တော့ လက်ထပ်မယ်ဗျာ''

''ဒုက္ခပါပဲ၊ ငါက ဒံသဂီရိလို မျက်နှာများရမှာလား ကောရာဇ်။ ငါ့မှာ ချစ်သူရှိတယ်လေ။ တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းချင်ပါဘူး ဟာ''

''ရှေးရိုးကြီးအတိုင်း မျက်စိမှိတ်ပြီး ဇွတ်ငြင်းမနေနဲ့ဗျ၊ အခု ဘွားတော်ရဲ့ချစ်သူဆိုတာကြီးက တကယ့်ကို ကျားငစဉ်းလဲ။ ခြင်္သေ့ဆိုးကြီးဖြစ်နေပြီ။ လူတစ်ကိုယ်လုံးမှာလည်း တက်တူးတွေနဲ့ ပွထလို့။ ဆံရှည်ကြီးနဲ့ လူငယ်စတိုင်လ်ပြောရအောင် ကောရာဇ်လည်း လူငယ်ပါဗျ။ အချစ်ခဲ့တွေတော့ တစ်ခါတည်း ဗိုင်းကောင်း ကျောက်ဖိုကို ဖြစ်သွားတာပဲ''

''တော်စမ်းဟယ် ... ပွဲလန့်တုန်း ဗျာခင်းဖို့ စဉ်းစားမနေနဲ့''

''အဲဒီပွဲကို အကကိုမခံနိုင်တာဗျ။ ရှင်းလား။ ဘွားတော် အတွက် မသင့်တော်ရင် ကျွန်တော် အသေခံပြီး ကာကွယ်ရမှာပဲ။

အသက်ကို စတေးရ စတေးရ၊ အရွက်ကို စတေးရ စတေးရ

''ပေးစမ်းဟာ''

''တော်နိုင်ပါဘူး။ ကောရာဇ်က သူလို အားကျောင်နိုင်တဲ့ တစ်ခါမှမစဉ်းစားဘူး။ အခုချက်ချင်းကို မိသားဖသားပီပီ ထောင်းရမ်းပြီး ကမ္ဘာကာဒိအောင် ကြေညှာလိုက်ချင်တာ''

''မွန်နေတုန်းတော့ ပြောမှာပေါ့''

ရွှေပန်းချီ ပြောပစ်လိုက်လျှင် ကောရာဇ်အသွင်က မြွေဟောက်ပါးပျဉ်းထောင်သည့်နယ် ရှုးခန်။

''ဘယ်လို ဘယ်လိုဘွားတော်။ ပြန်ပြောလိုက်စမ်းပါဦး။ ကောရာဇ်တို့ရဲ့နလုံးသားက ကောက်ရိုးမီးမဟုတ်ဘူးဗျ။ ဒီကရီထောင်ကျော်တဲ့ သံမဏိကိုတောင် အရည်ဖျော်ပစ်မယ့် မီး''

''ဒကာ်စမ်းဟယ်၊ ပေါက်တတ်ကရတွေ''

ရွှေပန်းချီ တွန်းထုတ်ပစ်လိုက်တော့ ကောရာဇ်က အိုက်တင်ပိုပိုနှင့် ကြမ်းပြင်ပေါ် လဲချင်ယောင်ဆောင်။

www.burmeseclassic.com

www.burmeseclassic.com

နိဂုံး

''နောက်ဆုံးတော့ အချစ်ကြီးမားသူတို့ပဲ အောင်ပွဲရတာ''

ချောင်းသာကမ်းခြေမှာ ဘောကွင်းကြီးထဲ စံမကိုထည့်၊ သူက ဘောကွင်းအပြင်မှတွယ်စီးလို့။

''ယောက်ျားတစ်ယောက်ရဲ့အရိပ်ဟာ ဘယ်လောက်ကြီးမားတယ်၊ အေးမြတယ်ဆိုတာ ခုတော့ ဘွားတော်သိပြီနော်''

''တော်ပါ အရိပ်ပိစိလေး''

''မပိစိဘူးဗျ၊ အပင်ကြီးမျိုး။ တစ်နှစ် နှစ်နှစ်နဲ့ ဟုန်းခနဲ ကြီးပြီး ဟုန်းခနဲ အရိပ်ရမယ့် ကုက္ကိုပင်''

''ဟင်း ... သစ်ပင်တွေထဲမတော့ ကုက္ကိုပင်လောက် အသုံးမကျတာ မရှိဘူး''

''အသုံးဝင်ပါတယ်ဗျ။ ကုက္ကိုရွက်၊ ကုက္ကိုသီးကို နွားကျွေးရတယ်။ သက်တမ်းရာချီတဲ့ ကုက္ကိုပင်ကြီးတွေဆို ဘယ်လောက်လှလိုက်သလဲ။ ကျက်သရေရှိလိုက်သလဲ။ မမ မမြင်ဘူးသေးလို့ပါဗျာ''

နှစ်ယောက်သား စကားနိုင်လှရင်း ညာတာပါတေးနှင့် ကေရာဇ် ဘောကွင်းထဲသို့ တိုးဝင်လိုက်သည်။ ဘောကွင်းထဲမှာ (၂) ယောက်အတူ။

တရားဝင်စေ့စပ်ကြောင်းလမ်းပြီးပြီလေ။ သည်လောက်တော့ ဘောအတူစီးခွင့်ရှိရမည်။

ကေရာဇ်က မိသားဖသားပီပီ မမရဲ့မိဘတွေဆီမှာ အပြေးအလွှား သွားတောင်းပြီး စေ့စပ်ကြောင်းလမ်းခြင်းကို သတင်းစာထဲ အမြန်ဆုံးထည့်ပစ်လိုက်တော့ အုပ်ပြည့်နိုင်ရဲ့ရန်မှ အော်တိုကင်းသွားရပေပြီ။

ဒါကြောင့် သူ မမကို စကားနှင့်အနိုင်ပြောနေတာ၊ သူ အရိပ်မိုးပေးလိုက်တော့ အုပ်ပြည့်နိုင်ရဲ့ရန်မှ ကင်းလွတ်သွားခဲ့ပြီ မဟုတ်ပါလား။

''ကေရာဇ်နော် ... နင့်ဘာသာ ဘောသတ်သတ်

www.burmeseclassic.com

www.burmeseclassic.com

စီးပါလား။ ငါ့ဘော လာမရှုပ်နဲ့''

''ဟောဗျာ၊ ကျွန်တော့်ချစ်ဇနီးလောင်းလေးကို ရာနှုန်းပြည့် စောင့်ရှောက်ရမှာ သမိုင်းပေးတာဝန် ဖြစ်သွားပြီလေဗျာ။ ခုမှတော့ တိုထွာမနေပါနဲ့တော့''

''တိုရမှာပဲ။ စေ့စပ်တယ်ဆိုတာ လက်ထပ်တာမှမဟုတ်သေးတာ။ တချို့တွေကြည့်ပါလား။ စေ့စပ်ပြီးရုံနဲ့ ဂိတ်ဆုံးထိနေကြတော့ မယူလည်းမယူဖြစ်ရော ဒုက္ခတွေများ ကျန်ခဲ့ရော''

''အဲဒီလိုအစားထဲမှာ ဖောရာဖ်မပါပါဘူးဗျာ။ ကဲဗျာ ဒီလောက်တောင် လူကို သက်သာမကင်းဖြစ်နေရင်လည်း တစ်ခါတည်း လက်ထပ်လိုက်မယ်''

''အို ဘယ်ဖြစ်မလဲ။ နင်က ငယ်ငယ်လေး''

''မငယ်ပါဘူးဗျာ။ ရှေးက ဘုရားလောင်းသိဒ္ဓတ္ထမင်းသားတောင် (၁၆) နှစ်နဲ့ မိန်းမယူ ဘိုယ်က်ခံသေးတာပဲ''

''ဟဲ့ ... ဟိုက အတုမရှိတဲ့ ဘုရားရှင်။ မတူတာတွေသွားနှိုင်းပြီး နင်တော့ ဝမ်းတော်လားနေဦးမယ်''

''အဲဟဲ့ ... ပြောပြတာပါ။ ကဲပါ မမရယ် ကျွန်တော် မမကို နှစ်နာအောင် ဘာမှမလုပ်ပါဘူးတဲ့။ ကဲ ... ကျေနပ်ပြီလား''

''အင်း''

ရေစိုစိုနှင့် သိပ်လှနေသည့် ရွှေပန်းချီကိုကြည့်ပြီး ကောရာဖ်ရင်တွေ တဒိုင်းဒိုင်း ခုန်ရော။ သူက ပုထုဇဉ်ပဲလေ။ ဘုရားရဟန္တာမှ မဟုတ်တာ။

မမက ဝတ်စုံပြည့်နှင့် ရေထဲဆင်းတာပါ။

ရေစိုကိုယ်လုံးက ကဲ့မွှာကျော်ကျောက်ဆစ်။

အချစ်ဟာ ဖြူစင်တယ်လို့ ကြွေးကြော်နေခဲ့ရသူကြီးမှာ ယခုတော့ ငလျင်ဗဟိုချက်ထဲ ရောက်နေပြီ။

''မမ''

''ဘာတုံး၊ ငါ့ တော်ပြီဟာ၊ ချမ်းတယ်''

''နေပါဦး မမရဲ့ ... ပင်လယ်ရောက်တုန်း လိုင်းစီးရတာ''

''ပင်လယ်ရေစိမ်လွန်းအားကြီးရင် အသားမည်းတယ်''

''မည်းလည်းချစ်တယ်၊ ဖြူလည်းချစ်တယ်။ ဖြူဖြူမည်းမည်း နှုနှုဝဲဝဲ၊ ကျိုးကျိုးကန်းကန်း''

''တော်စမ်းဟာ မွှန်တုန်းပြောနေတာ။ နင်တို့ယောကျ်ားတွေ အားလုံးကောက်ရိုးမီး''

''ကောက်ရိုးမီး မဟုတ်ပါဘူးဆို၊ မမနော်''

ရေထဲမှာ မမကို စိတ်ဆိုးသလိုလိုနှင့် ဖက်ပစ်ခဲ့ကောရာဖ်တစ်ယောက် မျက်ဖြူဆိုက်လေ ဆရာကြီးကလေ။

www.burmeseclassic.com

www.burmeseclassic.com

ရွှေပန်းချီကလည်း စိတ်ဆိုးမာန်ဆိုးနှင့် သူကို တွန်းပစ်ခဲ့ပြီး သောင်ပြင်ပေါ် တက်ပြေးခဲ့တာ။

"တော်ပြီ ... ငါတော့ မြန်မြန်လက်ထပ်ရမယ့်ပုံပေါက်နေပြီ။ လူပျိုလက် ဝက်မြီးထက်ဆိုးတယ်။ သူကဲ့ပုံနဲ့ မလွယ်ဘူး။ အပျော်ဆွဲရော၊ အနုရော အကြမ်းရော ဘယ်လိုရှောင်ရမှန်းကို မသိတဲ့ အနီးကပ်ရန်သူကြီး"

ရှေ့မှ မကျေမနပ်နှင့် ရွှေပန်းချီ တပွစိစိပြောသွားတော့ နောက်မှ ဦးထုပ်အတင်းလိုက်ဆောင်းပေးရင်း မမလုက်ကိုဆွဲထားသည့် ကောရာဇာအသွင်က ပြုံးပြုံးကြီးနှင့်။

"မမတောင် အမြင်မှန်ရလာပြီ။ (၁၈) နှစ်ကျော်လို့ (၁၉) ထဲ တစ်ဝက်ရောက်နေပါပြီဗျာ။ အနီးကပ်ရန်သူကို မြန်မြန်သာ ချေမှုန်းပစ်လိုက်စမ်းပါ အိုကေ"

"ပင်လယ်ထဲနေလည်းမလွတ်၊ ကုန်းပေါ်တက်ပြေးလည်း မလွတ်၊ နင် ငါ့ကို ဘယ်တော့မှ ချမ်းသာမပေးတော့ဘူးလား ကောရာဇာရယ်"

"မပေးတော့ဘူး၊ ကျွန်တော့်ရင်ထဲမှာ ဘွားတော်ကို မြတ်နိုးတဲ့အချစ်တွေပဲ ပြည့်ဝနေတယ်။ Sex မပါဘူးနော်။ သန့်သန့်လေး သန့်သန့်လေးချစ်မှာဗျ"

"တော်သေးတာပေါ့။ နင် ပင်လယ်ရေစိမ်ဦးလေ။ ငါ

ရေချိုပြန်ချိုးမလို့"

"ဆင်မလေးသွားရာ ဆင်ပြောင်ကြီးပါရမှာပေါ့။ တော်ပြီ ပင်လယ်ရေစိမ်ဖို့ထက် မမအနားမှာ နေရဖို့က ဝိုင်းအရေးကြီးပါတယ်ဗျာ။ တောက် ဒယ်ဒီကလည်း ကပ်စေးနဲလိုက်တာ"

"ဘာတုံး"

"ဩော် ... လူတစ်ပြုံကြီးကို ဘန်ဂလိုတစ်ခုထဲ ငှားထားတော့ အလူးအိမ်ရောက်နေရသလိုကြီး"

"ကောင်းတာပေါ့၊ လူများတော့ နင် မကဲရဲတော့ဘူးပေါ့"

နှစ်ယောက်သား ဆွဲရင်းလွှဲရင်းနှင့် ဘန်ဂလို ပြန်ရောက်တော့ သူပြောသည့်အတိုင်း ဘန်ဂလိုမှာ ဒေါ်ထားနှင့်မယုက ပြန်ရောက်နေပြီးသား။ ကောရာဇာ ရန်လုပ်ပစ်လိုက်သည်ပါပဲ။

"ချောင်းသာလာပြီး ပင်လယ်ရေမစိမ်ဘဲ သူများအတွဲလိုက်ချောင်းနေကြတယ်။ ရွှတ်လိုက်ကြတာဗျာ"

ဒေါ်ထားနှင့်မယုက ရယ်ရင်း မောရင်း –

"မရွတ်ပါနဲ့ အစ်ကိုလေးရယ်။ လက်မထပ်ခင် ဘရိတ်ပိအောင် ဆရာက စီစဉ်ထားတာပါ။ သူသားလူဆိုးကို အေးပွတ်မပေးနဲ့တဲ့"

"ဟင်း လုပ်ကြပေါ့ဗျာ။ ခင်များတို့လေတ်ကိုး"

www.burmeseclassic.com

www.burmeseclassic.com

"စိတ်တွေတိုမနေပါနဲ့ အစ်ကိုလေးရယ်။ ပျော်ပျော်ပါးပါး သန့်သန့်ရှင်းရှင်းပေါ့။ ကဲ ... ရေချိုး ရေချိုး။ ဒီမှာ ဒေါ်ထားတို့ စားသောက်စရာတွေ ပြင်ဆင်ထားမယ်။ ဟော ဟိုမှာ ဆရာတို့ အဖွဲ့တွေ ပြန်လာကြပြီ"

ကေရာဖ် လှမ်းကြည့်လိုက်တော့ ကိုးရိုးကားရား ဒီဇိုင်းတွေနဲ့ ဒယ်ဒီတို့အဖွဲ့ ဘန်ဂလိုနားသို့ပင် ရောက်လာကြပေပြီ။

စိတ်ပျက် လက်ပျက်ပုံနဲ့ ရွှေပန်းချီကိုလှမ်းကြည့်လိုက်သည်။ ကေရာဖ်စတိုင်လ်လေးက ချစ်စရာကောင်းနေသဖြင့် ရွှေပန်းချီကတော့ ပါးစပ်လှလှလေး ပိတ်ကာ တသုန်သုန် ရယ်မောလျက်ပါလေ။

ရွှင်လန်းချမ်းမြေ့ကြပါစေ
ကြယ်စင်မှုံးဝေ
၁၅-၁၂-၂၀၁၆

၂၀၁၇ မတ်
တွင် ဖတ်နိုင်ပါပြီ...

မမသန့်ဦးမောင်

ဆုံနိုင်ခွင့်သာ ရှိခဲ့လျှင်

ကြယ်စင်မှုံးဝေ

အိပ်မက်ဦးမို့ လွမ်းဆယ်နေ

မိုးစက်ပွင့်

အလင်းတော်လမင်းရဲ့ချစ်ခြင်း

လွှဲခြင်းကြာဖြူ

ဆူးစူးတဲ့လယ်ပျဉ်

www.burmeseclassic.com